ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 29 September 2017 (၉၀၆၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဒုတိယသမ္မတက ယခုပြုလုပ်သည့်အစည်းအဝေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၁၇ ဖြင့် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းများကို စနစ်တကျ တာဝန်ခွဲဝေဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ထပ်မံဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ကထိန်သင်္ကန်း ကပ်လှူရန် ဘုရားရှင်က ဝိနည်းတော် ပညတ်ပေးထားရာတွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှသည် တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလအတွင်း ကျင်းပပြုလုပ်ရန် ကန့်သတ်ထားသည့်အတွက် ကထိန်သင်္ကန်းအလှူခံယူမည့်ကျောင်းတိုက်သည် ယခုတစ်လအတွင်း တစ်ကြိမ်သာ ကျင်းပပြုလုပ်ရန်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မောင်တောဒေသရှိ နစ်နာသူအုပ်စုများနှင့် တွေ့ဆုံ
စာမျက်နှာ - ၅

ဂျပန်၌ ရွှေကောက်ပွဲတော်၏ ကျင်းပနိုင်ရေး ဝန်ကြီးချုပ်အာဘေး အောက်လွှတ်တော်ကို ဖျက်သိမ်း
စာမျက်နှာ - ၄

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်နစ်နာစေသည့် အကြမ်းဖက်လုပ်ရပ်ကို ဘာသာတရားအသီးသီးက ခွင့်ပြုထားခြင်းမရှိ၍ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏လုပ်ရပ်များသည် ဘာသာရေးနှင့်ပတ်သက်ခြင်းမရှိ

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သဘောထားကြေညာချက် ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၈

၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့်စပ်လျဉ်း၍ သဘောထားကြေညာချက်ကို ဘာသာပေါင်းစုံ ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)မှ စက်တင်ဘာ ၂၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကို ဟန့်တားဆောင်ရွက်နေမှုအခြေအနေနှင့် တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်ရေးကြိုးပမ်းဆောင်ရွက်နေမှုများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် သံတမန်များကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ ထိုသို့ ရှင်းလင်းပြောကြားရာတွင် အကြမ်းဖက်မှုများကြောင့် ထိခိုက်နစ်နာရသူများ အားလုံးအတွက် အထူးစိတ်မကောင်းဖြစ်ရကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဥပဒေနှင့်ဆန့်ကျင်သော အကြမ်းဖက်မှုများအားလုံးကို ရှုတ်ချကြောင်း၊ တည်ဆဲဥပဒေများအရ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

မမှန်စွပ်စွဲမှုကို မှန်ကန်မှုဖြင့်တုံ့ပြန်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပြောကြားမှုအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ဂျီးရီးယား၊ ပြင်သစ်၊ တူရကီ၊ အာဖဂန်နစ္စတန်၊ ယူအေအီး၊ မလေးရှား၊ မော်လ်ဒိုက်၊ ချက်နိုင်ငံတို့က မြန်မာနိုင်ငံနှင့်ပတ်သက်၍ "ရက်စက်ကြမ်းကြုတ်ခြင်း (atrocities)"၊ "မျိုးနွယ်စုအားသုတ်သင်ရှင်းလင်းခြင်း (ethnic cleansing)" စသည်ဖြင့် မှန်ကန်မှုမရှိသည့် စွပ်စွဲပြောကြားမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားမှုနှင့်ပတ်သက်၍ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပြောကြားပွဲ၏ နောက်ဆုံးနေ့ စက်တင်ဘာ ၂၅ ရက်တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ရခိုင်ပြည်နယ်အခြေအနေကို "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း (ethnic cleansing)" အဖြစ် အခြေအမြစ်မရှိဘဲ ထပ်တလဲလဲ စွပ်စွဲပြောကြားနေသည်မှာ အလွန်စိတ်မကောင်းဖွယ်ဖြစ်ကြောင်း၊ "ရက်စက်ကြမ်းကြုတ်ခြင်း (atrocities)"၊ "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း (ethnic cleansing)"၊ "လူမျိုးသုဉ်းသတ်ဖြတ်ခြင်း(genocide)" စသည့် အသုံးအနှုန်းများကို ပေါ့ပေါ့တန်တန် အသုံးမပြုသင့်ကြောင်း၊ ခိုင်မာသည့် သက်သေအထောက်အထားရှိမှသာ ယင်းစကားလုံးများကို သုံးနှုန်းရန် စဉ်းစားသင့်ပါကြောင်း၊ အချို့သော ကိုယ်စားလှယ်အဖွဲ့များက မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ "ရက်စက်ကြမ်းကြုတ်ခြင်း"၊ "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း" စသည့် အသုံးအနှုန်းများကို သုံးနှုန်း၍ ကိုးကားဖော်ပြနေခြင်းကို မြန်မာနိုင်ငံအနေဖြင့် အပြင်းအထန်ကန့်ကွက်ကြောင်း၊ အဆိုပါ ကိုယ်စားလှယ်အဖွဲ့များနှင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျနှင့် ဘက်လိုက်မှုမရှိဘဲ ရှုမြင်ကြရန် တိုက်တွန်းပါကြောင်း ပြန်လည်တုံ့ပြန်ချေပ ပြောကြားခဲ့သည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံ၌ မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်းမရှိသလို လူမျိုးသုဉ်းသတ်ဖြတ်မှုလည်းမရှိချေ။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ထိုသို့စွပ်စွဲပြောကြားရန် အခြေအနေတစ်ရပ် ပေါ်ပေါက်လာအောင် တမင်ပုံဖော်ဖန်တီးခဲ့ခြင်းသာဖြစ်သည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာထုတ်ပြန်ပြီး နာရီပိုင်းအတွင်း ဩဂုတ် ၂၅ ရက် နံနက်အစောပိုင်းမှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးကင်းစခန်း ၃၀ ကျော်ကို တစ်ပြိုင်တည်း အကွက်ကျကျ စီစဉ်တိုက်ခိုက်ခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ လက်ချက်ဖြစ်သည်ကို မျက်ကွယ်ပြုထားပြီး တမင်စွပ်စွဲပြောကြားမှုများကို အပြင်းအထန် ကန့်ကွက်ရှုတ်ချရမည်သာဖြစ်သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လူမဆန်သော အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် မူဆလင်များ၊ ရခိုင်တိုင်းရင်းသားများသာမက ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးကဲ့သို့သော တိုင်းရင်းသားလူနည်းစုများနှင့် ဟိန္ဒူဘာသာဝင်များလည်း အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရပြီး ၎င်းတို့၏နေရင်းအရပ်များမှ ဘေးလွတ်ရာသို့ စွန့်ခွာထွက်ပြေးခဲ့ကြရသည်မှာ အမြောက်အမြားရှိနေသည်ကို ထိမ်ချန်ပြီး တစ်ဖက်သတ်စွပ်စွဲပြောကြားနေကြသည်မှာ ရိုးသားမှုမရှိသည့်အပြင် တရားမျှတခြင်းလည်းမရှိချေ။

အမှန်တကယ်တွင် အဆိုပါနိုင်ငံအချို့၏ စွပ်စွဲပြောကြားချက်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၏ ပကတိအခြေအနေမှန်ကိုသွေဖည်၍ ပြောင်းပြန်ပြောဆိုချက်များသာဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၎င်းတို့ ရပ်တည်ပြောကြားနေသောသူများမှာ ထိုဒေသ၏ ၉၅ ရာခိုင်နှုန်းမျှရှိနေသော လူများစုသာဖြစ်ပြီး လူနည်းစု ငါးရာခိုင်နှုန်းခန့်သာရှိသော ဒေသခံနှင့် တိုင်းရင်းသားများအား ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်ခြင်းသည်သာ "ရက်စက်ကြမ်းကြုတ်ခြင်း (atrocities)"၊ "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း (ethnic cleansing)" ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအစိုးရအနေဖြင့် ထိုအရပ်ရှိ လူသားအားလုံးအား လူသားဆန်ဆန် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး မမှန်မကန်စွပ်စွဲပြောကြားမှုများကို တုံ့ပြန်ချေပ ရှုတ်ချရမည်သာဖြစ်သည်။ ။

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသခံများနှင့် ဆွေးနွေးပွဲ ကျင်းပ

ပန်းတောင်း စက်တင်ဘာ ၂၈

ပန်းတောင်းမြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ဒေသခံပြည်သူများနှင့် ဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က မြောင်ရှည်ကျေးရွာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က BLOCKEP4 ကုန်းတွင်းရေနံရှာဖွေရေးလုပ်ကွက် တိုင်းတာရေးလုပ်ငန်းများကို ရှင်းလင်းခဲ့ကြပြီး ဒေသခံများ၏ မေးမြန်းချက်ကို ဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပချေးငွေဖြင့် ဆောင်ရွက်ဆဲစီမံကိန်း ၁၁ ခုနှင့် ထောက်ပံ့ငွေဖြင့် ၁၀၁ ခု ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ပချေးငွေ/ထောက်ပံ့ငွေများဖြင့် စိုက်ပျိုးရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ပြည်ပချေးငွေဖြင့် ဆောင်ရွက်ဆဲစီမံကိန်း ၁၁ ခုနှင့် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ဆဲစီမံကိန်း ၁၀၁ ခု ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ARDSCG) ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ARDSCG ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနေသကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်ပချေးငွေ/ထောက်ပံ့ငွေများကို ထိရောက်စွာ စီမံခန့်ခွဲပံ့ပိုးပေးနိုင်ရန်နှင့် ကဏ္ဍအလိုက် ကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများက အကြံပြုဆွေးနွေးရန် တိုက်တွန်းခဲ့သည်။

တက်ရောက်လာသူများက ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စု အစိုးရအဖွဲ့သည် နိုင်ငံတကာမှ ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများ ထိရောက်စွာအကျိုးရှိစေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေး၊ ထိရောက်စွာအသုံးပြုနိုင်ရေးတို့အတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့(DACU)ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)
ဓာတ်ပုံ-ဝင်းအောင် (စိုက်ပျိုးရေး)

မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေး

မင်းတပ် စက်တင်ဘာ ၂၈

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၌ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းနှင့် ယာဉ်လိုင်စင်သက်တမ်းတိုးခြင်းတို့ကို စရိတ်သက်သာစေရန်အတွက် ပခုက္ကူခရိုင်ရုံးရှိ(ကညန)ရုံးနှင့် အာမခံဦးစီးဌာနရုံးတို့ ပူးပေါင်း၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်(ရွှေဈေး) ၉၃၀၂၀၀ - ၉၃၀၂၀၀ မန္တလေး(ရွှေဈေး) ၉၃၀၂၀၀ - ၉၃၀၂၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၇၁၀/၇၃၀ ကျပ်၊	၇၅၀/၇၆၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၆၀/၇၇၅ ကျပ်၊	၈၀၀/၈၈၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၂၀/၇၄၀ ကျပ်၊	၇၈၀/၇၉၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၂၅/၇၅၀ ကျပ်၊	၇၇၀/၇၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၉၀/၆၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၀. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၀၄. ၀
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၄. ၈၂
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၀. ၉၂၇
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၃. ၃၁
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၀. ၇၇၆
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၁၁. ၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၉. ၄၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၇၂. ၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၃. ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊
ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်
ဦးသက်ဇေယျ၊ ဒေါ်သီသီမင်း
အထူးတန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊
ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ

themirror.npt@gmail.com
www.facebook.com/themirrordaily

✻ ရှေ့ဖုံးမှ

ဝိနည်းတော်သတ်မှတ်ထားကြောင်း၊ တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ တစ်ကြိမ်သာ လှူဒါန်းခွင့်ရသည့် ကာလဒါနအလှူဖြစ်သည့်အတွက် မွန်မြတ်သည့်အလှူတော်ဖြစ်ပါကြောင်း။

ယခုပြုလုပ်သည့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် စနစ်တကျကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်ကျင်းပပြုလုပ်နေသည့် အခမ်းအနားဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုကို အခြေခံ၍ လစ်ဟင်းချွတ်ချော်မှုများမရှိအောင် ကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူကြမည့် ဆရာတော်ကြီးများ တည်းခိုနေထိုင်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ကျောင်းဆောင်များကို ရေ၊ မီး၊ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် သက်ဆိုင်ရာကော်မတီများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆွမ်းနှင့် အစားအသောက်များချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခမ်းအနားကို စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့်အကြံဉာဏ်များ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆပ်ကော်မတီများဖွဲ့စည်းထားမှု၊ သံဃာတော်များ ပင့်ဆောင်မည့်အစီအစဉ်နှင့် သီတင်းသုံးမည့်အစီအစဉ်၊ အခြားဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုနှင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ သံဃာတော်များပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ၊ ပဒေသာပင်များ စီစဉ်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော် မြတ်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဗိုလ်ချုပ်အောင်စိုး၊ ဒေါက်တာထွန်းနိုင်နှင့် ဦးမောင်မောင်ဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၈

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဦးကျော်တင်သည် နယူးယောက်မြို့တွင် ရှိနေစဉ်အတွင်း စက်တင်ဘာ ၁၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ အင်ဒိုနီးရှားနိုင်ငံနှင့် နော်ဝေနိုင်ငံတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများနှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု၏အခန်းကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွေ့အကြုံများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

စက်တင်ဘာ ၁၉ ရက်တွင် ဒုတိယဝန်ကြီးသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအရင်းအမြစ် လုပ်ငန်းအစီအစဉ်များဆိုင်ရာ နိုင်ငံတကာဆယ်စုနှစ် ၂၀၁၈-၂၀၂၈ အကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်သည့် စာချွန်လွှာနှင့် ကျိုတိုအခြေပြစာချုပ်၏ ဒိုဟာပြင်ဆင်ချက်ကို မြန်မာနိုင်ငံမှ လက်ခံအတည်ပြုသည့် စာချွန်လွှာတို့ကို ကုလသမဂ္ဂဌာနချုပ် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများဌာနခွဲ၏ အကြီးအကဲထံ အပ်နှံခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၀ ရက်တွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mark Field နှင့် တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် ဖြစ်ရပ်မှန်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ စက်တင်ဘာ ၂၁ ရက်တွင် ဒုတိယဝန်ကြီးသည် ကိုလံဘီယာ နိုင်ငံခြားရေးဝန်ကြီး Mrs. Maria Angela Holguin Cuellar နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးမှုယန္တရားတည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် ဒုတိယဝန်ကြီးသည် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (Asia Cooperation Dialogue-ACD)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၂ ရက်တွင် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီး Mr. Ander s Samuelsen၊ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Annika Soder နှင့် ဥရောပသမဂ္ဂ နိုင်ငံခြားဆက်ဆံရေးဌာန ဒုတိယအတွင်းရေးမှူးချုပ် Mr. Jean-Christophe Belliard တို့အား သီးခြားစီတွေ့ဆုံ၍ ရခိုင်ပြည်နယ်ကိစ္စ ဖြစ်ရပ်မှန်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် ဖြစ်ရပ်မှန်အခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးအတွက် ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ စတင်ဆောင်ရွက်နေမှု အခြေအနေများကို အသိပေးပြောကြားခဲ့ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည့် အသိုက်အဝန်းအားလုံးမှ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် ယင်းအလွတ်သဘောအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အစီအစဉ်တွင် အာဆီယံနိုင်ငံများမှ ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် အာဆီယံအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မည့် ASEAN My World Survey စီမံချက်စတင်သည့် အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အုပ်ချုပ်ရေးမှူး Mr.Achim Steiner တို့နှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါနေ့ ညနေပိုင်းတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသဘာပတိတို့ တွေ့ဆုံသည့် အာဆီယံ-ကုလသမဂ္ဂ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ဒုတိယဝန်ကြီးက အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဘာသာရပ်အောက်၌ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများနှင့် လူနည်းစုတိုင်းရင်းသားများပါ ထွက်ပြေးတိမ်းရှောင်နေကြရသည့် အခြေအနေများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Alan Peter Cayetano က တည်ခင်းသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းညစာစားပွဲအပြီးတွင် အာဆီယံအလှည့်ကျသဘာပတိ၏ ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ရခိုင်ပြည်နယ်အခြေအနေမှာ အသိုင်းအဝိုင်းနှစ်ခုကြား ဖြစ်ပေါ်နေသည့် ရှုပ်ထွေးသိမ်မွေ့သောပြဿနာရပ်တစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြပြီး မြန်မာနိုင်ငံမှ နိုင်ငံတကာ ကြက်ခြေနီလှုပ်ရှားမှုနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အစီအစဉ်တွင် အာဆီယံနိုင်ငံများမှ ကူညီပံ့ပိုးပေးကြရန်နှင့် အာဆီယံ လူသားချင်းစာနာထောက်ထားရေး အကူအညီပေးရေး ညှိနှိုင်းရေးဗဟိုဌာန (AHA Center) နှင့် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၅ ရက်တွင် Asia Society Policy Institute ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Debra Eisenman အား မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှု အခြေအနေနှင့် ရခိုင်ပြည်နယ်ကိစ္စ ဖြစ်ရပ်မှန်အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် ယင်းနေ့တွင် ဒုတိယဝန်ကြီးသည် နယူးယောက်မြို့မြန်မာအဖွဲ့ရုံး၌ ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် ရောက်ရှိနေကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာကော်မတီအလိုက် ဆွေးနွေးမည့် ဘာသာရပ်အစီအစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

(သတင်းစဉ်)

■



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်သည့် စာချွန်လွှာနှင့် ကျိုတိုအခြေပြစာချုပ်၏ ဒိုဟာပြင်ဆင်ချက်ကို မြန်မာနိုင်ငံမှ လက်ခံအတည်ပြုသည့်စာချွန်လွှာတို့ကို ကုလသမဂ္ဂဌာနချုပ် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများဌာနခွဲ၏ အကြီးအကဲထံ အပ်နှံစဉ်။

❖ ပြည်သူများ၏မှ

အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံရေး ယုံကြည်မှုများကြောင့် အကွဲကွဲအပြားပြား ဖြစ်နေသည့်နိုင်ငံ မဖြစ်စေလိုကြောင်း၊ မတူကွဲပြားမှုများကိုအခြေပြု၍ စုစည်းညီညွတ်စွာဖြင့် အခွင့်အရေးများကို အတူတကွ ခံစားခွင့်၊ ဘဝကို မိမိတို့ယုံကြည်မှုနှင့်အတူ လျှောက်လှမ်းခွင့်ရှိသောနိုင်ငံအဖြစ် ပြည်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)သည် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်သူများကြောင့် သေဆုံးခဲ့ရသော အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းရပြီး နေရပ်စွန့်ခွာနေကြရသူများအားလုံးအတွက်လည်း စိတ်မကောင်းဖြစ်ရပါသည်။ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့ကို အပြင်းအထန် ဆန့်ကျင်ရှုတ်ချပါသည်။ ထိုသို့ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်နစ်နာစေသည့် အကြမ်းဖက်လုပ်ရပ်ကို ဘာသာတရားအသီးသီးက ခွင့်ပြုထားခြင်းမရှိကြပါ။ ထို့ကြောင့် ၎င်းတို့လုပ်ရပ်သည် ဘာသာရေးနှင့်ပတ်သက်ခြင်းမရှိဟု အလေးအနက်ခံယူပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ခွန်းနှင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အပြည့်အဝထောက်ခံကြိုဆို၍ ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သဘောထား ထုတ်ပြန်ကြေညာပါသည်။

(သတင်းစဉ်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ရေး ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် ပေါက်ကုန်းရပ်ကွက် သီတာလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး ၅. ၅ ကေဗွီဓာတ်အားလိုင်း ပေ ၇၀၀၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၅၀၀ အား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မင်္ဂလာဒုံမြို့နယ် လျှပ်စစ်မန်နေဂျာရုံး တာဝန်ရှိသူများက စက်တင်ဘာ ၂၆ ရက်တွင် ဓာတ်အားဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဖြန့်ဖြူးခြင်းကြောင့် ယခင်ဝန်အားပြည့်နေသော ရပ်ကွက်အတွင်းရှိ ထရန်စဖော်မာမှာ ဝန်အားလျော့သွားပြီး ဗို့အားမပြည့်သောလမ်းများတွင် ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ဌေးကြိုင်)**

ဂျပန်၌ ရွေးကောက်ပွဲစော၍ကျင်းပနိုင်ရေး ဝန်ကြီးချုပ်အာဘေး အောက်လွှတ်တော်ကို ဖျက်သိမ်း

တိုကျို စက်တင်ဘာ ၂၈

ဂျပန်နိုင်ငံ၌ ရွေးကောက်ပွဲကို တစ်နှစ်စော၍ကျင်းပနိုင်ရေးအတွက် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အောက်လွှတ်တော်ကို စက်တင်ဘာ ၂၈ ရက်တွင် ဖျက်သိမ်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ၌ ရေပန်းစားလာသော နိုင်ငံရေးပါတီသစ်၏ စိန်ခေါ်မှုအား ရင်ဆိုင်နိုင်ရေးအတွက် ဝန်ကြီးချုပ်အာဘေးက နိုင်ငံရေးအာဏာကို ဆက်လက်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းသည့်လက္ခဏာများကို တွေ့မြင်လာရကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲကို တစ်နှစ်စော၍ခေါ်ယူခြင်းဖြစ်သည်။

တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို ကိုအိကေးသည် ရွေးကောက်ပွဲခေါ်ယူရန် ရှိနေစဉ်မှာပင် မျှော်လင့်ချက်ပါတီအမည်ရှိ နိုင်ငံရေးပါတီသစ်ကိုထူထောင်ကြောင်း ကြေညာလိုက်ပြီဖြစ်သည်။

အမျိုးသမီးတစ်ဦး ဦးဆောင်သည့် ယင်းပါတီသစ်မှာ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ပါတီဖြစ်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သွားမည်ဟု ကြွေးကြော်ထားသည်။

ထိုစဉ်အတွင်း အကြီးဆုံးအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီက ယင်း၏ကိုယ်စားလှယ်လောင်းများ အနေဖြင့် ကိုအိကေး၏ မျှော်လင့်ချက်ပါတီအမည်ဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် လမ်းဖွင့်ပေးမည်ဟု ထုတ်ဖော်ပြောကြားသည်။

ဝန်ကြီးချုပ်အာဘေးမှာ မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ ၎င်း၏ကိုင်တွယ်ဆောင်ရွက်ပုံကို ပြည်သူများ ထောက်ခံကြရာမှ မဲဆန္ဒရှင်ပြည်သူများ၏ အားပေးမှုကို ပြန်လည်ရရှိလာချိန်ဖြစ်ပြီး လာမည့်ရွေးကောက်ပွဲ၌ ၎င်း၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ) ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ပါလီမန်တွင် အမတ်အများစု အနေအထားရရှိထားမှုကို ဆက်လက်ထိန်းထားနိုင်မည်ဟု မျှော်လင့်ရသည်။

ရိုက်တာ။



နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)၌ ပါလက်စတိုင်း တင်းပြည့်အဖွဲ့ဝင်ဖြစ်လာ

ပေကျင်း စက်တင်ဘာ ၂၈

နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)သည် ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပေးရန် မဲပေးဆုံးဖြတ်လိုက်ကြောင်း၊ အင်တာပိုလ်တွင် ယင်းကဲ့သို့ ဝင်ရောက်ခွင့်ရရှိခြင်းဖြင့် နိုင်ငံထူထောင်ရေး ရည်မှန်းချက်အတိုင်း ပါလက်စတိုင်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ရပ်ဖြစ်စေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်တာပိုလ် အဖွဲ့ဝင်အဖြစ် ပါလက်စတိုင်းအား လက်ခံခြင်းသည် အစ္စရေးနိုင်ငံအတွက် သံတမန်ရေးအရ ထိုးနှက်ခံရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် ပါလက်စတိုင်းပါဝင်ခြင်းကို အစ္စရေးနိုင်ငံက တစိုက်မတ်မတ် ဆန့်ကျင်နေခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ပေကျင်း၌ စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသော (၈၆)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံတွင် စက်တင်ဘာ ၂၇ ရက်က မဲပေးဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၇၅ မဲ၊ ကန့်ကွက်မဲ ၂၄ မဲ၊ ကြားနေမဲ ၃၄ မဲရရှိကာ ပါလက်စတိုင်းက တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရရှိသည်။

ပါလက်စတိုင်းနှင့် ဆော်လ်မွန်ကျွန်းစုနိုင်ငံတို့သည် အင်တာပိုလ်အဖွဲ့ဝင် နိုင်ငံသစ်များဖြစ်လာကြောင်း အင်တာပိုလ်က လူမှုကွန်ရက်မီဒီယာဖြစ်သော တွစ်တာတွင် ရေးသားဖော်ပြသည်။

အင်တာပိုလ်၌ အဖွဲ့ဝင်ဖြစ်လာခြင်းသည် ပါလက်စတိုင်း ပြည်သူတို့၏ အောင်ပွဲဖြစ်ကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ် ရာမီ ဟမ်ဒါလားက ပြောကြားသည်။

အင်တာပိုလ်၏ ဆုံးဖြတ်ချက်သည် ပါလက်စတိုင်း ပြည်သူတို့၏ အခွင့်အရေးများနှင့် လွတ်လပ်သော နိုင်ငံထူထောင်ရေး ရည်မှန်းချက်အတွက် အားပေးထောက်ခံရာရောက်ကြောင်း ဝန်ကြီးချုပ် ဟမ်ဒါလားက ပြောကြားသည်။ **ရိုက်တာ။**

ဝန်ကြီးချုပ်ဟောင်း ယင်လပ် ဒူဘိုင်းနိုင်ငံတွင် နေထိုင်လျက်ရှိသည်ဟု ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာဆို

ဗန်ကောက် စက်တင်ဘာ ၂၈

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာသည် အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းနိုင်ငံတွင် လက်ရှိနေထိုင်လျက်ရှိသည်ဟု ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယနေ့ ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာ မည်သည့်နေရာတွင် နေထိုင်လျက်ရှိသည်ကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက သူ့အား သတင်းပေးခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယနေ့ မီဒီယာသို့ ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာသည် ဩဂုတ် ၂၅ ရက်တွင် အမှုရင်ဆိုင်ရန် တရားရုံးသို့ လာရောက်ခြင်းမရှိဘဲ ထိုင်းနိုင်ငံမှ ထွက်ခွာသွားခဲ့သည်။ ဝန်ကြီးချုပ်ဟောင်းအား နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုကို လျစ်လျူရှုကာ လယ်သမားများအား အမတော်ကြေးငွေ ထောက်ပံ့ပေးခဲ့သည်ဟု စွပ်စွဲထားသည်။

ထိုင်းတရားရုံးချုပ်က စက်တင်ဘာ ၂၇ ရက်တွင် ဝန်ကြီးချုပ်ဟောင်းအား ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်းသည် အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ သို့သော် မည်သည့်နေရာတွင် ရောက်ရှိနေထိုင်လျက်ရှိသည်ကို မသိရှိခဲ့ပေ။

ဝန်ကြီးချုပ်ဟောင်း မည်သည့်နေရာတွင်ရှိသည်နှင့်ပတ်သက်ပြီး ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၏ အတည်ပြုမှုသည် ပထမဆုံးအကြိမ် စစ်အစိုးရ၏ အခိုင်အမာပြောကြားမှုပင်ဖြစ်သည်။

ဒူဘိုင်းနိုင်ငံသည် ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာ၏အစ်ကို ဝန်ကြီးချုပ်ဟောင်း သက်ဆင် ရှင်နာဝပ်ထရာ လက်ရှိနေထိုင်သည့် နိုင်ငံများအနက် တစ်ခုဖြစ်သည်။ လွန်ခဲ့သော ကိုးနှစ်အကြာက ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် ပြည်နှင်ဒဏ်ပေးခြင်းခံရပြီး နိုင်ငံခြားသို့ ထွက်ခွာသွားခဲ့သည်။

သက်ဆင်မိသားစုအနေဖြင့် ထိုင်းနိုင်ငံရေးနှင့်ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မှုများကို ထိုင်းနိုင်ငံပြင်ပမှနေ၍ လုပ်ဆောင်မည်ဖြစ်ကြောင်း မျှော်လင့်ရသည်။ သက်ဆင်မိသားစုကို ထောက်ခံသူအများအပြား နိုင်ငံအတွင်း၌ ရှိနေသေးကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ။

တရုတ်နိုင်ငံ၏ စီ-၉၁၉ ခရီးသည်တင်ဂျက်လေယာဉ် ဒုတိယအကြိမ် စမ်းသပ်ပျံသန်းမှု အောင်မြင်

ရှန်ဟိုင်း စက်တင်ဘာ ၂၈

တရုတ်နိုင်ငံတွင်တည်ဆောက်သည့် အကြီးမားဆုံး ခရီးသည်တင်ဂျက်လေယာဉ် စီ-၉၁၉ ၏ ဒုတိယအကြိမ် စမ်းသပ်ပျံသန်းမှု အစီအစဉ်မှာ ပြီးစီးအောင်မြင်ခဲ့ကြောင်း၊ အဆိုပါခရီးသည်တင် ဂျက်လေယာဉ်သည် ၂ နာရီ ၄၆ မိနစ်ကြာ စမ်းသပ်ပျံသန်းခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လျှို့ဝှက်သင်္ကေတ ၁၀ ၁၀၁ ဟု ပေးထားသည့် စီ-၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်သည် ရှန်ဟိုင်းမြို့ ဖူတုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာခဲ့ပြီး အမြင့်ပေ ၁၀၀၀၀ အထိ တက်ရောက်ပျံသန်းခဲ့သည်။

ယခုနှစ်မေလအတွင်းက စီ-၉၁၉ ခရီးသည်တင်ဂျက်လေယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့ပြီး ယခုစမ်းသပ်ပျံသန်းမှုသည် ယခင် စမ်းသပ်ပျံသန်းမှုထက် ပျံသန်းချိန်နှစ်ဆ ကြာမြင့်ခဲ့သည်။

ယင်းလေယာဉ် စမ်းသပ်ပျံသန်းမှုများကို ရှီအန်းမြို့တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံက ၎င်း၏ စီ-၉၁၉ အမျိုးအစားခရီးသည်တင် ဂျက်လေယာဉ် စမ်းသပ်ပျံသန်းမှုနှစ်ကြိမ် အောင်မြင်မှုရရှိခြင်းကြောင့် အမေရိကန်နိုင်ငံ၊ အနောက်ဥရောပနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်၌ စတုတ္ထမြောက် ခရီးသည်တင် ဂျမ်ဘို ဂျက်လေယာဉ်ထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

တရုတ် စီ-၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်သည် အကွာအဝေး ၄၇၀၅ ကီလိုမီတာအထိ တစ်ဆက်တည်း ပျံသန်းနိုင်ပြီး အဆင့်မြှင့်တင်ထားသည့် အဲဘတ်စ် ၃၂၀၊ ဘိုးရင်း ၇၃၇ မျိုးဆက်သစ် လေယာဉ်အမျိုးအစားများနှင့် နှိုင်းယှဉ်နိုင်သည်ဟု သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ မောင်တောဒေသရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံ

စစ်တွေ စက်တင်ဘာ ၂၈
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ကာလအတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ရက်စက်စွာ ဓားဖြင့် အခုတ်ခံရပြီး အသက်မသေဘဲ ဆေးရုံမှ ပြန်ဆင်းလာသည့် အောင်သပြေကျေးရွာအုပ်စု ရန်ခါစေတီကျေးရွာမှ မြိုတိုင်းရင်းသူ မဦးခင်အား တွေ့ဆုံ၍ ဖြစ်စဉ်ဖြစ်ပွားခဲ့မှုကို အသေးစိတ်မေးမြန်းပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။**(ယာပုံ)**

အဆိုပါ မြိုတိုင်းရင်းသူ မဦးခင်သည် အကြမ်းဖက်မှု ဖြစ်စဉ်ကာလအတွင်းက ARSA အစွန်းရောက် အကြမ်းဖက်သမားများက အကြောင်းမဲ့ဓားဖြင့် ခုတ်မှုကြောင့် ၎င်း၏ (၂) နှစ်အရွယ်ကလေးငယ် တစ်ဦး သေဆုံးခဲ့ရပြီး မဦးခင်မှာ အသက်မသေဘဲ ပြင်းထန်စွာဒဏ်ရာရရှိခဲ့၍ ဘူးသီးတောင်ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူခဲ့ရသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များသည် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့်အတူ မောင်တောဒေသ တောင်ပိုင်း အလယ်သံကျော်ကျေးရွာအနီးရှိ ပင်လယ်ကမ်းခြေတွင် ရောက်ရှိနေသည့် ဘူးသီးတောင်မြို့နယ် ဒုအိုးသည်မကျေးရွာအုပ်စုနှင့် ပြိုင်းတောင်ကျေးရွာအုပ်စုတို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၎င်းတို့ဆန္ဒဖြင့် ထွက်ခွာသွားကြမည့် ဘင်္ဂါလီလူမျိုးများနှင့် သွားရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် ကော်မရှင်အဖွဲ့ဝင်များက စားဝတ်နေရေး အခက်အခဲအတွက် နိုင်ငံတော်အစိုးရက နှစ်ဖက်လူ့အဖွဲ့အစည်းအား ထောက်ပံ့ကူညီနေမှုများ၊ လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မိမိတို့ နေအိမ်များသို့ အေးချမ်းစွာဖြင့် ပြန်လည်နေထိုင်လုပ်ကိုင် စားသောက်ကြရန်နှင့် အခက်အခဲရှိသည်များကို ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အလယ်သံကျော်ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင် ရောက်ရှိနေသော ဘူးသီးတောင်မြို့နယ် ဒုအိုးသည်မကျေးရွာအုပ်စုနှင့် ပြိုင်းတောင်ကျေးရွာအုပ်စုတို့မှ ဘင်္ဂါလီလူမျိုးများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့သာ သွားရောက်ရန် ဆန္ဒရှိနေပြီး လူအင်အား ၈၀၀ ကျော်ရှိကြောင်း သိရသည်။

သတင်း- မင်းသစ်
ဓာတ်ပုံ - ခရိုင်ပြန်/ဆက်

ပုဏ္ဏားကျွန်းမြို့ ယာယီကယ်ဆယ်ရေးစခန်းရှိ ဒေသခံတိုင်းရင်းသားများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

စစ်တွေ စက်တင်ဘာ ၂၈
ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန် သိမ်တော်ကြီး ကယ်ဆယ်ရေးစခန်းရှိ ရခိုင်၊ ဒိုင်းနက်နှင့် မြိုတိုင်းရင်းသားများအား ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

လောကမာရဇိန် သိမ်တော်ကြီး ကယ်ဆယ်ရေးစခန်းရှိ တိုင်းရင်းသားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် သွေးတိုး၊ အစာမကြေ၊ အဆစ်နာ၊ ချောင်းဆိုးနှင့် အရေပြားရောဂါများကို အများဆုံးကုသပေးခဲ့ရကြောင်း ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်သိန်းသိန်းဦးက ပြောသည်။

ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန် သိမ်တော်ကြီး ကယ်ဆယ်ရေးစခန်းရှိ တိုင်းရင်းသား ၁၂၆ ဦးအား ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးမှူး ဒေါ်သိန်းသိန်းဦးနှင့် ဝန်ထမ်းခုနစ်ဦးတို့က တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာ အမှုအမှတ်(၆)အား ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၈
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါက်တာဝင်းမြင့်အောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးညွန့်အောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ကန့်ကွက်လျှောက်ထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၆/၂၀၁၇) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးမြဝင်းနှင့် ဦးဝင်းဆွေတို့ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ကြားနာစစ်ဆေးပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးညွန့်အောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဒေါက်တာဝင်းမြင့်အောင်၏ ကန့်ကွက်လျှောက်ထားမှုအား ပလပ်ကြောင်းနှင့် တရားစရိတ် ငွေကျပ်တစ်သိန်းတိတိကို ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဥပဒေများ ဆွေးနွေးပွဲကျင်းပ

စစ်တွေ စက်တင်ဘာ ၂၈
ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဥပဒေများ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေးနှင့် သီးနှံမျိုးစေ့အရောင်းဆိုင်များမှ ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ဈေးကွက်အတွင်း ရောင်းဝယ်ဖြန့်ချိလျက်ရှိသော ကုမ္ပဏီများ၊ လက်လီလက်ကား အရောင်းဆိုင်များအနေဖြင့် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေနှင့် ပိုးသတ်ဆေးဥပဒေများကို သိရှိလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဥပဒေနှင့်အညီ မှတ်ပုံတင်၍ စနစ်တကျ ရောင်းချခြင်းဖြင့် တောင်သူလယ်သမားများ အကျိုးရှိမည့်အပြင် အရည်အသွေးပြည့်မီသော လယ်ယာထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်၍ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးဝေက ဥပဒေဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **တင်ထွန်း(ပြန်/ဆက်)**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ သတ်ဖြတ်ခဲ့သည့် ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်း ၄၅ လောင်းအား မီးသင်္ဂြိုဟ်

မောင်တော စက်တင်ဘာ ၂၈

လွန်ခဲ့သည့် တစ်လခန့်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ သတ်ဖြတ်ပြီး ရဲဘော်ကျကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာတွင် မြေကျင်းနှစ်ကျင်းအတွင်း၌ မြှုပ်နှံထားသည့် ရုပ်အလောင်း ၂၈ လောင်းနှင့် အရှေ့ဘက် မီတာ ၂၀၀ အကွာတွင် မြေကျင်းနှစ်ကျင်း၌ မြှုပ်နှံထားသည့် ရုပ်အလောင်း ၁၇ လောင်းတို့ကို သေဆုံးသွားသည့် ဟိန္ဒူဘာသာဝင်များ၏ ဆွေမျိုးသားချင်း မိသားစုဝင်များ၏ သဘောဆန္ဒအလျောက် ယနေ့မွန်းလွဲပိုင်းတွင် ရဲဘော်ကျကျေးရွာ၏ အနောက်ဘက် တောင်ခြေအနီး၌ ဟိန္ဒူဘာသာ ထုံးတမ်းအစဉ်အလာနှင့်အညီ မီးသင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

မီးသင်္ဂြိုဟ်ရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ခမောင်းဆိပ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သေဆုံးသွားသည့် ဟိန္ဒူဘာသာဝင်များ၏ ဆွေမျိုးသားချင်း မိသားစုဝင် ၇၇ ဦး၊ မြိုတိုင်းရင်းသား ၄၀ နှင့် ရခိုင်တိုင်းရင်းသား ၃၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

သူတော်ကောင်းတို့ ချီးမွမ်းခံအပ်ကြသူများ

ဒေါက်တာ မောင်ဖြေ

သီတင်းကျွတ်လရာသီမှာ မိုးမကုန်သေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၏။ သာယာတော့မည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ပင်ဖြစ်၏။

ဝါတွင်းသုံးလ သီတင်းသီလကျင့်သုံးဆောက်တည်နေထိုင်သည့်ကာလမှ ကျွတ်လွတ်သောကြောင့် "သီတင်းကျွတ်လ" ဟူ၍ ခေါ်၏။ ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်သော လဖြစ်၍ "ဝါကျွတ်လ" ဟူ၍လည်းခေါ်၏။ ရှေးအခါက "သန်တူလ"ဟူ၍လည်း ခေါ်ဆိုသေး၏။ "သန်"မှာ ဝသန္တမိုးဥတုရာသီဟု အဓိပ္ပာယ်ရ၏။ "တူ"မှာ တူရာသီ(ချိန်ခွင်)ဟူသော ပါဠိပျက်ပုဒ်ဖြစ်၏။ ထို့ကြောင့် သန်တူကို "သ သန္တဥတု၊ တူရာသီ"ဟုဖွင့်ဆို၏။ အသဝနီနက္ခတ်နှင့်စန်းယှဉ်ပြည့်ကာ စိတြနက္ခတ်နှင့် နေမင်းတို့ယှဉ်၏။ ကျီးတာရာထွန်းပ၏။ ရာသီရုပ်မှာ ချိန်ခွင်ကိုင်နေသော ကုန်သည်ပုံဖြစ်၏။

သီတင်းကျွတ်လခေါ်ဆိုပုံ

၈၇၁ ခုနှစ်ပွဲ၊ သံဃရာဇာကျောင်းကျောက်စာ၊ ၉၂၅ ခုနှစ်စွဲ၊ စုက္ကတေးကျောင်းကျောက်စာ စသည်တို့တွင် သတင်းကျွတ်ဟူ၍ သ သက်သက်ဖြင့်သာ ရေးလျက်ရှိ၏။ ၉၅၂ ခုနှစ်တွင် မူလမင်းရဲကျော်စွာရေးထိုးခဲ့သော စစ်ကိုင်းပုညရှင်စေတီကျောက်စာကို ၁၁၃၇ ခုနှစ်တွင် ဘိုးတော်မင်းတရား ဆင့်ထိုးတွင်ပင် ဆင့်ထိုးအပိုဒ်၌ "သက္ကရာဇ် ၁၁၄၂ ခုနှစ် သတင်းကျွတ်လပြည့်ကျော်"ဟုပါရှိ၏။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တော်တိုင် "သတင်းကျွတ်"ဟူ၍ သ သက်သက်ဖြင့်ရေးလျက်ရှိ၏။

ပုဂံစောရဟန်းသိမ်ကျောက်စာတွင် သတင်းတိုင်းသတင်းချွတ်ဟူသော အရေးတို့၌လည်းကောင်း၊ အခြားပုဂံခေတ်ထိုးကျောက်စာတို့တွင် သတင်းနေ့၊ သတင်းသည်၊ သတင်းတည်ကုပ်ဟူသော အရေးတို့၌လည်းကောင်း၊ အင်းဝခေတ်မှ ကုန်းဘောင်ခေတ်ဘိုးတော်မင်းတရားလက်ထက်တွင် ရေးထိုးခဲ့သည့် မူလကျောက်စာတို့၌ "သတင်း"ဟု လည်းကောင်း၊ ယခုခေတ်ကဲ့သို့ လုံးကြီးတင်ဆန်ခတ်လျက်မရေးဘဲ သတင်းဟု "သ" သက်သက်ဖြင့် ရေးကြသည်ကို မှတ်သားရ၏။

ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလ၊ ရက်ပေါင်း ၉၀၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ သီတင်းဝါလကျွတ်၍ သီတင်းကျွတ်လဟူ၍ သာသနာကျမ်းအလို ခေါ်ဆိုကြောင်း သိသာသည်ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာက သီတင်းကျွတ်လခေါ်ဆိုပုံကို ဖွင့်ဆိုခဲ့သည်။

ကြာပန်းပွင့်သောလ

အင်းအိုင်ရေကန်စသည်တို့တွင် ကုမုဒြာကြာ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာခေါင်းလောင်း (ပဒုမ္မာ)ဟူသော ကြာမျိုးငါးပါးဖူးပွင့်ဝေဆာကာ သာယာလှသောအချိန်တွင် ရာသီပန်းအဖြစ် ကြာပန်းက ထွန်းတောက်၏။

ဘုရားငါးဆူပွင့်မည့် ပုဗ္ဗနိမိတ်အားဖြင့် ဤဘဒ္ဒကမ္ဘာပေါ်စအခါ၌ (သက်န်းပရိက္ခရာအစုံအလင်နှင့်တကွ ကြာငါးပွင့်ပါလာသည်)ဆို၏။ ကြာသည် သန့်ရှင်းစင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းသဘောကို ဆောင်လာခဲ့သည်ဆို၏။

ရဟန်း၊ သံဃာများ ဝါတွင်းသုံးလပတ်လုံး ကျောင်းအရာမ်မှမခွာဘဲ ရဟန်းကျင့်ဝတ်သီလကို တည်ဆောက်ကြသည်။ ယင်းအစဉ်အလာကိုမှီး၍ လူတို့ကလည်း ဝါတွင်းသုံးလ၌ ထိမ်းမြားမင်္ဂလာပြုခြင်းကို ရှောင်ကြဉ်ကြသည်။ သီတင်းဝါလ ကျွတ်သောအခါ၌မူကား လူတို့၏ ဓလေ့အတိုင်း အိမ်ရာထောင်ရန် သီတင်းကျွတ်လျှင် မင်္ဂလာပွဲများ ကျင်းပလေ့ရှိသည်။

မီးမြင်းမိုရ်ပွဲ

မြတ်ဘုရားရှင်သည် သီတင်းကျွတ်လပြည့်နေ့၌ တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်ဘုရားရှင်အားရည်ညွှန်း၍ ဆီမီးရောင်စုံတို့ဖြင့် ပူဇော်ကြသည်။ ထိုပွဲတော်များကို"တာဝတိံသာပွဲတော်" ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍"မီးမြင်းမိုရ်ပွဲ"ဟုလည်းကောင်း ခေါ်ဆိုပူဇော်လာကြသည်။ ယင်းသို့ မီးမြင်းမိုရ်ပွဲအကြောင်းကို လောကဗျူဟာကျမ်းတွင်ဖော်ပြထားသည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

ကုန်းဘောင်ခေတ်အလယ်ပိုင်း၌ သီတင်းကျွတ်လ ဆီမီးထွန်းညှိပူဇော်ပုံမှာ ဘိုးတော်ဘုရားလက်ထက်တွင် ထင်ရှားသည်။ စာဆိုတော် ဦးယာက "ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့ လေးဖြာရောင်စို၊ မြင်းမိုရ်ပွဲကြီး" ဟု လူးတားဖြင့် ရေးစပ်ခဲ့သည့်အပြင် ကုန်းဘောင်ခေတ်သားတို့အနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်၌ လှပစွာဝတ်စားဆင်ယင်ကြကာ မောင်မယ်စုံယှဉ်တွဲ၍ ဆင်နွဲကြပုံကို "သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့် အတူတကွ၊ မောင်ကတိုင်မြောက်၊ မယ်ကဖောက်၍ နှစ်ယောက်စုံလင့်၊ စွယ်တော်စင်တွင်၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန်းသည်၊ ပြောင်ရွှန်းဆီမီးတိုင်နှင့်လေး"ဟူ၍ စပ်ဆိုခဲ့ပြန်သည်။

အဘိဓမ္မာတရားဟောကြား

သုံးလောကထွတ်ထားမြတ်ဘုရားသခင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်အနီး ကောသလဘုရင်၏ ဥယျာဉ်မှူးစိုက်ပျိုးထားသော ကဏ္ဍမ္ဗအမည်ရ သရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို နှိမ်နင်းတော်မူကာ ရေမီးအစုံ တန်ခိုးပြာဋိဟာပြပွဲကြီးကို အဆန်းတကြယ်ဖန်ဆင်းပြသတော်မူခဲ့၏။ တန်ခိုးပြာဋိဟာပြပွဲကြီးအပြီး မယ်တော်အမိနတ်သားကို အဘိဓမ္မာတရားဟောကြားတော်မူခြင်းဖြင့် ကျေးဇူးတော်ဆပ်ရန် ခြေလှမ်းနှစ်လှမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး သတ္တမဝါကပ်တော်မူ၏။ မြတ်ဘုရားရှင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်ကို တန်ခိုးပြာဋိဟာပြပွဲရှိ လူပရိသတ်တို့ လုံးဝမသိရှိလိုက်ပါ။ ဘုရားရှင်ပျောက်ကွယ်သွား၍ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား မေးမြန်းလျှောက်ထားရာ တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်ရင်းခင်းထားသော ပဏ္ဍုကမ္ဗလ မြကျောက်ဖျာတွင် ဝါကပ်တော်မူ၍ မယ်တော်နတ်သား အမှူးပြုသော နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရန် ကြွသွားတော်မူကြောင်း သိရှိကြရ၏။

အဝန်းသုံးဆယ့်ခြောက်ယူဇနာရှိသော လူထုပရိသတ်ကြီးသည် မြတ်ဘုရားရှင်အား မဖူးမြော်ရဘဲ ငါတို့မသွားကြကုန်ဟု တိုင်ပင်ကြပြီး ထိုအရပ်၌ ယာယီမဏ္ဍပ်များ ဆောက်လုပ်နေထိုင်ကြ၏။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့တွင် ဗုဒ္ဓမြတ်စွာသည် တပည့်ကြီးရှင်သာရိပုတ္တရာဝါကပ်တော်မူရာ သင်္ကဿမြို့သို့ ကြွဆင်းတော်မူမည့်အကြောင်းကို ရှင်မဟာမောဂ္ဂလန်မထေရ်မြတ်ကြီးထံမှတစ်ဆင့် ကြားသိရ၏။ ယူဇနာသုံးဆယ်ကွာဝေးသော သင်္ကဿမြို့သို့ တစုတဝေးတည်း သွားရောက်ကြရန် ကြိုတင်ပြင်ဆင်လျက်ရှိ၏။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ပဏ္ဍုကဗ္ဗလ မြကျောက်ဖျာ၌ စကြဝဠာပေါင်းတိုက်တစ်သောင်းတို့မှ ခညောင်းရောက်ရှိလာသော နတ်ပြဟ္မာပရိသတ်တို့ အလယ်တွင် အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူခဲ့ရာတွင် သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးတော်မူခဲ့၏။

စောင်းတန်းသုံးသွယ်

"မြတ်ဘုရားသည် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်ခရီးသို့ ပြန်ကြွပေတော့အံ့"ဟူ၍ မိန့်ကြားတော်မူ၏။ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်ကို ဖန်ဆင်းပေး၏။ ယင်းစောင်းတန်းသုံးသွယ်၏ အခြေတို့ သင်္ကဿမြို့တံခါးတွင် တည်ကုန်၏။ စောင်းတန်းဦးမှာ မြင်းမိုရ်တောင်ထိပ်၌ တည်၏။ ယင်းစောင်းတန်းသုံးသွယ်အနက် လက်ယာဘက်က ရွှေစောင်းတန်းမှာ နတ်များအတွက်ဖြစ်၏။ လက်ဝဲဘက်က ငွေစောင်းတန်းမှာ ပြဟ္မာကြီးများအတွက်ဖြစ်၏။ အလယ်က ပတ္တမြားစောင်းတန်းမှာ ဗုဒ္ဓမြတ်စွာအတွက်ဖြစ်၏။

တာဝတိံသာနတ်ပြည်မှ မြတ်ဘုရားရှင်သက်ဆင်းတော်မူခဲ့ရာ မြတ်ဘုရားရှင်ကို ရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာ ရှိခိုးပူဇော်၏။ ထို့နောက် ပရိသတ်အပေါင်းတို့က ရှိခိုးပူဇော်ကြ၏။ ထိုသင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးဆုံး လက်ယာခြေတော်ချသော အရပ်သည် နောင်သောအခါ "အစလစေတိယဋ္ဌာန"ဟူ၍ အမည်ထင်ရှားတော်မူခဲ့၏။

ရှေးခေတ်မီးပူဇော်ပွဲတော်

ပုဂံခေတ် ထိုးထားသည့်ကျောက်စာများကောင်းမှုစာရင်းတွင် သီတင်းကျွတ်မီးပူဇော်ပွဲကို မတွေ့ရပါ။ သို့သော် ထိုခေတ်က ရေးဆွဲခဲ့သော နံရံဆေးရေးပန်းချီကားချပ်ကို ထောက်ရှုပြီး ပုဂံခေတ်တွင် မီးထွန်းပွဲတော်ပြုလုပ်ခဲ့ကြောင်း ယူဆနိုင်၏။

အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်တို့တွင် ဆီမီးမြင်းမိုရ်မီးထွန်းပွဲတော်ကို ဘုရင်များကိုယ်တိုင်ဦးစီး၍ လုပ်ဆောင်ခဲ့သည်။ သီပေါမင်းတရားလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ် သီတင်းကျွတ်လတွင် ကျင်းပခဲ့သည့် မီးထွန်းပွဲတော်မှာ ကြီးကျယ်စည်ကားလှ၏။ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး တတိယတွဲမှ ကောက်နုတ်တင်ပြရပါလျှင်-

"အရှေ့မြင်းမိုရ်၊ အနောက်မြင်းမိုရ်၊ အရှေ့ဝက်ပါ၊ အနောက်ဝက်ပါတော်များမှာ ယင်းသည် လပြည့်ကျော်တစ်ရက်နေ့ညက သုံးရက်နေ့ညအထိ တစ်ပြိုင်တည်း ဆီမီးညှိထွန်းပူဇော်တော်မူသည်။ မြင်းမိုရ်နှစ်ရပ်တွင်လည်း ညနေသုံးချက်တီးခန့်မှ လေးချက်တီးကျော်အချိန်အထိမှာ ယိုးဒယားဇာတ်ကြီး အတီးအက၊ မြန်မာဇာတ်ကြီး အတီးအက ကျွမ်းထိုး၊ တိုင်တက်၊ ကြိုးတန်းလျှောက်၊ တရုတ်နဂါး၊ အတီးအကအစုံများကို ခင်းကျင်းပြသရသည်။ ညနေလေးချက်တီးကျော်အချိန်မှ ညနှစ်ချက်တီးအချိန်အထိမှာ ရုပ်စုံပွဲသဘင် ခင်းကျင်းပြသရသည်"ဟူ၍ မှတ်တမ်းပြုထားကြောင်း လေ့လာရပေ၏။

ပဝါရဏာပွဲတော်

သီတင်းကျွတ်ခြင်းကို ဝါကျွတ်ခြင်း ဖြစ်သည်ဟု ဆိုခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ဝိနည်းအလိုမှာ သီတင်းကျွတ်လပြည့်ပြီဆိုရုံမျှနှင့် ဝါကျွတ်ပြီဟု မယူဆရသေး။ ရဟန်း၊ သံဃာတို့အတွက် ပဝါရဏာပြုပြီးမှသာ ဝါကျွတ်သည်ဟု ခေါ်ဆိုကြ၏။

မြတ်စွာဘုရားရှင်၏ ပညတ်တော်အရ ရဟန်းတော်များမှာ လပြည့်၊ လကွယ်နေ့တိုင်း ဓာတုဒ္ဒသဥပုသ်၊ ပန္နရသဥပုသ်များကို ထိုက်သလိုပြုကြ၏။ သို့သော် သီတင်းကျွတ်လပြည့်နေ့တွင် ဝိနည်းဒေသနာတော်အရ ဥပုသ်အစား ပဝါရဏာပြုကြရ၏။ ပဝါရဏာဆိုသောပါဠိမှာ "ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း"ဟု အဓိပ္ပာယ်ရ၏။ တစ်နည်းဆိုသော် ပန်ကြားခြင်းလည်းဖြစ်၏။ "ငါ့ရှင်တို့ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်"ဟု သုံးကြိမ်တိုင်တိုင် သံဃာအားဖိတ်ကြားတောင်းပန်ကာ ပန်ကြားရ၏။ ဤသို့ ပဝါရဏာပွဲတော်သည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် ရှိခဲ့သောပွဲဖြစ်၏။

ထိုပဝါရဏာပွဲသဘင်မှာ သီတင်းသုံးဖော်ရဟန်းတော်များအချင်းချင်း တစ်ပါးသော ပုဂ္ဂိုလ်ပေါ်တွင်ဖြစ်စေ၊ မိမိအပေါ်တွင်ဖြစ်စေ တရားတော်နှင့်မလျော်ညီ၊ ဖီလာဖြစ်မှုများရှိခဲ့သော် အချင်းချင်း စုပေါင်းဝေဖန်ကြသောပွဲ၊ သုံးသပ်ကြသည့်ပွဲ၊ အမှားကိုပြုပြင် အမှန်ကို ဝန်ခံကြသောပွဲပင်ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏ ပဝါရဏာပွဲတော်သည် သူတစ်ပါးတို့၏ ဝေဖန်ရေးကို အနူးအညွတ်ဖိတ်ခေါ်သောပွဲဖြစ်ပြီး လမ်းစဉ်ကောင်းကြီးတစ်ခုဖြစ်၏။ ထိုလမ်းစဉ်ကောင်းဖြင့် သံဃာတော်အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပုဂ္ဂိုလ်သန့်စင်ရေးတရားများကို ရယူနိုင်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာကျော် တည်တံ့ခဲ့ပြီဖြစ်၏။

ပူဇော်နည်းနှစ်မျိုး

ဗုဒ္ဓဘာသာ အစဉ်အလာသည်ကား လောကသမုတိနတ်များဖြစ်သော မြန်မာဘုရင်နှင့် မိဖုရားတို့သည် သီတင်းကျွတ်သောအခါ ရွှေနန်းတော်ကြီးအတွင်း၌ ကန်တော့ခံပွဲကို ကျင်းပလေ့ရှိ၏။ သီတင်းကျွတ် လပြည့်ကျော်တစ်ရက်နေ့တွင် နန်းတော်အတွင်းရှိ မင်းညီမင်းသား၊ မင်းဆွေမင်းမျိုးများစုရုံး၍ ဘုရင်နှင့်မိဖုရားတို့ကို ကန်တော့ကြ၏။ ရှေးရှေးကပင် မြန်မာဗုဒ္ဓဘာသာဝင်တို့သည် သီတင်းဝါလကျွတ်သောအခါ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြရသော ဓလေ့ထုံးစံကောင်းတစ်ခုကို တီထွင်ခဲ့ကြဟန်တူ၏။ ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ထိုဓလေ့ထုံးစံကို မျက်မှောက်ခေတ်အထိ လိုက်နာကြပြီး သီတင်းကျွတ်သည့်အခါတိုင်း ရွာဦးကျောင်းဘုန်းတော်ကြီးအားလည်းကောင်း၊ နှစ်ဖက်မိဘဘိုးဘွားများအားလည်းကောင်း၊ ဆရာသမားများအား လည်းကောင်း၊ နှစ်ဖက်ဆွေမျိုးများထဲမှ သက်ကြီးဝါကြီးများအားလည်းကောင်း၊ ရပ်ကွက်မြို့ရွာများရှိ သက်ကြီးရွယ်အိုများအား လည်းကောင်း ပစ္စည်းဝတ္ထုများနှင့် အသီးသီး ပူဇော်ကန်တော့လေ့ရှိ၏။

ဗုဒ္ဓစာပေတွင် အာမိသပူဇာ၊ ဓမ္မပူဇာဟု ပူဇော်နည်းနှစ်မျိုးရှိ၏။ ဝတ္ထုပစ္စည်းတစ်ခုခုကို ပေးကမ်းလှူဒါန်း၍ ပူဇော်ခြင်းသည် အာမိသပူဇာမည်၏။ လှူဒါန်းပေးကမ်းဖွယ်သော ပစ္စည်းဝတ္ထုမပါဘဲ လက်အုပ်ချီမိုး ရှိခိုးခြင်းသက်သက်ဖြင့် ပူဇော်ခြင်းကို မြတ်စွာဘုရား၏ ဩဝါဒတရားကို လိုက်နာကျင့်သုံးရာရောက်၍ ဓမ္မပူဇာမည်၏။ ယင်းသို့ကျင့်သုံးသည့် အစဉ်အလာကို လေ့လာပါက သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သော ဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းမှုကိုခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရခြင်း စသော အကျိုးတရားများ ရှိနိုင်၏။ ။

ဗုဒ္ဓစာပေတွင် အာမိသပူဇာ၊ ဓမ္မပူဇာဟု ပူဇော်နည်းနှစ်မျိုးရှိ၏။ ဝတ္ထုပစ္စည်းတစ်ခုခုကို ပေးကမ်းလှူဒါန်း၍ ပူဇော်ခြင်းသည် အာမိသပူဇာမည်၏။ လှူဒါန်းပေးကမ်းဖွယ်သော ပစ္စည်းဝတ္ထုမပါဘဲ လက်အုပ်ချီမိုး ရှိခိုးခြင်းသက်သက်ဖြင့် ပူဇော်ခြင်းကို မြတ်စွာဘုရား၏ ဩဝါဒတရားကို လိုက်နာကျင့်သုံးရာရောက်၍ ဓမ္မပူဇာမည်၏။ ယင်းသို့ကျင့်သုံးသည့် အစဉ်အလာကို လေ့လာပါက သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သော ဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းမှုကို ခံရခြင်း၊ လူချစ်လူခင် ပေါများခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရခြင်း စသော အကျိုးတရားများ ရှိနိုင်၏။

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

ပြဿနာ၏ အရင်းအမြစ်ကို နားလည်ကာ ဖြေရှင်းနိုင်ကြဖို့

မော်လင်း

ယနေ့ကာလသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းကာလကို ခက်ခက်ခဲခဲဖြတ်သန်းနေရသည့် အချိန်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ဒီမိုကရေစီ ပိန်းပိန်းပိတ်အမှောင်ထဲမှာနေခဲ့ရပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် အဘက်ဘက်သောကဏ္ဍများတွင် နိမ့်ကျနေခဲ့ရာမှ ပြန်လည်ထူထောင်နိုင်အောင် ကုန်းရုန်းထနေရသည့်အခြေအနေ ဖြစ်ပါသည်။

တစ်ရစ်ချင်း ဖြေရှင်းမည်

ဒီမိုကရေစီ အကူးအပြောင်းကာလဆိုသည့် ခေါင်းစဉ်ဖြင့် အနှစ်နှစ်အလလ ဖြေရှင်း၍မရခဲ့သော ပြည်တွင်းစစ်ရပ်စဲရေး၊ တိုင်းပြည်ငြိမ်းချမ်းရေး၊ ဥပဒေစိုးမိုးရေးနှင့် ဒေသအသီးသီး တည်ငြိမ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စသည့်ပြဿနာ ဒုနှင့်ဒေး အရှုပ်အထွေးတစ်ပြုံတစ်မကို တစ်စစီ တစ်ရစ်ချင်း ဖြေရှင်းဖို့ အပြင်းအထန်ကြိုးစားအားထုတ်နေရသည့် ကာလဖြစ်ပါ၏။

ဆင်းရဲမွဲတေမှု နွံတွင်းမှာ ဒုတ်ဒုတ်ထိ နစ်မြုပ်နေရသည့် ပြည်သူလူထုအများစု၊ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံ၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီ အခွင့်အရေးဆိုတာကို လေသံမျှမဟရဲသည့် အခြေအနေမှတစ်ဆင့် နိုင်ငံရေး အင်အားစုအသီးသီး၊ တိုင်းရင်းသားလူမျိုး အသီးသီးတို့က ခေါင်းဆောင်များ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ တက်ညီလက်ညီ အင်အားတို့ဖြင့် ယနေ့လို အနေအထားဆီသို့ တရွေ့ရွေ့ တိုးတက်လာခဲ့ရခြင်း ဖြစ်ပါ၏။

ရေတို ရေရှည် ခွဲခြားဖြေရှင်းရမည်

ချက်ချင်းလက်ငင်း မဖြစ်မနေ ဖြေရှင်းရသည်တို့နှင့် ရေရှည်ဖြေရှင်းရမည်တို့ကိုခွဲခြားကာ တစ်ဆင့်ချင်း ဖြေရှင်းနေရသည်မှာ မလွယ်ကူဘူးဆိုသည်ကလည်း အားလုံးနားလည်သိရှိပြီးသားဖြစ်ပါ၏။

သည်လိုအခြေအနေမှာ သမိုင်းနှင့်ချီ၍ တစ်ရစ်ချင်းတိုးလာသည့် အရှုပ်အထွေး ပြဿနာကြီးတစ်ခုမှာ ရခိုင်ပြည်နယ် နယ်စပ်ဒေသအရေး ဖြစ်ပါသည်။ အလွန်တရာရှုပ်ထွေးပွေလိမ်နေသည့် ထိုပြဿနာကြီးမှာ ယခုအခါ ပြန်လည်နိုးထလှုပ်ရှားလာခဲ့ပြန်ပြီဖြစ်ပါ၏။

သည်လိုပြန်လည်နိုးထလာသည့် ပြဿနာကြီးကို အစိုးရအဆက်ဆက် တွေ့တွေ့ဆိုင်ဆိုင် မဖြေရှင်းနိုင်ခဲ့ကြဘဲ ယနေ့ ဒီမိုကရေစီအစိုးရလက်ထဲသို့ အထုပ်အထည်နှင့်ရောက်ရှိလာသည့်အခါ အစိုးရက လက်ငင်းအကျပ်အတည်းများကို ကြိုးစားကျော်လွှားရင်း ပြဿနာများ၏ အရင်းအမြစ်ကို ရှာဖွေကာ စနစ်တကျ ဆုပ်ကိုင်ဖြေရှင်းနေခြင်းဖြစ်ပါသည်။

ကောက်ချက်ချပြစ်တင်မှုများ ပြုလုပ်လာ

သည်လိုအချိန်မှာ နိုင်ငံတကာမှ ငွေကြေးအရှိန်အဝါနှင့် အာဏာသြဇာကြီးသူတို့က မီဒီယာတို့၏ အင်အားမှတစ်ဆင့် လူ့အခွင့်အရေးကို ကာကွယ်ရမည့်တာဝန်ပျက်ကွက်သည်ဟူသော စွပ်စွဲချက်ဖြင့် ပြည်သူ့အစိုးရအပေါ် ကောက်ချက်ချပြစ်တင်မှုများ ပြုလုပ်လာနေကြသည်ကို တွေ့မြင်ရပါသည်။

ဤလိုအခြေအနေမျိုးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၉ စက်တင်ဘာ ၂၀၁၇ နေ့က နိုင်ငံတကာကို ဦးတည်ရည်ရွယ်၍ မိန့်ခွန်းတစ်ခု ပြောကြားခဲ့ပါသည်။

အဆိုပါမိန့်ခွန်းထဲတွင် နိုင်ငံတကာက ဖိအားပေးတောင်းဆိုနေသည့် အကြောင်းအရာတစ်ရပ်ကို အလေးပေးပြောဆိုသွားသည်ကို သတိပြုမိပါသည်။

ဒေါ်အောင်ဆန်းစုကြည်က "နှစ်နိုင်ငံ (မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်) အကြား ပူးပေါင်းဆောင်ရွက်ဖို့စီစဉ်နေတဲ့ နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်။

သတ်မှတ်ချက်များကို တိကျစွာလိုက်နာ

မြန်မာဘက်ကနေ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်ပြေးသွားတဲ့ ဒုက္ခသည်တွေကို ပြန်လည်လက်ခံဖို့ တိုက်တွန်းပြောကြားထားတာရှိပါတယ်။ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ကို အချိန်မရွေးစတင်နိုင်ဖို့ ပြင်ဆင်ထားပါတယ်။ နှစ်နိုင်ငံအကြားမှာ ရရှိခဲ့တဲ့ သဘောတူညီချက်တွေကိုမူတည်ပြီး ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်တစ်ခု ထူထောင်ထားပြီးဖြစ်ပါတယ်။ အဲဒီအပေါ်မူတည်ပြီး မြန်မာနိုင်ငံကို ပြန်လာချင်တဲ့ ဒုက္ခသည်တွေကို လက်ခံဖို့အဆင်သင့်ရှိပါတယ်။ အဲဒီအချိန်က သဘောတူညီထားတဲ့ သတ်မှတ်ချက်များကို တိကျစွာလိုက်နာမှာ ဖြစ်ပါတယ်"ဟူ၏။

ယခု အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည်မှာ နှစ်နိုင်ငံကြား နားလည်မှု ရရှိထားပြီးဖြစ်သည့် အနေအထားပေါ်မူတည်ကာ ဖြေရှင်းသွားမည်ဟု တိတိကျကျ ပြောဆိုသွားခြင်းဖြစ်ပါသည်။

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်

ဘင်္ဂလားဒေ့ရှ်ရောက် မြန်မာနိုင်ငံမှ ဆိုသူများအား ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီချက်အရ ၂၂ စက်တင်ဘာ ၁၉၉၂ မှ စတင်ကာ စိစစ်လက်ခံရေးလုပ်ငန်းများကို နှစ်နိုင်ငံလုံးမှ လက်ခံသည့် မူများနှင့် အညီ စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၄ ခုနှစ်၌ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)နှင့် နားလည်မှုစာချွန်လွှာရေးထိုးကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စာချွန်လွှာမှာ ၃၀ ဇွန် ၂၀၁၃ နေ့တွင် သက်တမ်းပြည့်ခဲ့သော်လည်း မြန်မာနိုင်ငံမှ လက်ခံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ရာ ၁၉၉၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ စုစုပေါင်း လူဦးရေ ၂၃၆၄၉၅ (နှစ်သိန်း သုံးသောင်း ခြောက်ထောင်ကျော်)လက်ခံခဲ့ပါသည်။

၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လာလိုသူများ မရှိသဖြင့် အဆိုပါလက်ခံရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးစခန်းကိုလည်း ပိတ်ခဲ့ပါသည်။

လက်ခံရေး မူ (၄) ချက်

ယင်းသို့ ပြန်လည်လက်ခံရေး ဆောင်ရွက်ခဲ့ရာတွင် နှစ်နိုင်ငံအကြား သဘောတူထားသည့် ပြန်လည်လက်ခံရေး မူ (၄) ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ၎င်းတို့သည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများ ဖြစ်ရမည်။

(ခ) ၎င်းတို့ ကိုယ်ပိုင်ဆန္ဒဖြင့် လာရောက်လိုသူများ ဖြစ်ရမည်။

(ဂ) မိသားစုအလိုက်ဖြစ်ပါက ၎င်းတို့သည် မိသားစုဝင်များဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ဗဟိုအဆင့် တရားရုံးမှထုတ်ပေးသည့် သက်သေခံ အထောက်အထား စာရွက်စာတမ်းတင်ပြနိုင်ရမည်။

(ဃ) ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်း မွေးဖွားသူများအတွက် ၎င်းတို့၏ မိဘများသည် မြန်မာနိုင်ငံအတွင်း အခြေချနေထိုင်သူများဖြစ်ရမည်။

ဟူ၍ဖြစ်ပါသည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာမည့်သူများ ရှိလာပြီဖြစ်သည့်အတွက် ၎င်းတို့ကို နှစ်နိုင်ငံအကြား သဘောတူနားလည်ထားသည့်မူအတိုင်း ပြန်လည်လက်ခံရန် စီစဉ်ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံကြီးများတွင်ပင် နှစ်ပေါင်းများစွာ မဖြေရှင်းနိုင်ကြသေး

နယ်စပ်နိုင်ငံများအကြားမှာ ဖြစ်ပေါ်နေသော ပြဿနာ၊ မိမိတို့ နိုင်ငံများအတွင်းသို့ နည်းမျိုးစုံဖြင့်ဝင်ရောက်ပြီး တရားမဝင်နေထိုင်နေကြသူများနှင့် ပတ်သက်သောပြဿနာ စသည်တို့မှာ မြန်မာနိုင်ငံသာမက အမေရိကန်၊ အင်္ဂလန်နှင့် ဥရောပနိုင်ငံများ၊ ဂျပန်၊ ဩစတြေးလျစသော နိုင်ငံများတွင်လည်း ရင်ဆိုင်နေရသော ပြဿနာများဖြစ်ပါ၏။ ယင်းသို့သော နိုင်ငံကြီးများတွင်ပင် နှစ်ပေါင်းများစွာ မဖြေရှင်းနိုင်ကြသေးဘဲ ယနေ့ထက်တိုင်ဖြေရှင်းရန် အမျိုးမျိုး ကြံဆနေရသော အခြေအနေဖြစ်ပါသည်။

နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံသားမဟုတ်သူတို့ကြားက အခွင့်အရေး၊ ထို့ပြင်တဝ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်သူများပြဿနာ စသည်တို့က လေဖမ်းဝါးတန်းချည်ပြော၍ ရကောင်းသောပြဿနာမဟုတ်ပါ။ စနစ်တကျနှင့် စည်းကမ်းနှင့် ဥပဒေတို့နှင့် အခြေအနေအရပ်ရပ်တို့ကို အရင်းအမြစ်မှ ဘက်စုံနားလည်ပြီး ကြံဆဖြေရှင်းရသည့် လုပ်ငန်းဖြစ်သည်ဟု ရှုမြင်သုံးသပ်မိပါသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၈

ဩဂုတ် ၂၅ ရက်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်ခဲ့ရသည်။ ယင်းနောက် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို အလေးပေးဆောင်ရွက်လျက်ရှိရာ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူလျက်ရှိသည်။

ထွက်ပြေးတိမ်းရှောင်သွားသည့် ကျေးရွာအချို့တွင် လူမရှိတော့သည့်နေရာများသို့သွားရောက်ခြင်း၊ ပစ္စည်းများ လုယူခြင်းနှင့် မီးရှို့ခြင်းများကို လူအချို့က ဆောင်ရွက်သည့် သတင်းများအရ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် ရသေ့တောင်မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ညမထွက်ရ အမိန့် ပုဒ်မ (၁၄၄)ကို ဩဂုတ် ၂၅ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ သတ်မှတ်ကြောင်း တိုးမြှင့်ထုတ်ပြန်၍ ကန့်သတ်နယ်မြေများသို့ ဝင်ရောက်ခြင်းမပြုရန်နှင့် ဥပဒေနှင့်အညီ အရေးယူမှုများပြုလုပ်သွားရန် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီခွဲတွင် မောင်တောမြို့နယ် ပန်းဘဲမြောက်ရွာရှိ နေအိမ်နှစ်လုံးအား မီးရှို့ထွက်ပြေးသွားသော တရားခံများ ဖမ်းဆီးရမိရေးအတွက် စုံစမ်းလျက်ရှိပြီး အလယ်သံကျော် နယ်မြေရဲစခန်း၌ (ပ)၂၉/၁၇၊ ပုဒ်မ ၄၃၆/၃၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သက္ကယ်ပြင်ကျေးရွာအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် စောသိန်းမောင်ပါ နှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာ ကျေးရွာအစပ်ရှိ ပုစွန်ကန်များမှ ငါး/ပုစွန် ၇၀ ကျပ်သားခန့်နှင့် ငါး/ပုစွန်ဖမ်းပိုက်များ သိမ်းဆည်းရမိသဖြင့် ပြင်ဖြူနယ်မြေရဲစခန်း၌ (ပ)၅၄/၂၀၁၇၊ ပုဒ်မ ၃၇၉/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် မောင်တောမြို့နယ် ညောင်ချောင်းကျေးရွာအုပ်စု၌ မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ညောင်ချောင်းကျေးရွာမှ နေအိမ် အလုံး ၆၀၊ ပန်းတောပြင်ရွာမှ နေအိမ် အလုံး ၁၀၀ စုစုပေါင်း နေအိမ် အလုံး ၁၆၀ ကာလတန်ဖိုး ငွေကျပ် ၃၂ သိန်းခန့် ဆုံးရှုံးခဲ့သည်။ အဆိုပါ မီးရှို့ထွက်ပြေးသွားသော တရားခံများ ဖမ်းဆီးရမိရေးအတွက် မကျီးချောင်းနယ်မြေရဲစခန်း၌ (ပ)၆၀/၁၇၊ ပုဒ်မ ၄၃၆/၁၁၄ ဖြင့် အမှုဖွင့်လှစ်စုံစမ်းလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် ပန်းဘဲတောင်ကျေးရွာ၌ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နေအိမ် ၁၅ လုံး ကာလတန်ဖိုး ငွေကျပ် ၁၅ သိန်းခန့် ဆုံးရှုံးခဲ့သည်။ အဆိုပါ မီးရှို့ထွက်ပြေးသွားသော တရားခံများဖမ်းဆီးရမိရေးအတွက် အလယ်သံကျော် နယ်မြေရဲစခန်း၌ (ပ)၂၉/၁၇၊ ပုဒ်မ ၄၃၆/၃၄ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ ရွာသစ်ကေရပ်ကွက် ကာလာဘာကျေးရွာ ယခင်မီးလောင်ပြင်အဟောင်း၌ ကျန်ရှိနေသည့် လူနေထိုင်ခြင်းမရှိသော နေအိမ်တစ်လုံးအား စက်တင်ဘာ ၁၇ ရက် ည ၇ နာရီတွင် မီးရှို့ခံရသဖြင့် ကာလတန်ဖိုး ငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မီးရှို့ထွက်ပြေးသွားသော တရားခံများ ဖမ်းဆီးရမိရေးအတွက် မောင်တောမြို့မရဲစခန်း၌ (ပ)၂၁၄/၁၇၊ ပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ ရွာသစ်ကေရပ်ကွက် ဒီပါရာကျေးရွာ ယခင်မီးလောင်ပြင်အဟောင်း၌ကျန်ရှိနေသည့် လူနေထိုင်ခြင်းမရှိသော နေအိမ်ငါးလုံးအား စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် မီးရှို့ခံရသဖြင့် ကာလတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မီးရှို့ထွက်ပြေးသွားသော တရားခံများ ဖမ်းဆီးရမိရေးအတွက် မောင်တောမြို့မရဲစခန်း၌ (ပ)၂၁၆/၁၇၊ ပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်လှစ် စုံစမ်းလျက်ရှိကြောင်းသိရသည်။

မောင်တောမြို့ ရွာသစ်ကေရပ်ကွက် ဒီပါရာကျေးရွာ ယခင်မီးလောင်ပြင်အဟောင်း၌ကျန်ရှိနေသည့် လူနေထိုင်ခြင်း မရှိသော နေအိမ်တစ်လုံးအား စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲတွင် မီးရှို့ခံရသဖြင့် ကာလတန်ဖိုးငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မီးရှို့ထွက်ပြေးသွားသောတရားခံများဖမ်းဆီးရမိရေးအတွက် မောင်တောမြို့မရဲစခန်း၌ (ပ)၂၁၇/၁၇၊ ပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ ရွာသစ်ကေရပ်ကွက် ဟိန္ဒူရွာမှ လူနေထိုင်ခြင်းမရှိသော နေအိမ်သုံးလုံးအား စက်တင်ဘာ ၂၆ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် မီးရှို့ခံရသဖြင့် ကာလတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မီးရှို့ထွက်ပြေးသွားသော တရားခံများ ဖမ်းဆီးရမိရေးအတွက် မောင်တောမြို့မရဲစခန်း၌ (ပ)၂၁၈/၁၇၊ ပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ ရွာသစ်ကေရပ်ကွက် ဘင်္ဂါလီရွာမှ လူနေထိုင်ခြင်းမရှိသော နေအိမ်တစ်လုံးအား စက်တင်ဘာ ၂၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မီးရှို့ခံရသဖြင့် ကာလတန်ဖိုးငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရှိရ၍ မောင်တောမြို့မရဲစခန်း၌ (ပ)၂၁၉/၁၇၊ ပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ရခိုင်တိုင်းရင်းသား ၁၀၀ ခန့်သည် ရာဇာဘီကျေးရွာ၌ ဘင်္ဂါလီရွာသားများ မရှိဟုယူဆပြီး ကျေးရွာအား ဖျက်ဆီးရန်ဝင်ရောက်စဉ် တိမ်းရှောင်နေသည့် ဘင်္ဂါလီရွာသားများမှ ရုတ်တရက် ထွက်ပေါ်လာပြီး ပဋိပက္ခဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယင်းလူအုပ်စုအား ရှင်းလင်းခဲ့ရာ ပီပီ(ခ) ကျော်မြင့်နိုင်ပါလေးဦးသည် ဘင်္ဂါလီလူအုပ်စုကြား လူစုကွဲပါသွားပြီး အသတ်ခံခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပီပီ(ခ)ကျော်မြင့်နိုင်ပါလေးဦးတို့အား (၃)မိုင်ရွာအနီးတွင် ARSA အစွန်းရောက်အကြမ်းဖက်သမား ၁၀၀ က သတ်ဖြတ်ခဲ့ကြောင်း စုံစမ်းသိရှိရ၍ ပြင်ဖြူနယ်မြေစခန်း၌ (ပ)၄၂/ ၁၇၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၄ ဖြင့် အမှုဖွင့်အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးပေးဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဒိန်းမတ်သံအမတ်ကြီး၊ WFP နှင့် World Bank တို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၈
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E Mr. Peter Lysholt Hansen က စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်တွင်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးလိုပါကြောင်း၊ National Verification Process နှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါကြောင်း၊ နေရပ်ပြန်လာသော သူများအတွက် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို သိလိုပါကြောင်း၊ ဒေသတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအားမူလနေရာများတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်နေမှုများကို သိရှိပြီး လိုအပ်သောအကူအညီများ ပေးလိုပါကြောင်း၊ ရခိုင်ပြည်နယ်ရှိလူမှုအသိုင်းအဝိုင်းအား အကာအကွယ်နှင့် လုံခြုံရေးပေးမည့်ကိစ္စများ ဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ လိုအပ်သော အကူအညီများ ပေးအပ်လိုပါကြောင်း၊ လက်ရှိ ကျန်ရှိနေသောကျေးရွာများနှင့်ပြည်သူများအား အကာအကွယ်ပေး၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်စေလိုပါကြောင်း၊ အကြံပေးကော်မရှင်၏အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှကူညီလိုပါကြောင်း၊ အတူတကွလုပ်ဆောင်လိုပါကြောင်း၊ UN/INGOs အဖွဲ့အစည်းများကလည်း ကူညီပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ASEAN နိုင်ငံများမှအကူအညီများပေးနေမှုကို သိရှိဝမ်းမြောက်ပါကြောင်း ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံပါဝင်သော နည်းလမ်းများဖြင့် အဖြေရှာဆောင်ရွက်နေပါကြောင်း၊ နေရပ်သို့ ပြန်လာသူများအတွက် National Verification Process ဖြင့် စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၉၉၃ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်အရ နေရပ်ပြန်လာသူများကိစ္စကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားနှင့်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ဦးစားပေးထောက်ပံ့အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ လူမှု/စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများ၏စာရင်းကို သက်ဆိုင်ရာ နိုင်ငံနှင့်အဖွဲ့အစည်းများအား ပေးအပ်ပြီး ဖြစ်ပါကြောင်း၊ ဖြစ်ရပ်တစ်ခုလုံးကို ခြုံငုံသုံးသပ်၍ ဦးစားပေးအစီအစဉ်များရေးဆွဲအကောင်အထည် ဖော်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေပါကြောင်း၊ သတင်းအမှန်များရရှိပြန့်ပွားစေရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ Country Director and Representative/ Deputy Humanitarian Coordinator ဖြစ်သူ Mr. Dom Scalpelli က လာရောက်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်တွင် WFP၏လုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ဆောင်ရွက်နေပါကြောင်း၊ လုပ်ငန်းများကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ တိုးချဲ့ဆောင်ရွက်လိုပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ကဆောင်ရွက်နေသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ဝင်အဖြစ်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် လူသားချင်းစာနာကူညီမှုဆိုင်ရာ လုပ်ငန်းများကို Red Cross Movement နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး နည်းလမ်းရှာဖွေသွားမည်ဖြစ်ပါကြောင်း၊ ASEAN နိုင်ငံများအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများကို သိမြင်ဝမ်းမြောက်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်နေကြောင်း၊ လူသားချင်းစာနာကူညီမှုလုပ်ငန်းများကို လိုအပ်သောနေရာတွင် ထိရောက်စွာဆောင်ရွက်နိုင်ရေး လုပ်ဆောင်နေပါကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ကမ္ဘာ့ဘဏ် Director for Myanmar, Cambodia and Lao PDR ဖြစ်သူ Mr. Ellen Goldstein က ကလေးသူငယ်နှင့် မိခင်များဆိုင်ရာ အာဟာရပြည့်စုံမှုသည် အရေးကြီးပါကြောင်း၊ အာဟာရဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက အစိုးရသည် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်ညီသော လူ့ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်သော လူမှုအသိုင်းအဝိုင်းတစ်ရပ် ပေါ်ပေါက်လာစေရန် ကြိုးစားဖြည့်ဆည်းပေးနေပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းပါးသော နာဂဒေသ၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်စေလိုပါကြောင်း၊ World Bank ၏ အာဟာရဆိုင်ရာ စီမံကိန်းကို အသေးစိတ်သိလိုပါကြောင်း၊ အာဟာရဆိုင်ရာလုပ်ငန်းများသည် နိုင်ငံတော်၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာတွင် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ အာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် မိသားစုဆိုင်ရာ စီမံကိန်းများ တိုးမြှင့်ဆောင်ရွက်စေလိုပါကြောင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်ခံရမှုကိစ္စများကို ရှင်းလင်းဆွေးနွေးပြီး ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းက ကူညီပေးလျက်ရှိပါကြောင်း၊ တိမ်းရှောင်သူများ ပြန်လည်လက်ခံရေးလုပ်ငန်းများစတင်မည်ဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘူးသီးတောင်မြို့နယ် ဒုအိုးသည်မကျေးရွာအုပ်စုနှင့် ပြိုင်းတောင်ကျေးရွာအုပ်စုတို့မှ ဘင်္ဂါလီများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာ၊ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံညှိနှိုင်း

နေပြည်တော် စက်တင်ဘာ ၂၈
မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအုပ်စု လေယာဉ်ကွင်းကျေးရွာတွင် ဘူးသီးတောင်မြို့နယ်အတွင်းမှ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်မည့် ဘင်္ဂါလီများရောက်ရှိနေကြောင်း သတင်းအရ မောင်တောခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၇ ရက်တွင် သွားရောက်တွေ့ဆုံခဲ့သည်။

လေယာဉ်ကွင်းကျေးရွာတွင် တိမ်းရှောင် ရောက်ရှိနေသူများသည် ဘူးသီးတောင်မြို့နယ် ဒုအိုးသည်မကျေးရွာအုပ်စုနှင့် ပြိုင်းတောင်ကျေးရွာအုပ်စု ဇင်ခါးမကျေးရွာ၊ ဘိုလီကျေးရွာ၊ ငွေတောင်ကျေးရွာတို့မှဖြစ်ပြီး ဒေသအခြေအနေ မတည်ငြိမ်မှုအပေါ်ကြောက်ရွံ့၍ တစ်ဖက်နိုင်ငံသို့တိမ်းရှောင်ရန် ယင်းနေရာသို့ ရောက်ရှိကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က တိမ်းရှောင် ရောက်ရှိနေသူများအား တွေ့ဆုံမေးမြန်းရာ စားဝတ်နေရေး အခက်အခဲရှိသဖြင့် ဆက်လက်နေထိုင်၍မရသောကြောင့် သွားရောက်လိုခြင်းဖြစ်ကြောင်း၊ လုံခြုံရေးအခြေအနေအရ ကျေးရွာတွင် လုံခြုံမှုမရှိဟုယူဆ၍ သွားရောက်လိုခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ဘင်္ဂါလီများက ထွက်ခွာရန် ဆက်သွယ်ပြောဆိုခြင်းများရှိကြောင်း၊ ဒေသခံတိုင်းရင်းသားအချို့က ဖုန်းဖြင့် ခြိမ်းခြောက်ခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဘင်္ဂါလီများလည်း တိမ်းရှောင်မှုများရှိနေခြင်းတို့ကြောင့် ၎င်းတို့အုပ်စုသည် လူနည်းစုဖြစ်မည်ကို စိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံရှိ ၎င်းတို့မျိုးနွယ်စုများထံ သွားရောက်လိုခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ သိရှိပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးက ရှင်းလင်းပြောကြားရာ စားဝတ်နေရေး အခက်အခဲရှိပါက ဆန်၊ ဆီ၊ ဆား၊ ပဲ လေးမျိုးတို့ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ လက်ရှိနေရာမှ မူလနေရာသို့ ပြန်လိုလျှင် မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပြီး လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားများက ဖုန်းဖြင့် ခြိမ်းခြောက်မှုရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ခြိမ်းခြောက်မှုများပြား၍ လူနည်းစုဖြစ်မည်ဟုယူဆပါက ပတ်ဝန်းကျင်ကျေးရွာများကို စုစုစည်းစည်း လုံခြုံအောင်စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ခြင်း၊ မိမိနေရပ်သို့ ပြန်လိုခြင်းတို့အတွက် ပြန်လည်ဆက်သွယ်ပြောကြားရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ယာယီဓာတ်အားပြတ်တောက်မည်

ရန်ကုန် စက်တင်ဘာ ၂၈
ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော ဓာတ်အားများကို 230KV သန်လျင်-ကမာနတ်လိုင်းပေါ်သို့ မကြာမီအချိန်တွင် ချိတ်ဆက်ပို့လွှတ်မည်ဖြစ်သည်။

အဆိုပါ ဓာတ်အားကို လက်ခံနိုင်ရန်အတွက် 230KVသန်လျင်ပင်မဓာတ်အားခွဲရုံတွင် လက်ရှိအသုံးပြုနေသော 230KVသန်လျင်-ကမာနတ်လိုင်း Switchbay ၏ Equipments များသည် Operation ပြုလုပ်ရန်ခက်ခဲခြင်း၊ လက်ရှိ Line CT သည်ဝန်အားပိုမိုသုံးစွဲရန် Ratio နည်းနေခြင်းနှင့် လက်ရှိ Line CVT သည် Secondary Winding တစ်ခုတည်းဖြစ်နေခြင်းကြောင့်လိုအပ်ချက်အရ Equipments အသစ်များလဲလှယ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်နံနက် ၆နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်စဉ်အတွင်း သန်လျင်မြို့နယ် CNG(031((018)၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ တံတားမြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ ရပ်ကွက်အချို့၊ အရှေ့ပိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ်၊ သမဝါယမကောလိပ်၊ ရေတပ်ဌာနချုပ်နှင့် သီလဝါဆိပ်ကမ်းတို့ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူအား အသိပေးပန်ကြားထားသည်။

(ကြေးမုံ)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဝေန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် စက်တင်ဘာ ၂၈
ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

သက်ဆိုင်ရာဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးမှုကို ရှေ့တန်းတင်ပြီးတော့ ဆောင်ရွက်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းငြိမ်းချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်နဲ့ ပါဝင်ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ယနေ့တွင် မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

မေး။ ။ ဒီနေ့ စက်တင်ဘာ ၂၈ ရက်မှာ ရခိုင်ပြည်နယ်မောင်တောဒေသကို သွားမယ့် နိုင်ငံတကာက သံတမန်တွေရဲ့ ခရီးစဉ်ရွှေ့ဆိုင်းလိုက်တယ်ဆိုတာ ဘာကြောင့်များပါလဲခင်ဗျာ။

ဖြေ။ ။ ဟုတ်ပါတယ်။ ကျွန်တော်လည်းပါပါတယ်။ ကျွန်တော်တို့ ဒီနေ့မနက် ၆ နာရီမှာ ထွက်ဖို့ စီစဉ်ထားတယ်။ သံတမန်တွေအများကြီးပါတယ်။ အစိုးရဘက်က ပြည်ထောင်စုဝန်ကြီး သုံးဦးပါတယ်။ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမြင့်ထွေးနဲ့ ကျွန်တော်ပါ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး တစ်ဦးပါတယ်။ သံတမန်တွေကတော့ တော်တော်များများပါတယ်။ ကျွန်တော်တို့ ၈ နာရီအထိ စောင့်ဆိုင်းပေမယ့် ရခိုင်ဘက်မှာ ရာသီဥတုအခြေအနေက မကောင်းသေးတဲ့အတွက် အဆင်မပြေဘူး။ ဟိုဘက်ရောက်ရင် ရဟတ်ယာဉ်နဲ့ ဆက်သွားရမှာဆိုတော့ ရာသီဥတုက ပိုအရေးကြီးတယ်။ ဒါကြောင့် သံတမန်တွေက လေယာဉ်ကော၊ ရဟတ်ယာဉ်ကော စိတ်မချရဘူး။ ရက်ရွှေ့ချင်ပါတယ်ဆိုပြီး သံတမန်အကြီးအကဲ စင်ကာပူသံအမတ်ကြီးက မေတ္တာရပ်ခံလာတယ်။ ဒါနဲ့ ကျွန်တော်တို့ လေယာဉ်ကွင်းမှာပဲ သံတမန်တွေရဲ့သဘောတူညီချက်ကိုယူပြီး မသွားတဲ့ဘက်ကို ပိုများတဲ့အတွက် နိုင်ငံခြားရေးကနေပြီး ရက်ရွှေ့ပေးလိုက်တယ်။ ဒါကြောင့် အခုလတ်တလောတော့ အောက်တိုဘာ ၂ ရက် (တနင်္လာနေ့) သွားမယ်လို့ ရည်ရွယ်ထားတယ်။

မေး။ ။ စက်တင်ဘာ ၂၉ ရက်မှာ ဟိန္ဒူဘာသာဝင်တွေရဲ့ ရုပ်အလောင်းတွေကို ဟိန္ဒူဘာသာဓလေ့ထုံးစံအရ သဂြိုဟ်မယ်ဆိုတာကိုရော ရွှေ့ဆိုင်းလိုက်သလားဆိုတာ သိချင်ပါတယ်ခင်ဗျာ။

ဖြေ။ ။ ဟိန္ဒူဘာသာဝင်တွေရဲ့ ရုပ်အလောင်းတွေကို ဟိန္ဒူဘာသာဝင်တွေရဲ့ ဆန္ဒအရလုပ်တာ။ ရုပ်အလောင်းက ၄၅ လောင်းတော့တွေ့ပြီ။ ဒါပေမယ့် ဟိန္ဒူဘာသာဝင်တွေက ထပ်ရှိသေးတယ်။ ရှာချင်သေးတယ် ပြောတယ်။ ဒါတွေကို ရှာဖွေနေဆဲဖြစ်ပေမယ့် အခုတူးဖော်ထားတဲ့ အလောင်းတွေကိုတော့ ရက်ကြာနေပြီဖြစ်တဲ့အတွက် သူတို့ရဲ့ဆန္ဒအရ စုပေါင်းပြီး သဂြိုဟ်ချင်တယ် ပြောတယ်။ ဒါကြောင့် ဟိန္ဒူဘာသာဝင်တွေ ရွေးချယ်ထားတဲ့ရက်မှာပဲ ဆက်လက်ဆောင်ရွက်တာပါ။ သံတမန်တွေ လာကြည့်ခြင်း၊ မကြည့်ခြင်းနဲ့ တိုက်ရိုက်ပတ်သက်မှုမရှိဘူး။ သံတမန်တွေက မောင်တောဒေသရဲ့ အခြေအနေကို မျက်မြင်ကိုယ်တွေ့ ကြည့်ချင်တယ်၊ တွေ့ချင်တယ်ဆိုလို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အခုဟိန္ဒူဘာသာဝင်တွေရဲ့ ရုပ်အလောင်းတွေကို မတွေ့ခင်ကတည်းက စီစဉ်ခဲ့တာပါ။ ဒါပေမယ့် ဒီနေ့သွားဖြစ်ရင်တော့ ဟိန္ဒူဘာသာဝင်တွေရဲ့ ရုပ်အလောင်းတွေကို သွားကြည့်မယ့်အစီအစဉ်ပါတယ်။ အခုမသွားဖြစ်ဘူးဆိုတော့ ဒါမပါတော့ဘူး။ ဒါပေမယ့် အဲဒီနေရာတွေကိုတော့ သွားကြည့်မှာပါ။

မေး။ ။ ခမောင်းဆိပ်နဲ့ ရဲဘော်ကျွန်ရွာတွေမှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေကို ARSA အစွန်းရောက်အကြမ်းဖက်သမားတွေက ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး ဟိန္ဒူဘာသာဝင် အမျိုးသမီး ရှစ်ဦးနဲ့ ကလေးငယ်တွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားတယ်လို့ ဟိန္ဒူဘာသာဝင်တွေရဲ့ ပြောကြားချက်အရ သိရပါတယ်။ အဓိက သက်သေအဖြစ်ရှိနေတဲ့ သူတို့တွေကို ပြန်လည်ခေါ်ယူဖို့လုပ်နေတယ်ဆိုတာလေး ဖြေကြားပေးပါခင်ဗျာ။

ဖြေ။ ။ အဲဒါကတော့ သံတမန်နည်းအရ ဆက်သွယ်ဆောင်ရွက်ထားတာရှိတယ်။ ဘယ်အခြေအနေအထိရောက်နေပြီဆိုတာတော့ ကျွန်တော်မသိပါဘူး။ ဆောင်ရွက်မှုတွေတော့ ရှိပါတယ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

မေး။ ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ခွာသွားတဲ့ အစ္စလာမ်ဘာသာဝင်တွေကို ပြန်ခေါ်ဖို့ ယာယီစခန်းနှစ်ခု ဖွင့်လှစ်ပြီး ပြန်ခေါ်သွားမယ်ဆိုတာ ဟုတ်ပါသလား။ ဘယ်နေရာတွေမှာလဲဆိုတာနဲ့ ဘယ်တော့စတင်လက်ခံမလဲခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့က သူတို့ကို ပြန်လည်လက်ခံမယ်ဆိုတာကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြောထားပြီးသား။ ၁၉၉၃ ခုနှစ် နိုင်ငံသဘောတူညီထားတဲ့ အချက်အလက်တွေအရပေါ့။ ဘယ်တော့လက်ခံမလဲဆိုတော့ အမြန်ဆုံးတော့ ကြိုးစားနေပါတယ်။ နှစ်နိုင်ငံညှိနှိုင်းမယ်။ ဒီဘက်တာဝန်ရှိတဲ့ ဝန်ကြီးဌာနတွေက အကြမ်းဖျင်းစီစဉ်နေတယ်။ ကုန်းလမ်းကဆိုရင် တောင်ပြိုလက်ဝဲ ကောင်းတယ်။ ရေလမ်းဘက်ကဆိုရင် ငါးခူရ ကောင်းတယ်ဆိုပြီး စီစဉ်တယ်။ နောက် လက်ခံတဲ့စခန်းတွေမှာ စိစစ်ပြီးတော့မှ နေရာချထားရေးကိုတော့ အကြမ်းဖျင်းအားဖြင့် ဒါးကြီးစားမှာ ဆောင်ရွက်မယ်။ ဒါတွေက အကြမ်းဖျင်းအဆိုပြုစီစဉ်နေတာမို့လို့ ပြန်အတည်ပြုရဦးမယ်။ နောက် နိုင်ငံသားစိစစ်အတည်ပြုမှု (National Verification-NV) ကိုလည်းအရှိန်အဟုန်နဲ့ ဆောင်ရွက်မယ်။

မေး။ ။ မောင်တောဒေသမှာရှိတဲ့ မီးလောင်သွားခဲ့တဲ့ ရွာတွေအတွက် ဘယ်လို ဆက်လက်ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ။

ဖြေ။ ။ ဒါနဲ့ပတ်သက်ရင်တော့ ဒီကိစ္စက ပြန်လည်နေရာချထားရေးနဲ့ ဆိုင်တဲ့ ကိစ္စတွေဖြစ်တယ်။ နောက်ပြီးတော့ မီးလောင်သွားတဲ့ နေရာတွေမှာလည်း အစိုးရရဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ နယ်မြေဖြစ်တယ်ဆိုတဲ့ ဟိုတုန်းက ဥပဒေတွေရှိခဲ့တယ်။ ဒါပေမယ့် အခု ကျွန်တော်တို့ ဥပဒေနဲ့ အညီဆောင်ရွက်ဖို့ လိုတယ်ဆိုပြီး ဥပဒေနဲ့ ပတ်သက်တဲ့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနဲ့ တိုင်ပင်တယ်။ အဲဒီမှာ သူတို့ရဲ့အကြံပေးချက်ထွက်ပေါ်လာတယ်။ လက်ရှိမှာတော့ မြေပြင် အခြေအနေနဲ့ ကိုက်ညီတာကတော့ သဘာဝဘေးစီမံခန့်ခွဲမှု ဥပဒေ ၂၀၁၃ ဆိုတာရှိတယ်။ နည်းဥပဒေ ၂၀၁၅ ဆိုတာရှိတယ်။ အဲဒီမှာ ဘေးအန္တရာယ်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း အကျုံးဝင်တယ်။ ဒါကြောင့် အဲဒီဥပဒေတွေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာပါ။

မေး။ ။ ရခိုင်ဒေသနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောချင်တာမျိုး ဘာများရှိနေဦးမလဲ ခင်ဗျာ။

ဖြေ။ ။ ရခိုင်ဒေသနဲ့ ပတ်သက်ရင် ဖြစ်ပွားနေတဲ့ ကိစ္စရပ်တွေဟာ နှစ်ရှည်လများ ဖြစ်ခဲ့တာပါ။ အစိုးရသစ်အနေနဲ့ကလည်း စတက်လာကတည်းက အမြဲပြောနေပါတယ်။ တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်မယ်ဆိုပြီး ဆောင်ရွက်ခဲ့တယ်။ တိုင်းရင်းသားတွေ နေထိုင်တဲ့ ဒေသတွေမှာလည်း ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးအလိုက် ဦးစားပေးဆောင်ရွက်ဖို့ နေရာတွေကိုကြည့်တော့ ချင်းနဲ့ရခိုင်ကို တွေ့ရပါတယ်။ ရခိုင်ကတော့ ပိုပြီးပဋိပက္ခများတော့ ဦးစားပေးဖြစ်သွားတာပါ။ ချင်းပြည်နယ်ကိုလည်းပဲ ဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရသစ် စတက်ချင်းမှာပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီးတော့ ကော်မတီဖွဲ့ ဆောင်ရွက်ပါတယ်။ အဲဒီမှာမှ ရေရှည်ပိုပြီးတော့ ဆောင်ရွက်နိုင်ဖို့ဆိုပြီးတော့ မစ္စတာကိုဖီအာနန်ခေါင်းဆောင်တဲ့ အကြံပေးကော်မတီတွေလည်း ဖွဲ့တယ်။

နောက်တစ်ခါ ၂၀၁၆ အောက်တိုဘာ ၉ ရက် ဖြစ်စဉ်တွေကြောင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မတီလည်း ဖွဲ့တယ်။ အဲဒီကော်မရှင်နှစ်ခုရဲ့ အကြံညာဏ်တွေကို ကျွန်တော်တို့ ဖော်ဆောင်လိုက်ရင် ရေရှည်အတွက် ကောင်းမွန်တဲ့ကိစ္စတွေရှိတယ်။ ဒါပေမယ့် အခုလက်ရှိ မြေပြင်အခြေအနေနဲ့ ကျွန်တော်တို့က ဆက်စပ်ပြီးတော့မှ ပိုပြီးတော့ ဦးစားပေး အကျိုးရှိမယ်။ တည်ငြိမ်အေးချမ်းမှုလည်း မပျက်ပြားဘူး။ အဲဒီမှာရှိတဲ့ ပြည်သူပြည်သားတွေ ပိုပြီးအကျိုးရှိတဲ့ ကိစ္စရပ်တွေကို ထိထိရောက်ရောက် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ်နဲ့ ပတ်သက်ရင် တကယ်ကို စိတ်ရင်းအမှန်နဲ့ ဦးစားပေးဆောင်ရွက်ပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် နည်းမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် ပြည်သူတွေ ပူးပေါင်းပါဝင်ဖို့ လိုပါတယ်လို့ ပြောချင်ပါတယ်။ လုပ်တဲ့အခါမှာ သက်ဆိုင်ရာဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးမှုကို ရှေ့တန်းတင်ပြီးတော့ ဆောင်ရွက်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းငြိမ်းချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်နဲ့ ပါဝင်ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

အင်တာဗျူး-ရဲခေါင်ညွန့်
ဓာတ်ပုံ-ဖိုးထောင်

တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းတံခွန်စိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော အားကစားအဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂုဏ်ပြုကြိုဆို

စစ်တွေ စက်တင်ဘာ ၂၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသော ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်နပန်းတံခွန်စိုက်ဒိုင်း အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော အားကစားအဖွဲ့အား စစ်တွေလေဆိပ်၌ ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ရခိုင်ပြည်နယ် ကိုယ်စားပြု နပန်းအားကစားအဖွဲ့အနေဖြင့် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်သုံးခုတို့အပြင် အသင်းလိုက်တံခွန်စိုက်ဖလား၊ အမျိုးသားတံခွန်စိုက်ဖလားနှင့် အမျိုးသမီးတံခွန်စိုက်ဖလားတို့ကို ရရှိကာ ပြည်နယ်ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ပြည်နယ်အတွက် ဂုဏ်ဆောင်နိုင်ခြင်းသည် ရခိုင်ပြည်နယ် နပန်းအားကစားအဖွဲ့အနေဖြင့် ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်နပန်းအားကစားပြိုင်ပွဲတွင်လည်း ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ယခုကျင်းပပြီးစီးခဲ့သော ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်နပန်းတံခွန်စိုက်ဒိုင်းအားကစားပြိုင်ပွဲတွင် အမျိုးသားကီလိုဝိတ်တန်း ရှစ်တန်း၊ အမျိုးသမီးကီလိုဝိတ်တန်းရှစ်တန်း ထည့်သွင်းကျင်းပခဲ့ရာ ရခိုင်ပြည်နယ် နပန်းအားကစားအဖွဲ့အနေဖြင့် အမျိုးသား ကီလိုဝိတ်တန်း ခုနစ်တန်းနှင့် အမျိုးသမီးကီလိုဝိတ်တန်း ခြောက်တန်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ရခိုင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်သော အားကစားသမားများ၏ ဆွတ်ခူးရရှိသောဆုရရှိမှုမှာ အမျိုးသား ၉၆ ကီလိုတန်းပြိုင်ပွဲတွင် မောင်သိန်းအောင်၊ ၈၄ ကီလိုတန်းပြိုင်ပွဲတွင် မောင်မင်းမင်းထွန်း၊ ၇၄ ကီလိုတန်းပြိုင်ပွဲတွင် မောင်ထွန်းအောင်ကျော်၊ ၅၀ ကီလိုတန်းပြိုင်ပွဲတွင် မောင်အောင်နိုင်၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် မောင်အောင်ဌေးတို့က ပထမရွှေတံဆိပ်ဆုများ အသီးသီး ဆွတ်ခူးရရှိခဲ့ပြီး အမျိုးသမီးပြိုင်ပွဲတွင် ၄၆ ကီလိုတန်းမှ မချိုချိုမြင့်နှင့် ၅၅ ကီလိုတန်းပြိုင်ပွဲတွင် မမြဝင်းရီတို့က ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည်။ ယင်းနောက် ငွေတံဆိပ်ဆုများကို ၆၆ ကီလိုတန်းပြိုင်ပွဲတွင် မောင်ဇော်ဝင်းထွန်း၊ ၅၅ ကီလိုတန်းပြိုင်ပွဲတွင်

မောင်ရဲလင်းအောင်နှင့် အမျိုးသမီး ၅၁ ကီလိုတန်း ပြိုင်ပွဲတွင် မနွယ်ကြည်ဇံတို့က ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲတွင် ဆုရအားကစားသမားများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက စစ်တွေလေဆိပ် ဧည့်ခန်းမဆောင်၌ ဂုဏ်ပြုစကားပြောကြားပြီး ရွှေတံဆိပ်ဆုရရှိသော အားကစားသမားများအား တစ်ဦးလျှင် ငွေကျပ်ငါးသိန်း၊ ငွေတံဆိပ်ဆုရရှိသော အားကစားသမားများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် အသင်းလိုက်အကောင်းဆုံး ဒိုင်းဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ငွေကျပ်သိန်း ၃၀ ချီးမြှင့်ခဲ့သည်။

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းပြိုင်ပွဲတွင် ပြည်နယ်ဂုဏ်ဆောင် အောင်မြင်မှုရရှိခဲ့သော အားကစားအဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချမ်းသာ၊ ပြည်နယ်လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စောမြနှင့် ပြည်နယ်အားကစားအဖွဲ့ဝင်များက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ရန်ကုန်မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကုန်သွယ်မှု ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၂၈

ဒုတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဦးဆောင်၍ အစိုးရနှင့်ပုဂ္ဂလိက ကိုယ်စားလှယ်အဖွဲ့ဝင် ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံဘက်မှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Oreshkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံအကြား ဥပဒေဆိုင်ရာမူဘောင်များ အဆင့်မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လူသားချင်းစာနာထောက်ထားမှုနှင့် ပညာရေးဆက်နွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးအတွင်း နှစ်နိုင်ငံ ဝန်ကြီးများသည် ရန်ကုန်မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကုန်သွယ်မှုကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အလှည့်ကျ ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဒဏ်ရာဗရပွဖြစ်ခဲ့သည့် အတိတ်မှ ကောင်းမွန်သော အနာဂတ်ဆီကို ချီတက်ကြရမည်

နေပြည်တော် စက်တင်ဘာ ၂၈

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင်-

မကြာမီက ရခိုင်ပြည်နယ်ရှိမွတ်စလင်များ၊ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အခြားသောလူနည်းစုများကို ထိခိုက်စေသည့် ဝမ်းနည်းစရာဖြစ်စဉ်များက နိုင်ငံတကာအဖွဲ့အစည်းများကို စိုးရိမ်ပူပန်စေခဲ့ပါကြောင်း၊ ထိုဖြစ်ရပ်များကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးကြရသည့် များပြားလှသော မွတ်စလင်၊ ဟိန္ဒူဘာသာဝင်များ၊ ရခိုင်၊ မြို အစရှိသည့် တိုင်းရင်းသားများနှင့် အထူးသဖြင့် ကလေးငယ်များအားလုံးတို့အတွက် အလွန်ပင်ကရုဏာသက်မိပါကြောင်း၊ ယခုလိုအဖြစ်ဆိုးမျိုးသည် လုံးဝမဖြစ်သင့်ပါကြောင်း။

အကြမ်းဖက်မှုဟူသမျှနှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က သူ၏မိန့်ခွန်းတွင် စိုးရိမ်ပူပန်မှုကို မိန့်ကြားဖော်ပြခဲ့သလို ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အကျိုးမပြုသော အခြေအမြစ်မရှိ ပြင်းထန်စွာဝေဖန်တိုက်ခိုက်မှုများသည် လက်တွေ့ဖြစ်ပျက်နေမှုများနှင့် တခြားစီဖြစ်နေသည်ဆိုသည်ကို ကျွန်ုပ်တို့အမှန်ပင်ထောက်ခံပါကြောင်း၊ အနောက်တိုင်း သတင်းမီဒီယာများက ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍအပေါ် အလွန်အမင်းဝေဖန်ခဲ့ကြပါကြောင်း၊ သူ၏ခံစားချက်များနှင့် ရပ်တည်ချက်များကို သည့်ထက်ဆောလျင်စွာဖော်ပြခဲ့သင့်ကြောင်းလည်း အများက ဝေဖန်ကြပါကြောင်း၊ သို့သော်လည်း အရာရာကို သူ့အပေါ်အပြစ်ပုံချပြီး သူ့ပြန်ကြားချက်ကို အပြစ်တင်ဝေဖန်မှုများသည် အလွန်ပင်လက်တွေ့မကျသော ပြုမူချက်များဖြစ်ပါကြောင်း။

သူ၏မိန့်ခွန်းထဲမှာပါသော ရခိုင်ပြည်နယ်လူ့အခွင့်အရေးများ၊ ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုအတွက် အာမခံချက်များသည် ကြိုဆိုရမည့်အရာဖြစ်ကြောင်း၊ ဤနိုင်ငံတွင် နေထိုင်ခဲ့သည်မှာ ကြာပြီဖြစ်သည့်သူများအဖို့ တရားမျှတမှုဆိုတာ အလွန်လိုအပ်ပါကြောင်း၊ ‘ကိုဖီအာနန်’ ဦးဆောင်သည့် ကော်မရှင်အနေဖြင့်လည်း အပြုသဘောဆောင်သောအကြံပြုချက်များပေးခဲ့သည်မှာ သင့်လျော်ပါကြောင်း၊ ယင်းကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် လုပ်ဆောင်ရန် ဒေါ်အောင်ဆန်းစုကြည်ကလည်း ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုလိုအပြုသဘောဆောင်သည့်လုပ်ရပ်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အသိအမှတ်ပြုအားပေးကာ ပူးပေါင်းကူညီသင့်ပါကြောင်း။

ကျွန်ုပ်တို့အားလုံး ဒဏ်ရာဗရပွဖြစ်ခဲ့သည့်အတိတ်မှ ကောင်းမွန်သော အနာဂတ်ဆီကို ချီတက်ကြရပါမည်။ အတိတ်က အဖြစ်အပျက်များက အနာဂတ်အတွက် သင်ခန်းစာများ ဖြစ်ကြပါစေလိုကြောင်း။

တရားမျှတမှုမှအခြေခံသည့် ငြိမ်းချမ်းရေးသည် ဖြစ်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးသာ တစ်ခုတည်းသောလမ်းဖြစ်ပါကြောင်း ပါရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာနက နေရပ်စွန့်ခွာပြည်သူများအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်

စစ်တွေ စက်တင်ဘာ ၂၈

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်နှင့် ကျေးရွာများမှ နေရပ်များကိုစွန့်ခွာပြီး စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံလျက်ရှိသည့် ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ယာယီကယ်ဆယ်ရေးစခန်းများသို့သွားရောက်ပြီး ကူညီထောက်ပံ့ပေးအပ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ယနေ့မွန်းလွဲပိုင်းက ဇေယျဝတီဘုန်းတော်ကြီးကျောင်း၊ အောင်မြေကုန်းဘုန်းတော်ကြီးကျောင်း၊ ရတနာဗိမာန်ဘုန်းတော်ကြီးကျောင်း၊ သာသနာ့ရောင်ခြည် ဘုန်းတော်ကြီးကျောင်းနှင့် ဓညဝတီအားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၈ ဦးအတွက် ငွေကျပ် ၃၆၀၀၀၀၊ (၂)နှစ်ကလေး ၆၈ ဦးအတွက် ငွေကျပ် ၆၈၀၀၀၀၊ သက်ကြီးရွယ်အိုအသက်(၆၀)နှင့်အထက် ၄၇ ဦးအတွက် ငွေကျပ် ၉၄၀၀၀၀၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ၃၀ အတွက် ငွေကျပ် ၆၀၀၀၀၀၊ ကျန်းမာရေးဆေးဝါးကုသသည့် လူနာတစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀၊ ထိခိုက်လွယ်အုပ်စုတွင် ပါဝင်သူနှစ်ဦးအတွက် ငွေကျပ် ၂၀၀၀၀၀ တို့ကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် ကလေးငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ လူမှုပံ့ပိုးကူညီပေးခြင်းနှင့် ကလေးပျော်နေရာများ ဖန်တီးပေးခြင်းကိုလည်း ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး တောင်သူများနှင့်ဆွေးနွေး

ပေါင်းတည် စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် JICA ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဝဲကြီးဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း၏ လက်ယာတူးမြောင်းမကြီးအဖျားပိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက်က ပေါင်းတည်မြို့နယ် ပျဉ်ပုံကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်က ရာသီဥတုပြောင်းလဲခြင်းများကြောင့် အခြေအနေအရပ်ရပ်သည် ယနေ့မှန်ကန်နေသော်လည်း နောင်တစ်ချိန်တွင် မမှန်ဖြစ်တတ်ကြောင်း၊ ရေရှည်အကျိုးဖြစ်ထွန်းမှုအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုကြောင်း၊ အများစုဆန္ဒအတိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း အနည်းစုဆန္ဒကိုထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကလည်း ပြီးခဲ့သည့်နှစ် အတွေ့အကြုံအရ သဘာဝဘေးဒဏ်ကြောင့် အခက်အခဲတွေ့ရသည့်အခါ စိုက်ပျိုးမြေများအတွက် ရေရရှိရေးအလွန်စိုးရိမ်ရပါကြောင်း၊ ဒေသခံတောင်သူများ ပွင့်လင်းစွာဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူများက လက်တွေ့တွေ့ကြုံရသည့် အခက်အခဲနှင့်လိုအပ်ချက်များတင်ပြကြပြီး အတိုင်ပင်ခံပညာရှင်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲမှ ရလဒ်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

❐ ယခုလကုန်အထိမှ

လုပ်ငန်း ၅၃ ခု၊ အမေရိကန်ဒေါ်လာ ၄၈၆ ဒသမ ၄၂ သန်း အပါအဝင် ကျပ် ၁၂၈၂၂၉၇ ဒသမ ၀၃ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၅၇ ဒသမ ၄၆ သန်းအပါအဝင် ကျပ် ၁၄၇၄၁၁၈ ဒသမ ၃ သန်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ စက်တင်ဘာ ၂၇ ရက်က တရားဝင် ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

(ဆုနှင်းလဲ့)

❋ ရှုံးထွက်ပြိုင်ပွဲမှ

ဧရာဝတီအသင်းတို့ပွဲမှာ ရည်မှန်းချက်ကိုယ်စီအတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက ဖလားနှစ်လုံး၊ ဧရာဝတီအသင်းက နောက်ဆုံးဖလားမျှော်လင့်ချက်အတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဧရာဝတီအသင်းနှင့် အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံရာ နှစ်ကျော့စလုံး အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ရလဒ်ကောင်း ထပ်မံရယူနိုင်မလား၊ ဧရာဝတီအသင်းက ရှုံးကြွေးပြန်ဆပ်နိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ နှစ်သင်းစလုံးတွင် အမာခံကစားသမားများ အစုံအလင်ပါဝင်မည်ဖြစ်ရာ ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်သည်။ MNL ပြိုင်ပွဲစတင်ကတည်းက ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည့် ရန်ကုန်နှင့် ရတနာပုံအသင်းတို့၏ နှစ်ရာသီဆက်တိုက် ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခြင်းဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံစဉ်က အိမ်ကွင်းပွဲများတွင် အပြန်အလှန်အနိုင်ရထားပြီး ရလဒ်မပြတ်သားခဲ့သည့် ရန်ကုန်နှင့် ရတနာပုံအသင်းအတွက် နောက်ထပ်ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်တွင် ရန်ကုန်အသင်းမှ နန်းဝေမင်း၊ ရတနာပုံအသင်းမှ လှိုင်းဘိုဘိုနှင့် ရှိုင်းသူရတို့ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်ဘဲ ရတနာပုံအသင်းခေါင်းဆောင် ရန်ပိုင်နှင့် တိုက်စစ်မှူး ဝင်းနိုင်စိုးမှာလည်း ဒဏ်ရာကြောင့် လွဲချော်မည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် တက်ရောက်လာသည့် အသင်းများအနက် ဧရာဝတီအသင်းက ချန်ပီယံဆု သုံးကြိမ်၊ ရန်ကုန်အသင်းက ချန်ပီယံဆုတစ်ကြိမ်ရရှိထားပြီး ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့မှာ အမြင့်ဆုံး ဒုတိယနေရာသာရရှိဖူးကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ဒုတိယအကြိမ် ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်၌ ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ မူဝါဒရေးဆွဲရေးဦးစီးကော်မတီဝင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံးမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မူဝါဒရေးဆွဲရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းသည့်နေရာတွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများ၏ အဓိကရည်မှန်းချက်ဖြစ်သည့် လူသားများ၏ ကျန်းမာရေး၊ သာယာဝပြောရေးနှင့် လူမှုရေးပြဿနာများ ကင်းဝေးစေရေးကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် အကြိမ်(၃၀)မြောက် ကမ္ဘာ့မူးယစ်ဆေးဝါး ကုလသမဂ္ဂအထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် ပြည်သူ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုကိုရှေးရှုသော မူးယစ်ဆေးဝါးမူဝါဒများ ရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များကို ချမှတ်နိုင်ခဲ့သည်။ အကြံပြုချက်များအရ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေး ဦးစီးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာနှင့် မူဝါဒတို့အကြား အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ရာတွင် မူးယစ်ဆေးဝါးအမျိုးအစားသစ်များ ပေါ်ထွက်လာမှု အပါအဝင် ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့တွင် များစွာသက်ရောက်စေခဲ့ကာ ပိုမိုရှုပ်ထွေးစေကြောင်း တွေ့ရှိရသည်။

ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ သုံးစွဲမှုပုံစံများပေါ်မူတည်ပြီး ၂၄ နှစ်ကျော်ကြာ ကျင့်သုံးခဲ့သည့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ထားသည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်၌ အတည်ပြုပြီးဖြစ်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရဌာနများအကြား ဘုံရည်မှန်းချက်များထားရှိရမည်ဖြစ်သလို ကိုယ်စီတာဝန်ရှိမှု၊ ဘက်ပေါင်းစုံပါဝင်မှု၊ သဟဇာတဖြစ်မည့် သဘောတရားများကိုအခြေခံပြီး ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်သည် ကုလသမဂ္ဂအထွေထွေညီလာခံ၏ သဘောတူညီချက်များကို မူဘောင်အဖြစ်သတ်မှတ်ပြီး လုပ်ငန်းအဖွဲ့များ၏ ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပခြင်းမှ မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် မူဝါဒတစ်ရပ်အဆင့်ကို ရောက်ရှိခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ တက်ရောက်သူများက အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးအတွက် မူဝါဒနယ်မြေအလိုက် ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ခွင့်ပြု

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၁၇) အစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပြီး ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်းသုံးခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်းသုံးခုတို့ကို အတည်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းသုံးခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၃၃ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၈၇ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်တင်ဘာလကုန်အထိ စက်မှုကဏ္ဍပိုင်းတွင် စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဟောင်ကောင်တို့မှ စုစုပေါင်းလုပ်ငန်းငါးခုကို အတည်ပြုမိန့်ထုတ်ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၆၃ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၉၃၇ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ငါးသန်းအထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုလျှောက်ထားလွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ဖုန်း-၀၁-၆၅၇၈၉၂ သို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(၀၀၁)

မိုးကောင်းမြို့နယ်၌ ခွေးရူးရောဂါကင်းစင်ရေး ကွင်းဆင်းဟောပြောကုသ

မိုးကောင်း စက်တင်ဘာ ၂၈။ ။မိုးကောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက "ခွေးရူးရောဂါကင်းစင် ကမ္ဘာတစ်ခွင် ၂၀၃၀ အစီအစဉ်" ဖြင့် ကွင်းဆင်းကုသရေးကို ဈေးကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်နိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက်သုံးလနှင့်အထက် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ခွေးနှင့် ကြောင်များအား Rabisin ခွေးရူးပြန်ရောဂါကာကွယ်ဆေးများထိုးပေးကြသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေယမင်းဖောင်ဒေးရှင်းမှ ကူညီပံ့ပိုးမည်

ရန်ကုန် စက်တင်ဘာ ၂၈

ဆင်းရဲနွမ်းပါး၍ ခိုကိုးရာမဲ့ဖြစ်နေသော မိဘမဲ့ကလေးများနှင့် ဘေးအန္တရာယ်အမျိုးမျိုးကြားတွင် ရှင်သန်နေရသော ကလေးသူငယ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေယမင်းဖောင်ဒေးရှင်းက ပြည်တွင်း၊ ပြည်ပ စေတနာရှင် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက မြန်မာပြည်တစ်ဝန်း ကူညီပံ့ပိုးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်း မဟုတ်ပါဘူး။ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ နွမ်းပါးတဲ့ကလေးတွေကို ပံ့ပိုးသွားဖို့ အစီအစဉ်ရှိပါတယ်။ ရည်မှန်းချက်တူတဲ့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ရွှေယမင်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်ယမင်းသီရိဇော်က ပြောသည်။

လက်ရှိတွင် သန်လျင်မြို့ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေး စာသင်ကျောင်းတိုက်ဝင်းအတွင်းရှိ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် မြောက်ပိုင်းမှ မိဘမဲ့နှင့် စစ်ဘေးရှောင်ကလေးငယ် ၉၀ ကျော်အား ရွှေယမင်းဖောင်ဒေးရှင်းမှ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးအတွက် လစဉ်ထောက်ပံ့မှုများ ပြုလုပ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့သည့် အဆိုပါ ဖောင်ဒေးရှင်းသည် ကလေးငယ်များ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျောင်းပညာသင်ကြားပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းတို့ အပြင် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးခြင်းများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖောင်ဒေးရှင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်နှင့် ဟောင်ကောင်တွင် မီးရထားဘူတာရုံများ၊ လမ်းဘေးတွင် လေလွင့်နေသော ကလေးများ၊ မူးယစ်ဆေးဝါးသုံးစွဲနေသူ ကလေးငယ်များ၊ မိဘမဲ့ကလေးငယ်များအား ပြန်လည်ပြုစုပျိုးထောင်ပေးနေသည့် THE HUB အဖွဲ့၏ လက်ခွဲတစ်ခုဖြစ်ပြီး ၎င်းအဖွဲ့၏အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖောင်ဒေးရှင်းက ထူးချွန်သည့် ကလေးများ နိုင်ငံခြားပညာသင်ရန် ဆန္ဒရှိပါက ပံ့ပိုးပေးကြောင်း သိရသည်။

ယခုနှစ်အတွင်း ရွှေယမင်းဖောင်ဒေးရှင်းက ပြည်ပအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကနေဒါနိုင်ငံ Canada Gives Hope Foundation မှ လှူဒါန်းထားသည့် ခေတ်မီဆေးကုသရေး စက်ပစ္စည်းအသစ်များ၊ ဆေးဝါးများ စုံလင်စွာပါသည့် ဆေးကုသယာဉ်ဖြင့် ကျွမ်းကျင်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးပေးဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန ခွင့်ပြုချက်ရယူပြီး ဆေးကုသမှု အလွယ်တကူမရရှိသော ဒေသအသီးသီးသို့ သွားရောက်၍ ဆေးကုသပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(သီသီမင်း)**

ရန်ကုန်မြို့တော်စည်ပင်မှ ပန်းချီ၊ ကာတွန်း၊ ပိုစတာ လက်တွေ့ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော "မြို့ပြဖွံ့ဖြိုးတိုးတက်ဖို့ လူတိုင်းပါဝင် ပူးပေါင်းစို့" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ် ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာ (၂၀၁၇) ပြိုင်ပွဲကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်နှင့်အလွတ်တန်းဟူ၍ အတန်းငါးတန်းကို ကဏ္ဍသုံးခုဖြင့် နှစ်ရက်ခွဲ၍ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပန်းချီလက်တွေ့ပြိုင်ပွဲ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကာတွန်းလက်တွေ့ပြိုင်ပွဲ၊ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ သရုပ်ဖော်ပိုစတာပြိုင်ပွဲကို အထက(၂)လသာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်လိုသူ ကျောင်းသား ကျောင်းသူများအနေဖြင့် အမည်၊ အဘအမည်၊ အတန်း၊ ကျောင်းလိပ်စာ၊ လိုင်စင်ဓာတ်ပုံသုံးပုံ၊ သက်ဆိုင်ရာကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာ တက္ကသိုလ်၏ထောက်ခံချက်၊ အလွတ်တန်း ယှဉ်ပြိုင်လိုသူများအနေဖြင့် အမည်၊ အဘအမည်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံသုံးပုံတို့နှင့်အတူ အောက်တိုဘာ၂၃ ရက် နောက်ဆုံးထားပြီး မြို့တော်ခန်းမ မြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနသို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်ကတ်ပြားများကို အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် စာရင်းပေးရာဌာန၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်ကတ်ပြားများမရှိပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များသည် မိမိရေးဆွဲလိုသော ဆေး/ပစ္စည်းများကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပြီး ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲဝင်အားလုံးကို ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီမှ(၁၅"×၂၀")အရွယ်အစား ပန်းချီစက္ကူများကို ထုတ်ပေးမည်ဖြစ်သည်။ ကာတွန်းပြိုင်ပွဲဝင်များသည် ရိုးရိုးခဲတံဖြင့် မရေးဆွဲရဘဲ သရုပ်ဖော်ပိုစတာလက်တွေ့ပြိုင်ပွဲဝင်များသည် မိမိရေးဆွဲထားသော ကားချပ်ပေါ်တွင် လက်မှတ်ရေးထိုးနိုင်သည်။ သရုပ်ဖော်ပိုစတာအနေဖြင့် လိုရင်းတိုရှင်းအဓိပ္ပာယ်ပေါ်လွင်အောင်နှင့် လိုက်ဖက်ရာပစ္စည်းများရောနှောခြင်း၊ ထည့်သွင်းခြင်းဖြင့်လည်း သရုပ်ဖော်ရေးဆွဲနိုင်သည်။ သရုပ်ဖော်ပိုစတာပေါ်တွင် သတ်မှတ်ရွေးချယ်ထားသော ခေါင်းစဉ်ကို ထည့်သွင်းရမည်ဖြစ်ပြီး ခေါင်းစဉ်မပါသော သရုပ်ဖော်ပိုစတာကားချပ်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုများကို မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)နှင့် ပြင်ပပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပညာရှင်များက ရွေးချယ်ပေးသွားမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၀၉-၄၂၈၆၃၆၅၅၊ ၀၉-၇၇၈၀၅၂၁၄၅၊ ၀၉-၄၉၂၂၇၈၈၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(စောသိန်းဝင်း)**

ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏

မိတ္ထီလာတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများအား ရှုတ်ချပွဲပြုလုပ်

မိတ္ထီလာ စက်တင်ဘာ ၂၈
မိတ္ထီလာတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများအား ရှုတ်ချပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဈေးအရှေ့ပြင်ရပ်ကွက် မိတ္ထီလာ မြောက်ကန်ကန်ပတ်လမ်းနှင့် မဂ္ဂင်နန်းဟိုတယ်အနီး၌ ကျင်းပကြောင်း သိရသည်။

မိတ္ထီလာဒေသခံ ဦးမောင်ထွန်း ဦးဆောင်သည့် ဒေသခံပြည်သူများနှင့် မျိုးချစ်လူငယ်များပါဝင်သော အင်အား ၁၀၀၀ ခန့်သည် ကြွေးကြော်သံများ ကြွေးကြော်ပြီး မြောက်ကန် ကန်ပတ်လမ်းအနီးမှ ရန်ကုန်-မန္တလေးကားလမ်းမ၊ ဒုတိယလမ်းမတော်၊ ရတနာမာရ်အောင်လမ်း၊ တော်ဝင်နန်းလမ်းဆုံ၊ ရန်ကုန်-မန္တလေးလမ်း၊ မဂ္ဂင်နန်းတော်အထိ လမ်းလျှောက်ကာ ARSA အစွန်းရောက်အကြမ်းဖက်သမားများအား ရှုတ်ချကြသည်။

ချမ်းသာ(မိတ္ထီလာ)

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တောင်ပိုင်းတိုးချဲ့မည့်ကိစ္စ ဒေသခံပြည်သူများ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်

ပူတာအို စက်တင်ဘာ ၂၈
ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တောင်ပိုင်းတိုးချဲ့နယ်မြေအား ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်နိုင်ရေး ကြေညာချက်အား ဒေသခံပြည်သူများကကန့်ကွက်ကြောင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်မှုကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက စုရပ်ဖြစ်သော ပူတာအိုမြို့နယ် ပြည်သူ့အားကစားကွင်းမှစတင်၍ ဆေးရုံလမ်းအတိုင်းထွက်ခွာကာ ထိုမှတစ်ဆင့် သစ်တောလမ်းသို့ ဆက်လက်ထွက်ခွာပြီး ခရိုင်ပညာရေးမှူးရုံးရှေ့ အထက(ပူတာအို)ဘောလုံးကွင်းသို့ ဝင်ကာ လူစုခွဲခဲ့ကြသည်။

ယင်းကဲ့သို့ ဆန္ဒဖော်ထုတ်ရာတွင် ကြွေးကြော်သံများကြွေးကြော်ကာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အဆိုပါ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်မှုတွင် ဒေသခံတိုင်းရင်းသား ရဝမ်၊ လီဆူ၊ ဂျိမ်းဖော တိုင်းရင်းသားအင်အား ၉၀၀၀ ကျော်က ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်ပြီး ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တောင်ပိုင်းတိုးချဲ့နယ်မြေတွင်ပါဝင်သော မချမ်းဘော၊ နောင်မွန်မြို့နယ်များတွင်လည်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

ကသာမြို့နယ်အတွင်းမှ အထောက်အထားမဲ့ တရားမဝင်နွား ၅၀၆ ကောင်အား သယ်ဆောင်သူများနှင့်အတူဖမ်းမိ

စစ်ကိုင်း စက်တင်ဘာ ၂၈
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာနှင့် သံပရာကျေးရွာကြား ဧရာဝတီမြစ်အတွင်းမှ အထောက်အထားမဲ့ တရားမဝင်နွားများဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၆ ရက် ညနေ ၅ နာရီခွဲခန့်တွင် ကသာမြို့နယ်ရဲစခန်းမှ ဒုရဲမှူးငွေမျိုးမြင့်နီနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဧရာဝတီမြစ်အတွင်း မန္တလေးဘက်မှ တရားမဝင်နွားများ သယ်ဆောင်လာကြောင်းသတင်းအရ ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာနှင့် သံပရာကျေးရွာကြား ဧရာဝတီမြစ်အတွင်း စောင့်ဆိုင်းနေစဉ် ဖော်ပြပါနွားများတင်ဆောင်လာသော သင်္ဘောနှစ်စင်းအားတွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ ရေယာဉ်မောင်း ဇော်မင်းထွေး၊ နွားသယ်ဆောင်လာသူ ဇေယျာအောင်တို့ လိုက်ပါလာသည့် “ရွှေအင်ကြင်း” သံခွန်သင်္ဘောပေါ်မှနွားအကောင် ၂၀၀ အားလည်းကောင်း၊ ရေယာဉ်မောင်း သန်းဇော်၊ နွားသယ်ဆောင်လာသူ ကျော်အောင်လိုက်ပါလာသော “ရွှေပုန်းညက်” သံခွန်သင်္ဘောပေါ်မှ နွား ၃၀၆ ကောင် စုစုပေါင်းနွား ၅၀၆ ကောင်အား တွေ့ရှိစစ်မေးရာ ၎င်းနွားများသည် နယ်ကျော်သယ်ဆောင်ခွင့်အထောက်အထားများမပါရှိဘဲ မန္တလေးဆိပ်ကမ်းမှ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင့်တင်ကျေးရွာသို့ နွားပိုင်ရှင် ကျော်တင့်ဆိုသူက ပို့ဆောင်ခိုင်းသော တရားမဝင်နွားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်နွားများ သယ်ဆောင်လာသူ ဇော်မင်းထွေး၊ ဇေယျာအောင်၊ သန်းဇော်နှင့် ကျော်အောင်တို့အား အရေးယူဆောင်ရွက်ထားပြီး နွားပိုင်ရှင် ကျော်တင့်ဆိုသူအား ဖမ်းဆီးရမိရေး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

တရားမဝင် ဝင်ရောက်ရန် ဆောင်ရွက်ပေးသူတို့ကို လဝကအက်ဥပဒေဖြင့် အရေးယူ

မုံရွာ စက်တင်ဘာ ၂၈
တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသားနှစ်ဦးနှင့် တရားမဝင် ဝင်ရောက်ရန်ဆောင်ရွက်ပေးသူတို့ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် လယ်တီကျေးရွာတွင် စက်တင်ဘာ ၂၅ ရက် ညနေပိုင်းက စစ်ဆေးတွေ့ရှိသဖြင့် လဝက အက်ဥပဒေဖြင့် အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်လှကြည်နှင့်အဖွဲ့သည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသားနှစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဘုတလင်မြို့နယ် လယ်တီကျေးရွာသို့ စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲခန့်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးခဲ့ရာ ယူနန်ပြည်နယ် ဖုချမ်းမြို့နယ် ချိုင်းကျားစွမ်းရွာမှ စိုက်ပျိုးရေးလုပ်သူ လောင်စီးနှင့် ဖုချမ်းမြို့နယ် သတွေ့သွေ့ရွာမှ စိုက်ပျိုးရေးလုပ်သူ ရင်ကျင်းဆိုင်(ခ)ကွယ်ရှယ်နှင့် လယ်တီကျေးရွာမှ မအေးမင်းစန်းတို့ သုံးဦးကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါသုံးဦးကိုစစ်ဆေးရာ တရုတ်နိုင်ငံသားနှစ်ဦးသည် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး တရားမဝင် ဝင်ရောက်ရန် မအေးမင်းစန်းက ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့သုံးဦးကို အရေးယူပေးပါရန် စက်တင်ဘာ ၂၇ ရက်တွင် ဦးစီးမှူး ဦးတင်လှကြည်က တရားလိုပြုလုပ်တိုင်တန်းရာ ဘုတလင်မြို့မရဲစခန်းက (ပ)၁၈၃/၂၀၁၇၊ လဝက အက်ဥပဒေပုဒ်မ- ၁၃(၁)/ ၁၃(၅)အရ အမှုရေးဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၈
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၇ စီး၊ သွင်းကုန် ၃၄၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၃၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၅၄၃ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ထုတ်နုတ်ပူးပေါင်းအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ရှောင်ကွင်းသည့် အင်ဘို-မရမ်းချောင်ရွာလမ်းရှိ ရော်ဘာခြံသို့ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လိုင်စင်မဲ့ Honda Fit တစ်စီး၊ Toyota Crown တစ်စီး၊ Toyota Wish တစ်စီး စုစုပေါင်း ယာဉ်သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ သန်းခန့်)ကို တွေ့ရှိ၍သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Crown, Toyota Wish နှင့် Honda Fit ယာဉ်။

အုန်းတွဲကျေးရွာတွင် ကျည်ဆန်အဟောင်း ၆၀ ခန့်တွေ့ရှိ

မကွေး စက်တင်ဘာ ၂၈
မကွေးမြို့နယ် အုန်းတွဲကျေးရွာတွင် စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက ကျည်ဆန်အဟောင်း ၆၀ ခန့် တွေ့ရှိခဲ့သည်ဟု ယင်းဆိပ်တိုက်နယ်ရဲကင်းစခန်းမှ သိရသည်။

မကွေးမြို့နှင့် ၁၇ မိုင်ခန့်ကွာသည့် အုန်းတွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ၎င်းကျေးရွာတွင်နေသည့် ဦးမိုးဝင်း၏နေအိမ် ရှေ့တည့်တည့်မျက်နှာစာရှိ ရေစီးမြောင်းအတွင်းမှ မြေအိုးနှင့်ထည့်ထားသော ကျည်ဆန်များ တွေ့ရှိရကြောင်း ယင်းဆိပ်ရဲကင်းစခန်းမှူး ရဲအုပ်သန်းစိုးထံသို့ ဖုန်းဖြင့် ဆက်သွယ်သတင်းပို့သဖြင့် ရဲအုပ်သန်းစိုးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ စစ်ဆေးရာတွင် ဆွေးမြည့်နေသည့် ပွိုင့် ၃၀၃ ရိုင်ဖယ်ကျည်ဆန်အဟောင်း ၅၅ တောင့်၊ ထိပ်ဖူးအပိုင်းအစ ငါးခု၊ ကျည်ကိုယ်ထည်အပိုင်းအစငါးခုတို့ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

၎င်းကျည်ဆန်အဟောင်းများ၊ အပိုင်းအစများကို ရဲအုပ်သန်းစိုးက မကွေးမြို့နယ်မြေခံတပ် တပ်ဆွယ်မှူးရုံးတွင် တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ဟံသာလင်း)

ဥရောပထိပ်တန်းအသင်းစာရင်းထဲမှာ ပီအက်စ်ဂျီကို ထည့်သွင်းရတော့မယ်ဆိုတာ အချက်ပြလိုက်တဲ့ ချန်ပီယံလိဂ်ပွဲစဉ်များ

ချန်ပီယံလိဂ် ပွဲစဉ်(၂) ရလဒ်များ

ကာရာဘတ်	၁-၂	ရိုးမား
ဘေဆယ်လ်	၅-၀	ဘင်ဖီကာ
စီအက်စ်ကေအေ	၁-၄	မန်ယူ
ပီအက်စ်ဂျီ	၃-၀	ဘိုင်ယန်မြူးနစ်
အန်းဒါးလက်ချ်	၀-၃	ဆဲလ်တစ်
အက်သလက်တီကို	၁-၂	ချယ်လ်ဆီး
ဂျူဗင်တပ်	၂-၀	အိုလံပီယာကို့စ်
စပို့တင်း	၀-၁	ဘာစီလိုနာ

မေလွဲ့သင်း

စက်တင်ဘာ ၂၈ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ် ပွဲစဉ်(၂)မှာတော့ ပီအက်စ်ဂျီ၊ မန်ယူ၊ ချယ်လ်ဆီး၊ ဂျူဗင်တပ်နဲ့ ဘာစီလိုနာတို့ နိုင်ပွဲရခဲ့ကြပြီး ဘေဆယ်လ်၊ ဂျူဗင်တပ်နဲ့ ပီအက်စ်ဂျီတို့ကလွဲရင် အိမ်ရှင်အသင်းတွေ ရလဒ်ဆိုးခဲ့ကြပါတယ်။ နောက်ထပ် ထူးခြားချက်တစ်ရပ်ကတော့ အဲဒီနေ့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်တွေမှာ သရေပွဲတစ်ပွဲမှ မဖြစ်ခဲ့ဘဲ အရှုံး၊ အနိုင် ရလဒ်ပြတ်သားခဲ့ခြင်းပါပဲ။

ကမ္ဘာ့တန်ဖိုးအကြီးဆုံးတိုက်စစ်ဆိုတာ

ပီအက်စ်ဂျီနဲ့ ဘိုင်ယန်မြူးနစ်တို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ ပွဲစဉ်ဟာ ပရိသတ်တွေအတွက် ပွဲကြိုကတည်းက စိတ်ဝင်စားမှုမြင့်တက်ခဲ့သလို တကယ်ကစားချိန်မှာလည်း မှန်းဆချက်တွေအတိုင်း ပီအက်စ်ဂျီကသာ ပြတ်ပြတ်သားသား အနိုင်ရလဒ်ပုံဖော်သွားနိုင်ခဲ့ပါတယ်။ နှစ်သင်းစလုံးက ၄-၃-၃ ကစားကွက်ကို ခင်းကျင်းခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုမှာ ဘိုင်ယန်က သိသိသာသာ အသာရခဲ့ပေမယ့် ရလဒ်ပိုင်းကို အဆုံးသတ်ပိုင်းကောင်းမွန်တဲ့ အသင်းက ပုံဖော်သွားခဲ့တာလို့ ဆိုရပါတယ်။

နောက်ခံလူ ဒန်နီအဲလ်ဗက်စ်က ပွဲအစ ၈၄ စက္ကန့်မှာ နေမာရဲ့ ပေးပို့မှုကတစ်ဆင့် ပီအက်စ်ဂျီအတွက် အဖွင့်ဂိုးကို သွင်းယူသွားခဲ့ပါတယ်။ အဖွင့်ဂိုးစောစောစီးစီး ပေးလိုက်ရပြီးနောက် ဘိုင်ယန်က တိုက်စစ်ကို တရစပ်မြှင့်ခဲ့ပေမယ့် ပီအက်စ်ဂျီဂိုးသမား အယ်ရီယိုလာ ကောင်းလွန်းနေတာ၊ ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒေါ်စကီး အကောင်းဆုံးပုံစံတစ်ရပ် ပျောက်ဆုံးနေခဲ့တာတွေကြောင့် ဘိုင်ယန်နည်းပြ အန်စလော့တီဟာ အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်တဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ပွဲချိန် ၃၁ မိနစ်မှာ ပီအက်စ်ဂျီအတွက် တိုက်စစ်မှူး ကာဗာနီက ဒုတိယဂိုးကို သွင်းယူပေးခဲ့ပြီး နေမာက ၆၃ မိနစ်မှာ ပွဲသိမ်းဂိုးကို ထပ်မံသွင်းယူခဲ့ကာ ပီအက်စ်ဂျီက အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လူငယ်တိုက်စစ်မှူးလေး မက်ပီရဲ့ နေရာလွတ်တွေရရှိအောင် ကစားတတ်နိုင်မှုတွေကြောင့်လည်း နေမာ၊ ကာဗာနီတို့ စိတ်ကြိုက်လှုပ်ရှားခွင့်ရပြီး အခုလောက်ဂိုးပြတ်ခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်ဆိုတာ ဥရောပထိပ်တန်းအသင်းသုံးသင်းစာရင်းမှာ ထည့်သွင်းခံခဲ့ရတဲ့ အသင်းဖြစ်ပေမယ့် ဒီပွဲရဲ့ ကစားပုံကိုကြည့်ပြီး ဆုံးဖြတ်ရရင် ဘိုင်ယန်နေရာ ပီအက်စ်ဂျီကို အစားထိုးရတော့မယ်ဆိုတဲ့အချက်ကို ပြနေပါတယ်။ ဘိုင်ယန်မြူးနစ်က ဘောလုံးပိုင်ဆိုင်မှုအပိုင်းမှာ သာလွန်ခဲ့ပေမယ့် ဂိုးဖန်တီးမှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုတွေမှာ အသာမရခဲ့တဲ့အပြင် ထောင့်ကန်ဘော ကန်သွင်းခွင့်ရရှိမှုမျိုးမှာ အတော်ကို ကွာခြားခဲ့ပါတယ်။

ပီအက်စ်ဂျီကတော့ သူတို့အသင်းဟာ ဘယ်အသင်းကိုမဆို အချိန်မရွေး ဂိုးသွင်းနိုင်တယ်ဆိုတဲ့ ယုံကြည်မှုမျိုးရရှိနေတဲ့ပုံစံရှိနေပြီး ကာဗာနီ၊ မက်ပီနဲ့ နေမာတို့ရဲ့ ချိတ်ဆက်ကစားနိုင်မှုဟာ ဘိုင်ယန်တိုက်စစ်ပိုင်းထက် ပိုမိုပြီးပြည့်စုံခဲ့တာကတော့ အမှန်ပဲဖြစ်ပါတယ်။

အက်သလက်တီရဲ့အိမ်ကွင်းမှာအနိုင်ရတဲ့ ပထမဆုံးအင်္ဂလန်ကလပ်ဖြစ်လာတဲ့ချယ်လ်ဆီး

ပရိသတ်စိတ်ဝင်စားမှု မြင့်မားတဲ့ နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အက်သလက်တီကိုနဲ့ ချယ်လ်ဆီးတို့ရဲ့ ပွဲစဉ်မှာတော့ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးက လူစားဝင်တိုက်စစ်မှူး ဘက်ရှုအာရီရဲ့ နောက်ကျဂိုးနဲ့ ချိုမြိန်တဲ့နိုင်ပွဲ ရရှိခဲ့ပါတယ်။ နှစ်သင်းစလုံးက ဂိုးဖန်တီးမှု၊ ဘောလုံးပိုင်ဆိုင်မှု စတဲ့အပိုင်းတွေမှာ ဘယ်အသင်းကမှ သိသိသာသာ အသာရခြင်းမရှိပေမယ့် ဘက်ရှုအာရီရဲ့ ဂိုးကြောင့် ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး အက်သလက်တီကိုအသင်းကို အဝေးကွင်းမှာ ပထမဦးဆုံး အနိုင်ကစားနိုင်တဲ့ အင်္ဂလန်ကလပ်အသင်း ဖြစ်လာပါတယ်။

ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်က ပင်နယ်တီဧရိယာအတွင်း အက်သလက်ရဲ့ လူးကပ်စ်ဟာနန်ဒက်ဇ်ရဲ့ဂျာစီကို မလိုအပ်ဘဲဆွဲခဲ့တာကြောင့် အက်သလက်တီကို ပင်နယ်တီရပြီး ဒီပင်နယ်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက အများအယွင်းမရှိ ကန်သွင်းကာ အက်သလက် အဖွင့်ဂိုးရပါတယ်။ ဒုတိယပိုင်းပြန်စလို့ သိပ်မကြာခင်မှာပဲ တိုက်စစ်မှူး မိုရာတာက ဟာဇက်နဲ့ အပေးအယူလုပ်ပြီး ချေပဂိုးသွင်းသွားခဲ့ပါတယ်။

ဒီဂိုးဟာ မိုရာတာအတွက် ငါးရက်အတွင်း လေးဂိုးမြောက်သွင်းယူတဲ့ ဂိုးဖြစ်ခဲ့ပြီး ဒီရာသီ ချယ်လ်ဆီးအတွက် သူ့ရဲ့ ပထမဦးဆုံး ချန်ပီယံလိဂ်သွင်းဂိုးလည်း ဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ ခံစစ်၊ တိုက်စစ်မျှတအောင် ကစားတတ်တဲ့အသင်းတွေပီပီ အများမခံစတမ်း ကစားသွားပေမယ့် အလွန်ဆိုးရဲ့ဖြတ်တင်ပေးပို့မှုကို လူစားဝင်တိုက်စစ်မှူး ဘက်ရှုအာရီက အပိုင်ပိတ်သွင်းခဲ့လို့ ပွဲပြီးခါနီး နာကျင်အချိန်ပိုမှာ ချယ်လ်ဆီး အနိုင်ဂိုးရသွားခဲ့တာဖြစ်ပါတယ်။ ယခုပွဲမှာ အနိုင်ရသွားတဲ့ ချယ်လ်ဆီးက ရိုးမားထက် နှစ်မှတ်အသာနဲ့ အုပ်စု(C)ရဲ့ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်ပေမယ့် ပြီးခဲ့တဲ့ ဘောလုံးရာသီ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အထိ တက်ရောက် နိုင်ခဲ့တဲ့ အက်သလက်ကတော့ ရမှတ်တစ်မှတ်သာရရှိထားကာ အုပ်စုတက်ရေး ရုန်းကန်ရတော့မယ့်အနေအထားပါပဲ။

နိုင်ပွဲဆက်မယ့်

ဘာစီလိုနာ နဲ့ အက်သလက်တီကို

ရှိုင်းမင်းမင်း

၂၀၁၇-၁၈ အီတလီစီးရီးအေ ရင်ခုန်သံ-၇

၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ်(၇)ကို လာမယ့် စက်တင်ဘာ ၃၀ ရက်၊ အောက်တိုဘာ ၁၊ ၂ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်ဟာ ယူရိုပါလိဂ်နဲ့ ချန်ပီယံလိဂ်ကစားပြီးချိန်မှာ ကစားရမှာဖြစ်တာကြောင့် အသင်းကြီးတွေ ပွဲပန်းလာနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။

ဆယ်လ်တာဗီဂို - ဂျီရိုနာ — နံနက် ၁း၃၀ (၃၀-၉-၁၇)

ဆယ်လ်တာဗီဂို ခြေစွမ်းပိုင်းက ထင်သလောက်မတည်ငြိမ်သေးဘူးဆိုပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် တန်းတက်ဂျီရိုနာရဲ့ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေများလွန်းနေတာကြောင့် ဆယ်လ်တာဗီဂိုတို့ အခွင့်အရေးရနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆယ်လ်တာဗီဂိုကသာ ဂျီရိုနာကို ဖိအားပေးနိုင်ဖို့ရှိနေကာ အိမ်ကွင်းနိုင်ပွဲလည်း ရယူသွားနိုင်ဖို့ရှိနေပါတယ်။

ဒီပို့တီဗို - ဂီတာဖေး — ညနေ ၅း၃၀ (၃၀-၉-၁၇)

ဂီတာဖေးက ဗီလာရီးယဲလ်ကိုတောင် ဂိုးပြတ်အနိုင်ယူပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီဆိုပေမယ့် ခြေစွမ်းပိုင်းက အဝေးကွင်းပွဲတွေမှာ စိတ်မချရသေးပါဘူး။ ဒါပေမယ့်လည်း ဒီပို့တီဗိုကလည်း အိမ်ကွင်းအားသာချက်တစ်ခုသာရှိပြီး လက်ရှိခြေစွမ်းပိုင်းက အတော်လေးအားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဂီတာဖေးတို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းရနိုင်ပါတယ်။

ဆီဗီလာ - မာလာဂါ — ည ၈း၄၅ (၃၀-၉-၁၇)

အက်သလက်တီကိုအသင်းကို အရေးနိမ့်ခဲ့ရတာကြောင့် ဆီဗီလာတို့ နိုင်ပွဲပြန်လည်ရယူရန် အားစိုက်လာဖို့ရှိနေပါတယ်။ အိမ်ကွင်းဖြစ်နေတဲ့အပြင် ဆီဗီလာက အိမ်ကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်း ပိုမိုပြီးကောင်းမွန်တတ်ပါတယ်။ မာလာဂါကလည်း အသင်းလိုက်ကစားပုံမာကျောတဲ့အသင်းဖြစ်ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းက အားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆီဗီလာတို့ နိုင်ပွဲပြန်ရနိုင်ပါတယ်။

လီဗန်တေး - အလာဗက်စ် — ည ၁၁း၀၀ (၃၀-၉-၁၇)

လီဗန်တေးခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ သရေပွဲတွေများနေပေမယ့် အခုအချိန်အထိ ရှုံးပွဲမရှိအောင် ကစားထားနိုင်တဲ့ ခြေစွမ်းက ကောင်းမွန်နေကာ ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေပါတယ်။ အထူးသဖြင့် အလာဗက်စ်က ဒီရာသီမှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများနေကာ ကစားပြီးသမျှ ပွဲတိုင်းအရေးနိမ့်ခဲ့ရပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေအားနည်းလွန်းပါတယ်။ ဒါကြောင့်လည်း လီဗန်တေး နိုင်ပွဲရသွားဦးမှာပါ။

လီဂါနက်စ် - အက်သလက်တီကို — နံနက် ၁း၁၅ (၁-၁၀-၁၇)

အက်သလက်တီကိုခြေက ကောင်းမွန်နေပါတယ်။ ဆီဗီလာကိုတောင် အနိုင်ကစားနိုင်ခဲ့သလို ဒီပွဲစဉ်မှာလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာဖို့ရှိနေပါတယ်။ အက်သလက်တီကိုအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့်လည်း လီဂါနက်စ်ခြေက သာမန်ထက်မပိုတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း လီဂါနက်စ်တို့ အိမ်ကွင်းဖြစ်နေပေမယ့်လည်း အက်သလက်တီကိုကသာ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

ဆိုစီဒက် - ဘက်တစ် — ညနေ ၄း၃၀ (၁-၁၀-၁၇)

ဆိုစီဒက်ခြေက အနည်းငယ်ပြန်လည်ကျဆင်းလာတယ်။ သုံးပွဲဆက် အရေးနိမ့်ခဲ့ရပြီး ခံစစ်ပိုင်းကစားပုံလည်း အားနည်းမှုတွေရှိလာနေတယ်။ ဒါပေမယ့်လည်း ဆိုစီဒက်အနေနဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက်တော့ အားစိုက်လာမှာဖြစ်ပါတယ်။ ဘက်တစ်ခြေကလည်း လက်ရှိအချိန်မှာ ကောင်းမွန်မှုရှိနေတယ်ဆိုပေမယ့်လည်း ဒီပွဲမှာတော့ ဆိုစီဒက်ကသာ နိုင်ပွဲရသွားမှာပါ။

ဘာစီလိုနာ - လက်စ်ပါးမက်စ် — ည ၈း၄၅ (၁-၁၀-၁၇)

ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် လက်ရှိအချိန်မှာ ဘာစီလိုနာခြေက အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ တိုက်စစ်ကစားပုံလည်း ပြန်လည်ကောင်းမွန်လာသလို အိမ်ကွင်းဖြစ်နေပါတယ်။ အထူးသဖြင့် ဘာစီလိုနာအနေနဲ့ လက်ရှိကွာဟမှုအမှတ်ကို ဆက်ထိန်းနိုင်ဖို့ ဒီလိုပွဲမျိုးမှာ အများခံမှာမဟုတ်ပါဘူး။ လက်စ်ပါးမက်စ်ကလည်း အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းကျဆင်းမှုတွေရှိနေကာ အဝေးကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းအတော်လေးအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဘာစီလိုနာပဲနိုင်မယ်။

ဗလင်စီယာ - ဘီဘာအို — ည ၁၁း၀၀ (၁-၁၀-၁၇)

ဗလင်စီယာခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံး နှစ်ပွဲဆက်အနိုင်ရယူနိုင်ခဲ့သလို ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဘီဘာအိုကတော့ သုံးပွဲဆက်တိုက် အနိုင်မရခဲ့ဘဲ ခြေစွမ်းပိုင်းကလည်း ကျဆင်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဗလင်စီယာကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

ဗီလာရီးယဲလ် - အီဘား — ည ၁၁း၀၀ (၁-၁၀-၁၇)

ဗီလာရီးယဲလ်အနေနဲ့ ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေများနေပါတယ်။ ဒါပေမယ့်လည်း အီဘားကလည်းခြေစွမ်းပိုင်းက အတော်အားနည်းနေကာ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ နိုင်ပွဲလိုအပ်နေတဲ့ ဗီလာရီးယဲလ်ကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားနိုင်ပါတယ်။

ရီးယဲလ် - အက်စ်ပန်ညို — နံနက် ၁း၃၀ (၂-၁၀-၁၇)

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်ခြေက သာမန်ထက်မပိုပါဘူး။ ရိုနယ်လ်ဒို ဂိုးပေါက်ပျောက်ဆုံးနေတာကြောင့် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအားနည်းလွန်းနေပါတယ်။ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ အက်စ်ပန်ညိုကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေကာ နောက်ဆုံး သုံးပွဲဆက်ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီပွဲမှာလည်း အက်စ်ပန်ညိုအနေနဲ့ အဝေးကွင်းမှာ ခံစစ်အားပြုပြီးရင်ဆိုင်လာရင် ရီးယဲလ်တို့ ကစားရခက်ခဲနိုင်ပါတယ်။ ရီးယဲလ်အနိုင်ရမှာဖြစ်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်တယ်။

၂၀၁၇ ခုနှစ် စာပေဗိမာန်စာမူပြိုင်ပွဲအတွက် စာမူများ အချိန်မီပေးပို့ကြရန်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၂၈
စာပေဗိမာန်စာမူဆုပြိုင်ပွဲကို **"အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်း မပြုနိုင်သည့် ကောင်းမွန်ပြောင်မြောက်သော စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန်နှင့် ယင်းသို့ ထွက်ပေါ်လာသည့် စာအုပ်များကို အမျိုးသားစာပေဆုအဖြစ် စိစစ်ရွေးချယ်ချီးမြှင့်နိုင်ရန်"** ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာရပ် ၁၃ မျိုး သတ်မှတ်ထားခဲ့ရာ ၂၀၁၇ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် သုတပဒေသာ(ဝိဇ္ဇာ)သုံးစောင်၊ စာပဒေသာ တစ်စောင်သာရရှိပြီး ကျန်ဘာသာရပ် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာသိပ္ပံ(ရိုးရိုး/အသုံးချ)၊ ကလေးစာပေ၊ အင်္ဂလိပ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန်စာပေတို့တွင် စာမူများ လက်ခံရရှိခြင်းမရှိသေးပါ။ **(ဘာသာပြန်ဘာသာရပ်အတွက် ပြန်ဆိုရမည့်စာအုပ်ကို စာပေဗိမာန်က အချိန်မီပြဋ္ဌာန်းပေးမည်ဖြစ်သည်)။**

စာပေဝါသနာရှင်များသည် နှစ်သက်ရာဘာသာရပ်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ပုံစံများကို စာတည်းမှူးချုပ်အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ကြောင်းနှင့် နယ်မှစာမူတင်သွင်းလိုသူများသည် ငွေကျပ် ၁၀၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများ မှာယူနိုင်ကြောင်း၊ ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ စာတည်းမှူးချုပ် စာပေဗိမာန်ထံ ပေးပို့ကြရန် နှိုးဆော်ထားကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၁၄၄၉ နှင့် ၀၁-၃၇၄၅၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Myanmar Printing Industry Development Forum, 2017 ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈
ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည့် Myanmar Printing Industry Development Forum, 2017 ကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်မည်ဖြစ်သည်။

နံနက်ပိုင်းတွင် Modern Printing Technology, Digital Printing, Graphic Technology, Printing Business Development , Printing Industry Trend စသည့် Seminar များကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Printing Business Opportunities Development, Printing Technology Development စသည့် Panel Discussion များကို လည်းကောင်း အတွေ့အကြုံရှိပညာရှင်နှင့် လုပ်ငန်းရှင် ၁၅ ဦးတို့က ဆွေးနွေးတင်ပြကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Forum ကို ရွှေနိုင်ငံ Paper Trading နှင့် Myanmar Print & Pack အများပိုင် ကုမ္ပဏီတို့က Main Sponsors အဖြစ်လည်းကောင်း၊ အခြားပုံနှိပ်နှင့် ဆက်စပ်လုပ်ငန်းရှင် ၁၈ ဦးတို့က Co – Sponsors များ အဖြစ်လည်းကောင်း ပံ့ပိုးကူညီပေးထားကြောင်း၊ အခမ်းအနားတက်ရောက်လိုသည့် ပုံနှိပ်လုပ်ငန်းရှင်များအနေဖြင့် အသင်းရုံးသို့ ဆက်သွယ်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၇-၉-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၄-၈-၂၀၁၇ ရက်နေ့မှ ၁-၉-၂၀၁၇ ရက်နေ့အထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူသုံးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာတစ်ဦး၊ မဂ္ဂဇင်းလေးဦး၊ အထွေထွေ ၁၃ ဦး ပေါင်း ၁၈ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ သုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ စိစစ်ဆဲ ဂျာနယ်အသစ်လျှောက်ထားသူနှစ်ဦးအား ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၅၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၁၉၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၈၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း ၃၇၃၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

pmayjrifSrhpvifnf

NEW MOTION Travels & Tours
Oct; 4
Ph ; 09 73148922, 09 260792879, 09 260792878, 527 922, 538 811

GTI
Ph: 09 421042332, 01-391533

MIA Travel & Tours
မြင့်မြတ်
01-519415, 09-453300339, 09-453300449, 09-777565449, 09-777567449

Asia Top
Oct 3,4
09 424090904, 09 424090902, 09 43164118

ပရိယတ္တိအောင်မြေသာစည်ကျောင်း

ဆန်းဒေးတရားစခန်းပွဲ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၇)လမ်း၊ ရန်အောင်တိုက်အတွင်းရှိ ပရိယတ္တိအောင်မြေသာစည်ကျောင်း၌ သဲအင်းဂူတိုက်ခွဲ(၃၂)၊ ကျေးဇူးတော်ရှင်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြုဘဒ္ဒန္တစန္ဒိမာ(အောင်လံ) ဆရာတော်၏ နည်းဥပနိဿယ ဩဝါဒကိုခံယူပြီး ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိဇေမှ ဦးဆောင်၍ တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ နာယူကျင့်ကြံအားထုတ်နိုင်ရန်အတွက် ယောဂီများအနေနှင့် သောကြာနေ့တိုင်း ညနေ ၄ နာရီတွင် စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဥပါသကာအဖွဲ့

အသေးစိတ်သိလိုပါက ဖုန်း-၀၉၂၅၆၀၂၅၃၅၆၊ ၀၉-၇၉၈၅၉၄၉၄၀

ဖခင်အမည်မှန်

ကျိုက်လတ်မြို့နယ်၊ အထက(၁)၊ နဝမတန်း (A)မှ မပြုံးသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးထွေး [၁၄/ဒဒရ(နိုင်)၀၄၅၂၂၆] ဖြစ်ပါကြောင်း။

ဦးထွေး

ကားမျိုးစုံငှားသည်။
MT&K Tours Ph:01-656573
09-975599880, 09-31065335

သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ ဦးအောင်မြိုင်[၁၂/ဗဟန(နိုင်)၀၁၅၅၆၃]သည် ခံစားခွင့်ခံစားထိုက်သည်များကိုလည်း အပြည့်အဝပေးပြီးသည့်အပြင် မိဘနှစ်ပါး၏ ဆိုဆုံးမစကားများကို နားမထောင်ခြင်း၊ မိဘသဘောမကျသောကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ခြင်းနှင့် မိဘမိသားစုဆွေမျိုးတို့အပေါ် အရှက်သိက္ခာကျဆင်းအောင် ဦးအောင်မြိုင်နှင့်တကွ ပတ်သက်သူများက လာရောက်ပြုမူခြင်းတို့ကြောင့် ၂၈-၉-၂၀၁၇ရက်မှစ၍ သွာနုတ္တသားအဖြစ် အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဦးအောင်မြိုင်နှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် (လုံးဝ)လုံးဝ မပြုပါကြောင်း ကြော်ငြာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိဘ-ဦးဟန်စိန်-ဒေါ်ခင်ထွေး

UFL ဝင်ခွင့်
GTI ဝင်ခွင့်
Tel: 09-500 3799, 09-428032103

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ ကျွန်မတို့၏သား မောင်သက်ပိုင်ထွန်း [၁၂/ကမရ(နိုင်)၀၅၉၉၆၇]သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်ဆန်းလွင်
ဒေါ်မြင့်မြင့်ထွန်း

မီးသတိပြု

နှလုံးကျန်းမာ လူချမ်းသာ

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)



၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့သည် 'ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day)' ဖြစ်သည်။ နှစ်စဉ် စက်တင်ဘာလ၏ နောက်ဆုံးပတ် စနေနေ့ကို ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကာ ၁၉၉၉ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။

နံပါတ်တစ် လူသတ်တရားခံ

နှလုံးရောဂါသည် ကမ္ဘာ့လူသားများသေဆုံးရသည့် အကြောင်းရင်းများတွင် နံပါတ်တစ်ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် လူပေါင်း ၁၇ ဒသမ ၅ သန်းသည် နှလုံးရောဂါကြောင့် အရွယ်မတိုင်ခင် သေဆုံးခဲ့ရသည်။ သေဆုံးရသည့်အကြောင်းရင်းများတွင် ၃၀ ရာခိုင်နှုန်းဖြစ်လေသည်။

ရည်ရွယ်ချက်

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ -

(က) လူသားတိုင်း နှလုံးကျန်းမာရေးဗဟုသုတများကို နားလည်သဘောပေါက်သိရှိလိုက်နာခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးမှုနှုန်း လျော့ကျနိုင်စေရန်။

(ခ) နှလုံးရောဂါဖြစ်ပွားနိုင်ခြေများသော အုပ်စု (Hight Risk Group)တွင် ပါဝင်သောသူများအနေဖြင့် နှလုံးရောဂါဖြစ်မလာအောင် ထိရောက်သော ကာကွယ်ကုသခြင်းများ ပြုလုပ်နိုင်စေရန်တို့ကို ရည်ရွယ်ပါသည်။

နှလုံးရောဂါလက္ခဏာများ

နှလုံးရောဂါအမျိုးမျိုးသည် လက္ခဏာမပြဘဲ ရှိနေတတ်ပါသည်။ သာမန်အချိန်တွင် မပြသော်လည်း ရုတ်တရက်ပြေးရလွှားရသည့် အရေးပေါ်အခြေအနေမျိုးတွင် နှလုံးပြင်းပြင်းထန်ထန် အလုပ်လုပ်ရသောအခါ လက္ခဏာပေါ်လာတတ်သည်။

(က) **မောခြင်း**

နှလုံးရောဂါဖြစ်ခါစတွင် ခါတိုင်းထက်ပို၍ မောသည်ဟု ခံစားရသည်။ နောက်ပိုဆိုးလာသောအခါ ဓာတ်တိုင်တစ်တိုင်လောက် လျှောက်လျှင် ပင်မောနေ၍ တစ်ခါနားရသည်။ ထို့ထက်ပို၍ ဆိုးလာသောအခါ သုံးခါလောက်နားမှ ဓာတ်တိုင် တစ်တိုင်လောက်ရောက်သည်။ နှလုံးရောဂါပြင်းထန်လာသောအခါ မိမိလက်ကလေး အသာမြောက်လျှင်ပင် တအားမောနေပြီ။ ငြိမ်ငြိမ်နေလည်း မသက်သာ ဘယ်လိုနေနေ မောနေသည်ဆိုလျှင်တော့ အဆိုးဆုံးပဲ။

(ခ) **ရင်တုန်ခြင်း**

နှလုံးသည် လိုအပ်သည်ထက်ပို၍ အလုပ်လုပ်ရသောအခါတွင်လည်းကောင်း၊ နှလုံးလျှပ်စစ် မမှန်လျှင်သော်လည်းကောင်း ရင်တုန်ခြင်းကိုခံစားရသည်။

(ဂ) **ရင်ဘတ်အောင့်ခြင်း**

နှလုံးသွေးကြောကျဉ်းလျှင် နှလုံးကြွက်သားသို့ သွေးကောင်းကောင်း မရောက်သောကြောင့် အောက်စီဂျင်မလုံလောက်သဖြင့် နှလုံးကြွက်သားကျုံ့၍ နာကျင်ခြင်းကိုခံစားရသည်။

(ဃ) **ကိုယ်ခန္ဓာဖောရောင်ခြင်း**

ခန္ဓာကိုယ်အနှံ့အပြားမှသွေးများကို နှလုံးသို့ပို့၍ နှလုံးမှအဆုတ်သို့ ဆက်လက်ပို့ဆောင်ကာ သွေးသစ်ဖြစ်အောင် လေထဲမှအောက်ဆီဂျင်နှင့်ပြည့်ဝစေသည်။ အောက်ဆီဂျင် ပြည့်ဝသောသွေးသစ်များသည် နှလုံးသို့ပြန်လာ၍ နှလုံးမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးသို့ ပို့ဆောင်ပေးသည်။ထို့သို့လှည့်ပတ်မှုစနစ်သည် နှလုံးကောင်းကောင်းအလုပ်မလုပ်သောအခါ ချို့ယွင်းသွားသည်။ သွေးစုပုံခြင်း၊ သားနံရည်စုပုံခြင်းတို့ကြောင့် ခန္ဓာကိုယ်အနှံ့အပြားတွင်၊ ဖောရောင်ခြင်းကိုဖြစ်စေသည်။

(င) **အခြားလက္ခဏာများ**

နှလုံးမှဦးနှောက်သို့ သွေးကောင်းကောင်းပို့ မတင်ပေးနိုင်သောအခါ ဦးနှောက်သွေးငတ်သဖြင့် မူးခြင်းမှစ၍ လေဖြတ်သည်အထိဖြစ်နိုင်သည်။ နှလုံးကြွက်သား ကောင်းစွာမညှစ်နိုင်သော အခြေအနေ (Ventrial Fibrillation)တွင် သတိလစ်၍ ရုတ်တရက်သေဆုံးမှုသည် နှလုံးရောဂါကြောင့် သေဆုံးရသည့်လူနာများ၏ ၅၀ ရာခိုင်နှုန်းတွင်တွေ့ရသည်။

နှလုံးရောဂါစမ်းသပ်စစ်ဆေးခြင်းများ

ခေတ်မီတိုးတက်နေသော သိပ္ပံခေတ်တွင် နှလုံးရောဂါ ရှိ-မရှိ စစ်ဆေးသော နည်းပညာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက် ပို၍တိကျသောအဖြေကို ရရှိနိုင်ပေသည်။ ရိုးရိုး E.C.G ရိုက်ရုံသာမက လေ့ကျင့်ခန်းလုပ်ပြီးမှ ရိုက်သော E.C.G ကိုပါ လိုအပ်လျှင်လိုအပ်သလို ရိုက်ကြည့်သင့်သည်။ အထူးသဖြင့် နှလုံးသွေးကြော ကျဉ်း-မကျဉ်းတိကျစွာ သိနိုင်သည့် CORONARY ANGIOGRAM ကို လုံခြုံစိတ်ချဘေးကင်းစွာ လုပ်ဆောင်နိုင်ခြင်းသည်လည်း တိုးတက်မှုတစ်ရပ်ဖြစ်ပေသည်။ သက်ဆိုင်ရာ နှလုံးပါရဂူက ထိုသို့လုပ်ရန်ညွှန်ကြားခဲ့လျှင် မကြောက်မရွံ့ဘဲ လက်ခံသင့်ပေသည်။ ဤနည်းစနစ် လုပ်ဆောင်ခြင်းဖြင့် နှလုံးသွေးကြောကျဉ်း-မကျဉ်း၊ ကျဉ်းသည့် ရာခိုင်နှုန်းတို့ကို တိကျစွာသိရှိနိုင်ရုံသာမက ၇၀ ရာခိုင်နှုန်းနှင့်အထက် နှလုံးသွေးကြောကျဉ်းလျှင် ဘောလုံးငယ်ဖြင့် တစ်ခါတည်း သွေးကြောကို ချဲ့နိုင်လေသည်။

နှလုံးရောဂါဖြစ်နိုင်ခြေများသောအုပ်စု

(က) ဝခြင်း (Obesity) သည် ရောဂါတစ်ခုပင်ဖြစ်သည်။ ရှိသင့်သော ကိုယ်အလေးချိန်၏ ၁၀ ရာခိုင်နှုန်းထက်မနည်း ပိုနေခြင်းကိုခေါ်ပါသည်။ ၁၉၈၃ American Heart Association Framingham Heart Study တွင် လူပေါင်း ၅၂၀၉ ယောက်ကို ၂၆ နှစ်တိုင်တိုင် လေ့လာခဲ့ရာ အဝလွန်ခြင်းသည် နှလုံးရောဂါ၊ နှလုံးတိုက်ခိုက်ခံရခြင်း၊ နှလုံးကြောင့် သေဆုံးခြင်းတို့နှင့် တိုက်ရိုက်ပတ်သက်နေကြောင်း တွေ့ရှိရပါသည်။

(ခ) သွေးတိုးရောဂါ၊ သွေးကြောထဲမှ များနေသောဖိအားသည် နှလုံးကိုဝန်ပိုပိစေသည်။ ဝန်ပိုထမ်းဆောင်ရသောနှလုံးသည် ပို၍ကြီးလာသည်။ နောက်ဆုံး မတတ်နိုင်သောအခါ၊ နှလုံးလုပ်ငန်းချို့ယွင်းသွား၍ နှလုံးရောဂါဖြစ်လာသည်။ ထို့ပြင် သွေးတိုးရောဂါသည်၊ သွေးကြောနံရံများကို ပျက်စီးစေသည်။ ပျက်စီးသွားသော သွေးကြောနံရံတွင် အဆီများ ၊ သွေးပန်းကန်ပြားများ စုပုံလာသဖြင့် သွေးကြောကျဉ်းလာသည်။ နှလုံးသွေးကြောကျဉ်းလျှင် နှလုံးရောဂါဖြစ်၍ ဦးနှောက်သွေးကြောကျဉ်းလျှင် လေဖြန်းခြင်း၊ လေဖြတ်ခြင်းဖြစ်စေသည်။

(ဂ) ဆီးချို၊ သွေးချိုရောဂါ၊ သွေးထဲတွင်ပိုနေသော သကြားဓာတ်များ သွေးကြောနံရံတွင်စုပုံသဖြင့် သွေးကြောများပျက်စီးခြင်း၊ သွေးကြောကျဉ်းခြင်းဖြစ်စေသည်။ နှလုံးသွေးကြောကျဉ်းလျှင် နှလုံးရောဂါဖြစ်၍ ဦးနှောက်သွေးကြောကျဉ်းလျှင် လေဖြတ်နိုင်သည်။

(ဃ) ကိုယ်လက်လှုပ်ရှားမှုနည်းသူများ။ တစ်နေကုန်တီဗွီကြည့်၊ ဂိမ်းကစား၊ ဖုန်းပွတ်နေသူများသည် အဝလွန်ခြင်း၊ သွေးထဲအဆီများခြင်းတို့ကြောင့် သွေးတိုးနှလုံး ဆီးချိုရောဂါများဖြင့် အသက်တိုကြသည်။

(င) ဆေးလိပ်သောက်သူ၊ ဆေးလိပ်ငွေ့ရှူနေရသူများ၊ ဆေးရွက်ကြီးနှင့်နီကိုတင်းကို နည်းအမျိုးမျိုးဖြင့် သုံးစွဲနေသူများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင် ပါဝင်သောအဆိပ်များသည်

(၁) သွေးကိုပိုပျစ်စေ၍ သွေးခဲသွေးကြောပိတ်ခြင်း။

(၂) နှလုံးကိုပို၍ အလုပ်လုပ်စေ၍ နှလုံးဝန်ပိခြင်း။

(၃) ဆေးလိပ်ငွေ့မှ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့သည် သွေး၏ အောက်စီဂျင်သယ်ဆောင်နှုန်းကို လျော့ကျစေခြင်း။

(၄) နှလုံးသွေးကြောကိုကျဉ်းစေခြင်း။

(၅) သွေးထဲတွင် အန္တရာယ်ပေးသောအဆီများကို မြင့်မားစေခြင်းတို့ဖြင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါတို့ကို ဖြစ်စေသည်။

(စ) စိတ်ဖိစီးမှုများခြင်း။ စိတ်ဖိစီးမှုများခြင်းသည် ဆေးလိပ်သောက်ခြင်းနှင့် သွေးထဲကို လက်စထရော များခြင်းကဲ့သို့ပင် နှလုံးအတွက်အန္တရာယ်ရှိသည်ဟု ၂၀၀၆ ခုမတ်လ ၇ ရက် ဖလောရီဒါယူနီဗာစတီ၏ သုတေသနပြုချက်အရ သိရသည်။ စိတ်ဖိစီးမှုသည် နှလုံးသို့သွားသောသွေးပမာဏကို လျော့ကျစေ၍ နှလုံးသွေးငတ်ခြင်း (Ischaemia) ကိုပို၍ဖြစ်စေသည်ဟုဆိုသည်။

သို့ပါ၍ လူတိုင်းသင့်တင့်သော ကိုယ်အလေးချိန်၊ ပြုသင့်သောကိုယ်လက်လှုပ်ရှားမှု၊ မျှတသော အစားအစာ၊ စိတ်ဖိစီးမှုနည်းသောလူနေမှုစနစ်များဖြင့် နှလုံးကျန်းမာ လူချမ်းသာအောင် ဆောင်ရွက်နိုင်ကြပြီး အရွယ်မတိုင်ခင်သေဆုံးခြင်းမှ ကင်းဝေးနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

မကွေးမြို့တော်ခန်းမ၌ အသည်းရောင်အသားဝါသိကောင်းစရာဟောပြော

မကွေး စက်တင်ဘာ ၂၈

အသည်းရောင်အသားဝါ A, B, C, D, E, G သိကောင်းစရာများအကြောင်းကို ဂုဏ်ထူးဆောင်ပါမောက္ခ အသည်းအထူးကုဌာန အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းက မကွေးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဟောပြောခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုနှင့် ကျန်းမာရေးအသိပညာ လိုလားသူ အင်အား ၁၅၀၀ ခန့် လာရောက်နားထောင်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဝန်ကြီးချုပ်ကအဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားမှူးက ဂုဏ်ထူးဆောင်ပါမောက္ခ အသည်းအထူးကုဌာန အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်း၏ ကိုယ်ရေးအကျဉ်းအား ဖတ်ကြားသည်။ ဆက်လက်၍ ဆရာဝန်ကြီးက ဟောပြောမှုများအား တစ်နာရီခန့်ပြောကြားခြင်း၊ မကွေးတိုင်းပြည်သူလူထုကိုယ်စား ဒေါက်တာခင်သီသီထွန်းက ကျေးဇူးတင်စကားပြောကြားခြင်း၊ ကျန်းမာရေးအသိလိုလားသူများ၏ မေးမြန်းချက်များအား ဒေါက်တာခင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခြင်းများ ပြုလုပ်ခဲ့သည်။

" B ပိုးနဲ့ပတ်သက်ပြီး လွဲမှားနေတဲ့ အယူအဆကတော့ B ပိုးရှိရင် တစ်သက်လုံးကုလို့မရတော့ဘူးလို့ ပြောကြတယ်။ ခုခေတ်မှာ B ပိုးကိုလုံးဝပျောက်အောင် သေစေတဲ့၊ ကုတဲ့ဆေးတွေ အများကြီးပေါ်နေပြီ။ လုံးဝပျောက်အောင် ကုလို့ရနေပါပြီဆိုတာ ပြောချင်ပါတယ်" ဟု ဒေါက်တာခင်မောင်ဝင်းက ဆိုသည်။

အသည်းရောင် C ပိုးအတွက် ကာကွယ်ဆေးမရှိသေးဘဲ နောင် ၁၀ နှစ်တာကာလအတွင်းပေါ်ရန် အလားအလာမရှိသေးကြောင်း၊ ကာကွယ်ရန်မှာ မသန့်သည့်သွေးမသွင်းမိရန်နှင့် စီပိုးရှိသူသွေးနှင့် ထိတွေ့ခြင်းမပြုမိရန်၊ မသန့်သော ကိရိယာများဖြင့် သွား (Dental) မလုပ်မိရန် အရေပြားမဖောက်ရန်၊ ဆေးမင်ကြောင် မထိုးရန်တို့ဖြစ်ကြောင်း၊ ကာကွယ်ဆေး မရှိသေးဟုဆိုသော်လည်း စီပိုးသေဆေး DAA ပေါ်နေပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသည်းရောင်အသားဝါ A နှင့် B အတွက် ကာကွယ်ဆေးများရှိပြီး တစ်ကိုယ်ရေသန့်ရှင်းမှု၊ ရေနှင့် အစားအသောက်သန့်ရှင်းမှု၊ သွေးနှင့် ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်းများ ပိုးသန့်စင်မှုတို့ဖြင့် ကာကွယ်နိုင်ကြောင်း ၎င်းက ပြောကြားပြီး မိခင်မှ ကလေးထံ B ပိုးမကူးစေရန် ကာကွယ်နည်းများနှင့် အသည်းခြောက်၊ အသည်းကင်ဆာကာကွယ်ရေး အသည်းရောင်အသားဝါရောဂါအကြောင်း အကျယ်တဝင့် ရှင်းလင်းခဲ့သည်။

ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းသည် ၂၀၁၄ ခုနှစ်တွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ်ချီးမြှင့်ခံခဲ့ရပြီး အသက်အရွယ်အားဖြင့် (၆၈) နှစ်ရှိပြီဖြစ်သော်လည်း အသည်းရောဂါလူနာများအားကုသခြင်း၊ ဆေးပညာသင်ကြားရေးနှင့် အသည်းရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ ယနေ့တိုင် တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

ချမ်းမြသာစည်မြို့နယ် အမှတ်(၂၃)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်

ချမ်းမြသာစည် စက်တင်ဘာ ၂၈
မန္တလေးချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက်ရှိအမှတ်(၂၃)အခြေခံပညာမူလတန်းလွန်ကျောင်း ဝေထိုက်အောင်ကျောင်းဆောင်ဖွင့်လှစ်ခြင်းနှင့် အဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂၃) မူလွန်ကျောင်း ဝေထိုက်အောင်ကျောင်းဆောင်သစ်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးပညာရေးဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်မိသားစုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလှူရှင် ဦးလှမျိုးထိုက်က ကျောင်းဆောင်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ကာ ကျောင်းအကျိုးတော်ဆောင်ဦးသန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဝေထိုက်အောင်ကျောင်းဆောင်သည် အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ Steel Structure တစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဆောက်လုပ်မည့်ကျောင်းဆောင်သစ် ပန္နက်တင်ပွဲကို အဆိုပါကျောင်းဝင်းအတွင်းကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ၊ တိုင်းဒေသကြီးခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ချမ်းမြသာစည်မြို့နယ်ပညာရေးဌာနမှ ဆရာ ဆရာမများ၊ အလှူရှင် ဦးလှမျိုးထိုက်-ဒေါ်ဝေဖြောတင့် (ဝေထိုက်အောင်ကုမ္ပဏီ) မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သီဟကိုကို(မန္တလေး)

ကလေးသူငယ်အပေါ် စာနာနားလည်သော ရဲလုပ်ထုံးလုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

ချမ်းအေးသာစံ စက်တင်ဘာ ၂၈
မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)တို့ ပူးပေါင်းဖွင့်လှစ်သည့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကလေးသူငယ်အပေါ် စာနာနားလည်သော ရဲလုပ်ထုံးလုပ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၇) လမ်းရှိ Hotel Sakura Princess ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက ကလေးသူငယ်စောင့်ရှောက်ခြင်းနှင့် ကလေးသူငယ်များအပေါ် စာနာနားလည်သောရဲလုပ်ထုံးလုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ အရာရှိများအနေဖြင့်ကလေးသူငယ်များကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးသူငယ်များအပေါ် စာနာနားလည်သည့်လုပ်ထုံးလုပ်နည်းများကို မှတ်သားလေ့လာပြီး ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အလေးထားလိုက်နာသွားရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှMr.Chris Graveson က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီးနှင့် ခရိုင်ရဲတပ်ဖွဲ့မှ အရာရှိ ၅၇ ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လေးဦး၊ ရဲအရာရှိအတတ်သင်ကျောင်းမှ အရာရှိများအပါအဝင် ရဲအရာရှိ ၆၅ ဦး တက်ရောက်ပြီး ကလေးသူငယ်စောင့်ရှောက်ခြင်းဆိုင်ရာရဲလုပ်ထုံးလုပ်နည်းများသင်ကြားကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေရှိမြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မန္တလေးမြို့ပေါ်မှ မြို့မစခန်းမှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(မန္တလေးရုံးခွဲ)မှတာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူရဲအရာရှိများ တက်ရောက်ကြသည်။

မောင်ပြည့်သူ(မန္တလေး)

သင်္ဂဇာချောင်းအတွင်း ငါးများအစုအပြုံလိုက်သေဆုံးမှုဖြစ်ပွား

မန္တလေး စက်တင်ဘာ ၂၈
မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် (၉၁) လမ်း သင်္ဂဇာချောင်းတစ်လျှောက်မှ (၄၁)လမ်း၊ သင်္ဂဇာချောင်းတစ်လျှောက်တွင် စက်တင်ဘာ ၂၇ ရက် ည ၉ နာရီက မိုးရွာသွန်းပြီးနောက် ည ၁၀ နာရီခန့်မှစ၍ ငါးအသေကောင်များ ချောင်းအတွင်း မျောပါလာပြီး ငါးများအစုအပြုံလိုက်သေဆုံးနေသည်ကို တွေ့ရသည်။

အဆိုပါ ငါးများအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ စက်တင်ဘာ ၂၈ ရက် နံနက် ၅ နာရီမှ စတင်ရှင်းလင်းရာ နံနက် ၇ နာရီတွင် ပြီးဆုံးခဲ့ပြီး သေဆုံးသည့် ငါးများကို ကြာနီကန် အမှိုက်ကန်သို့ ပို့ဆောင်မြေမြှုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ကွမ်းဆေးမြောင်း ရေစီးရေလာကောင်းမွန်ရေး ကျောက်ဆလံများပြုလုပ်

ကျောက်ဆည် စက်တင်ဘာ ၂၈
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ကွမ်းဆေးမြောင်း သောက်တောင်သူများ မိုးစပါးစိုက်ပျိုးခြင်းနှင့် အခြားကောက်ပဲသီးနှံများ စိုက်ပျိုးရာတွင် အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးနိုင်ရေးအတွက် ရေစီးရေလာကောင်းမွန်စေရန် နုန်းမြေများတူးဖော်ပြီး မြောင်းကွေ့များတွင် ရေတိုက်စားမှု ကင်းဝေးရေးအတွက် ကျောက်ဆလံများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနသည် ကွမ်းဆေးမြောင်းကွေ့များတွင် ကျောက်ဆလံများပြုလုပ်ခြင်း၊ မြောင်းနယ်မြေကွန်ကရစ်တိုင်များ စိုက်ထူခြင်းတို့ ပြုလုပ်လျက်ရှိသည်။ အဆိုပါ မြောင်းသည် အရှည် ၁၆ ဒသမ ၃ မိုင်၊ မြောင်းအကျယ် ၂၉ ပေရှိပြီး ရေသောက်ဧက လက်တံခွဲမြောင်း ခြောက်မြောင်းအပါအဝင် ယခုနှစ်မိုးစပါးစိုက်ဧက ၇၇၅၂ ဧက စိုက်ပျိုးလျက်ရှိရာ မိုးရွာသွန်းမှု ကောင်းမွန်ခြင်း ဆည်မြောင်းရေဖူလုံစွာရရှိခြင်းတို့ကြောင့် ယခုနှစ်မိုးစပါးနှင့်အခြားကောက်ပဲသီးနှံများ စိုက်ပျိုးရာအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ခင်မောင်လွင်(ပြန်/ဆက်)

တိမ်မြုပ်ပျောက်ကွယ်လုနီး မြန်မာ့ရိုးရာနဂါးအကကို မုံရွာမြို့နယ် သာစည်ရွာ မဟာစေတီလှဘုရားပွဲတွင် ကပြပူဇော်ရင်း ဒေသခံများက ထိန်းသိမ်းထား

မုံရွာ စက်တင်ဘာ ၂၈
တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော မြန်မာ့ရိုးရာနဂါးအကကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသော မုံရွာမြို့နယ် သာစည်ရွာ မဟာစေတီလှဘုရားပွဲတွင် ကပြပူဇော်ရင်း ဒေသခံများက ထိန်းသိမ်းထားကြောင်း သိရသည်။

နှစ်စဉ်မပျက်ဘုရားပွဲရောက်တိုင်း မြန်မာ့ရိုးရာနဂါးအကဖြင့် ဘုရားကြီးကိုကပြပူဇော်ခဲ့ကြသည်မှာ လွန်ခဲ့သောနှစ်ပေါင်း ၇၀၀ ကျော် အလောင်းစည်သူမင်း၏မြေးတော် နရပတိစည်သူမင်း လက်ထက်ကတည်းကဖြစ်ကြောင်း ရှေးဟောင်းသာစည်ရွာ သမိုင်းမှတ်တမ်းတွင် ပြဆိုထားသည်။

"နဂါးအကက စုပေါင်းပြီးညီညွတ်မှုနဲ့ကရတာပါ။ နဂါးအကကရင် ခုနစ်ယောက်ကရပါတယ်။ နဂါးအကကို နှစ်စဉ်ဘုရားပွဲရောက်တိုင်း ကပြပူဇော်ကြတာပါ။ ဝါတွင်းကာလအခုအချိန်မှာတော့ နဂါးအကကိုလေ့ကျင့်တဲ့အနေနဲ့ လူငယ်တွေကကျေးရွာထဲလှည့်ကရင်း အလှူခံကြပါတယ်။ ကပြီး အများက လှူလိုက်တဲ့ ပိုက်ဆံတွေကို စုပေါင်းပြီး သီတင်းကျွတ်လပြည့်နေ့ မဟာစေတီလှဘုရားပွဲတော်မှာ ပွဲတက်သွားရင်း၊ နဂါးအကကရင်း ရွှေဖိုးငွေလှူကြပါတယ်" ဟု ညောင်ထူးကြီးရွာ နဂါးအကအဖွဲ့ခေါင်းဆောင်က ပြောသည်။

သီတင်းကျွတ်လပြည့်နေ့ ဘုရားပွဲတော်နေ့တွင် နဂါးအကဖြင့် စေတီတော်ကို တစ်ပတ်လှည့် ကပြပူဇော်အပြီးတွင် နဂါး၏ကိုယ်ထည်ကို ဘုရားတွင်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

"မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားပွဲတော်မှာ မြန်မာ့ရိုးရာနဂါးအကက မပါမဖြစ်တဲ့အကဖြစ်တယ်ဆိုတာမှန်ပေမယ့် နှစ်တွေကြာလာတာနဲ့အမျှ ကပြတဲ့ကျေးရွာတွေကလည်း တဖြည်းဖြည်း လျော့နည်းလာနေပါတယ်။ အခုအခါမှာတော့ ညောင်ထူးကြီးကျေးရွာတစ်ရွာတည်းသာ ကပြတာရှိပါတော့တယ်။ မြန်မာပြည်မှာရှားပါးတဲ့ မြန်မာ့ရိုးရာအကဟာတိမ်ကောပျောက်ကွယ်မယ့်အခြေအနေကိုရောက်နေပါပြီ"ဟု သာစည်ကျေးရွာဒေသခံသက်ကြီးတစ်ဦးက ပြောပြသည်။

သာစည်ကျေးရွာစေတီလှဘုရားပွဲတော်တွင် မြန်မာ့ရိုးရာနဂါးအကနှင့်အတူ တစ်လုံးတည်းသောအိမ်ခန့်ရှိသည့် မီးပုံးပျံကြီးလွှတ်တင်ပွဲကိုလည်း နှစ်စဉ်မပျက်ကျင်းပခဲ့ကြရာ လက်ရှိတွင် ပြင်ဆင်မှုများကို သာစည်ရွာတွင်ပြုလုပ်လျက်ရှိကြကြောင်းသိရသည်။

"အရင်ကတော့ မီးပုံးပျံကြီးတွေကိုဆင်ရုပ်၊ ဖိုးသူတော်ရုပ်၊ နွားရုပ်စတာတွေချိုးခဲ့ကြပေမယ့် နောက်ပိုင်းမှာ ကမ္ဘာလုံးပုံကိုပဲအချိုးများပြီး လွှတ်တင်ခဲ့ကြပါတယ်။ တစ်လုံးတည်းသော မီးပုံးပျံကြီးကို လူ ၂၀ ကျော် ၃၀ လောက်နဲ့ နေပူ တယ်ဆိုရင် ၁၀ ရက်လောက်ချိုးကြရပါတယ်။ လွှတ်ဖို့အထိဆိုရင်တော့ ၁၅ရက်လောက် ပြင်ကြဆင်ကြရပါတယ်။ လက်ရှိမှာအကြမ်းထည်ပြီး နေပါပြီ။ မီးပုံးပျံလွှတ်ပွဲကို သာစည်ကျေးရွာ နယ်ပိုင် ၆၄ ရွာကဒေသခံတွေလာပြီး စိုက်ပျိုး ထားတဲ့ သီးနှံတွေအောင်မြင်ဖြစ်ထွန်းဖို့ ဘုရားကြီး ရင်ပြင်တော်မှာ ဆန်၊ ပန်းပေါက်ပေါက်ပက်ဖျန်းတဲ့ အလေ့အထလည်းရှိပါတယ်" ဟု မုံရွာမြို့တွင်နေထိုင်သော သာစည်အင်ဒိုင်းနွယ်ဖွားတစ်ဦးက ပြောသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၉ နာရီခန့်တွင် စေတီလှဘုရားကြီး မြောက်ဘက်၌ မီးပုံးပျံကြီးကို လွှတ်တင်မည်ဖြစ်ပြီး မြန်မာ့ရိုးရာနဂါးအကဖြင့် ဘုရားကြီးကို ကပြပူဇော်ခြင်းဖြင့် ဘုရားပရိဝုဏ်အတွင်းနှင့် ဘုရားကြီးပတ်လည်တွင် လှည့်လည်ပူဇော်မည်ဖြစ်ရာ နှစ်စဉ် မန္တလေး၊ ရန်ကုန်နှင့် မြန်မာပြည်တစ်ဝန်းမှ ဘုရားပွဲလာသူများသည်ထိုအချိန်တွင်ခြေချစရာမရှိ အထူးစည်ကားလှသည်မှာ နှစ်စဉ်ဖြစ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များ စစ်ဆေးသိမ်းဆည်း

မင်းဘူး စက်တင်ဘာ ၂၈
အမျိုးသားကျန်းမာရေးအတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှုမရှိစေရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိရာ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက မင်းဘူးမြို့ စည်ပင်သာယာဈေးအတွင်းရှိ အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသောဆိုင်များသို့ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးမှူး ဦးဝင်းမြင့်သောင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့အစည်းများ၊ ဈေးကော်မတီဝင်များပါဝင်သောအဖွဲ့သည် စံချိန်စံညွှန်း အရည်အသွေးမီ ထုတ်လုပ်သောကုန်ပစ္စည်းတွင် ပါဝင်ရမည့်အချက်များပါဝင်ခြင်း ရှိ-မရှိ စစ်ဆေးခြင်းနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုမရှိသော သက်တမ်းလွန်အစားအသောက်များကို သိမ်းဆည်း၍ ပြည်သူများ စားသုံးရန်မသင့်သည့် အစားအသောက်များ ဖြန့်ဖြူးရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ကြောင်း သိရသည်။ **ဖိုးပြည့်(မင်းဘူး)**

ခွေးရူးရောဂါအကြောင်းသိကောင်းစရာ ဟောပြောပွဲနှင့် ကာကွယ်ဆေးထိုးနှံ

လှိုင်လင် စက်တင်ဘာ ၂၈
လှိုင်လင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက (၁၁)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ခွေး၊ ကြောင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်လင်ခရိုင်ဦးစီးမှူး ဒေါက်တာခွန်မောင်အုန်းနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ငြိမ်းတို့က အသီးသီးဟောပြောကြသည်။ ယင်းနောက် အိမ်မွေးခွေးနှင့် ကြောင် အကောင် ၅၀ အား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။
မိုးလွင်ဦး(လှိုင်လင်)

ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော အောင်မြင်သာ တံတားအစား ယာယီကြိုးတံတား ပြန်လည်ဆောက်လုပ်ပြီးစီး

ကလေး စက်တင်ဘာ ၂၈
ကလေးဒေသအတွင်း စက်တင်ဘာ တတိယပတ်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ကလေးမြို့နယ် အနောက်မြောက် လမ်းမပေါ်ရှိ အောင်မြင်သာသစ်သားတံတား ချောင်းရေတိုက်စား၍ တံတားထက်ဝက်ခန့် ကျိုးပြတ်ပျက်စီးကာ ချောင်းရေထဲမျောပါသွားပြီး ကလေးမြို့နှင့် အနောက်မြောက်ကျေးရွာများ ကုန်သွယ်သွားလာမှု လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်း ယာယီပြတ်တောက်လျက်ရှိသည်။

အဆိုပါတံတားပျက်သည့်နေရာကို ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့၏ စီမံဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာနနှင့် ကျေးရွာနေပြည်သူများပူးပေါင်း၍ ယာယီကြိုးတံတားတည်ဆောက်လျက်ရှိကြရာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်၍ စက်တင်ဘာ ၂၇ ရက် ညနေ ပိုင်းမှစတင်၍ လူနှင့်ဆိုင်ကယ် ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ကလေးမြို့နယ် အနောက်မြောက် လမ်းမပေါ်ရှိ ဒေသခံကျေးရွာနေပြည်သူများ၊ ပညာရေးဌာနဝန်ထမ်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက်လည်း သွားလာရေး ယာယီအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ဂျိုးနက်**

ထန်တလန်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးအားကြည့်ရှု

ထန်တလန် စက်တင်ဘာ ၂၈
ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး (ပြည်နယ်အုပ်ချုပ်ရေးမှူး) ဦးခင်မောင်ကျော်သည် ဟားခါးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးလွင်ကိုဦးနှင့်အဖွဲ့လိုက်ပါလျက် စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက ထန်တလန်မြို့နယ်ခန်းမ၌ ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း ထန်တလန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးကို ထန်တလန်မြို့နယ်ခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ လျှပ်စစ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တော၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ပညာရေး၊ ကျန်းမာရေး၊ စည်ပင်၊ လဝက၊ ကျေးလက်ဦးစီးစသည့် ဌာန ၁၃ ခုဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့ပြီး အများပြည်သူများ နေရာတစ်ခုတည်းတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။
မြို့နယ်(ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ပွဲနှင့် ကော်မတီရွေးချယ်

အင်ဂျန်းယန် စက်တင်ဘာ ၂၈
ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကျေးရွာများအား စီမံကိန်းလုပ်ငန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာကော်မတီရွေးချယ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ဘွမ်နင်ယန်ကျေးရွာ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောန်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနော်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ထို့နောက် အင်ဂျန်းယန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများက နိုင်ငံတော်မှ အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ အား စတင်ထုတ်ပေး၍ ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သက်မွေးပညာလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများတွင် တိုးချဲ့လုပ်ဆောင်နိုင်မည့် အခြေအနေကောင်းဖန်တီးပေးနိုင်မည့် လုပ်ငန်းများအပြင် ရရှိသည့်အတိုးငွေဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်နိုင်မည့် အခြေအနေများနှင့် စီမံကိန်းလုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍တက်ရောက်လာသည့် ဒေသခံပြည်သူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မည့် ဘွမ်နင်ယန်၊ ဂျော်ဆာ၊ ခွန်ဆိုင်တော်ယန်နှင့် ပဆီဇွတ်ကျေးရွာတို့မှ ဒေသခံ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် ကော်မတီဝင်ရှစ်ဦးအား ရွေးချယ်တင်မြှောက်ပေးခဲ့ပြီး အခမ်းအနားသို့ ကျေးရွာနေပြည်သူ အင်အား ၇၀ ကျော် တက်ရောက်ကြောင်း သိရသည်။ **ဦးလေးကြီး**

ခင်ဦးမြို့၌ခွေး၊ ကြောင် အကောင်၁၀၀ကိုခွေးရူး ကာကွယ်ဆေး အခမဲ့ထိုးနှံ

ခင်ဦး စက်တင်ဘာ ၂၈
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာလှလှပြုံးနှင့် ဝန်ထမ်းများက စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်သော (၁၁) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဖြင့် စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ခွေး၊ ကြောင် အကောင် ၁၀၀ ကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါအဖွဲ့သည် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင်လည်းကောင်း၊ ဘုန်းကြီးကျောင်းတို့တွင်လည်းကောင်း၊ အိမ်များတွင်လည်းကောင်း ခွေး၊ ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ လိုက်လံ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။
(ခင်ဦးစိုးဝေ)

ရွှေဘိုမြို့နယ် ဆင်အင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်

ရွှေဘို စက်တင်ဘာ ၂၈
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ဆင်အင်းကျေးရွာအုပ်စု ဆင်အင်းကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်း (၁၆) ခုတင်ဆံ့ ဆေးရုံအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

ထို့နောက် လူမှုရေးဝန်ကြီး ဒေါက်ဇော်ဝင်းက ဆေးရုံအဆောက်အအုံ ဆောက်လုပ်ပေးရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ရပ်မိရပ်ဖ ဦးအောင်လင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် အုပ်ချုပ်ရေးမှူးဦးစိုးပိုင်က အထိမ်းအမှတ်အလံများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုဆောက်လုပ်ခဲ့သော ဆေးရုံအဆောက်အအုံသစ် မတိုင်မီကတည်းက ဆင်အင်းကျေးရွာတွင် ၁၉၇၁ ခုနှစ်ကတည်းက တိုက်နယ်ဆေးရုံရှိခဲ့ကြောင်း၊ ယင်းဆေးရုံကို ရွှေဘိုမြို့နယ်အတွင်း ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးရွာပေါင်း ၁၃ ရွာနှင့် ဒီပဲယင်းမြို့နယ်မှ ခုနစ်ရွာခန့်က အားကိုးအားထားပြုနေရကြောင်း၊ သွားလာရေးခက်ခဲသော ဒေသဖြစ်သည်နှင့်အညီ ယခုလိုနိုင်ငံတော်က (၁၆) ခုတင်ဆံ့ အဆင့်မီဆေးရုံအဆောက်အအုံသစ်ကို ဆောက်လုပ်ပေးခဲ့သည့်အတွက် များစွာဝမ်းသာပီတိဖြစ်ပါကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးပိုင်က ပြောကြားသည်။ **ဘိုစိုး(ရွှေဘို)**

ကြေးမုံ

စက်တင်ဘာ ၂၉၊ ၂၀၁၇

အငြိမ့်ညွန့်ပေါင်း

ဆူးငှက်

ရှေးတုန်းက အငြိမ့်ညွန့်ပေါင်းတွေ သိပ်ပေါတယ်။ ပေါရောပေ့။ သဘင်ပညာကို တကယ်တတ်သူတွေလည်း ပေါတာကိုး။

လက်ဆည်ကန် 'ယပ်ဝင်း'ဘုရားပွဲ အငြိမ့်ညွန့်ပေါင်းက နာမည်အကြီးဆုံးလို့ ဆိုကြပါတယ်။ စိန်ဗေဒါကြီးနဲ့ မင်းသမီးအကျော်အမော်တွေပွဲလေ။ လေဘာတီမမြရင်၊ ဥက္ကလာအေးကြည်၊ ယုဝတီမြသောင်းခင်၊ ဩဘာသောင်းတို့က ပင်တိုင်။ လူရွှင်တော်က ဦးသန်း၊ ဦးခတ်ခိုး၊ ကိုအာလူး၊ ကိုခတ်စိန်တဲ့။ တော်ရုံတန်ရုံနဲ့လည်း ဒီညွန့်ပေါင်းပွဲမှာ အနားမကပ်ရဲကြဘူး။ ချိတ်လုံးခွင်လုံးနဲ့ ပြက်ရတာ မဟုတ်ဘူး။ နဖူးတွေ့၊ ဒူးတွေ့ လာဘ်လုံးတွေနဲ့ လူရယ်အောင် လုပ်ရတာကလား။ ပညာပြည့် ပါမှ။

ဆိုင်းဝိုင်းဘက် ဦးတချချ

ဒီညွန့်ပေါင်းမှာ ကမယ့် မင်းသမီးက စိန်ဗေဒါကြီးဆီ သီချင်းသွားတိုက်ထားရတယ်။ အဲလို ကြိုတိုက်ထားတာတောင် တကယ်ကမယ့်ညမှာ ဦးဗေဒါဆိုတဲ့ အရှိန်နဲ့ လန့်နေလို့ မကခင်ကတည်းက ဆိုင်းဝိုင်းဘက် ဦးတချချ လုပ်နေရတယ်။ ဒါမှလည်း ဦးဗေဒါကြီးက ကိုယ်ကနိုင်မယ့် အဆစ်မျိုးနဲ့ ပို့ပေးမှာကိုး။

အဲလို ဦးဗေဒါကြီးကို 'ဦးချ' ပြီးမှ ကကြရတာနဲ့ ပတ်သက်ပြီး လူကြီးတွေဆီက ကြားဖူးတာ လေးတစ်ခု ဖောက်သည် ချဦးမယ်။

မမြရင်တို့၊ ဩဘာသောင်းတို့ ခေတ်ကောင်းနေတုန်း ရန်ကုန်မှာ သူတို့နဲ့ ခေတ်ပြိုင် မင်းသမီး တစ်လက် ရှိသတဲ့။ သူကလည်း ရန်ကုန်မှာ တကယ့်ဒိတ်။ တစ်နှစ်တင်တော့ မန္တလေးမြို့လယ်ကောင် ရပ်ကွက်ကြီး တစ်ရပ်ကွက်နဲ့ ကထိန်ပွဲမှာ ကမယ့် အငြိမ့်ညွန့်ပေါင်းအတွက် အဲဒီမင်းသမီးကို ငှားရပါတယ်။ 'ရန်ကုန်မင်းသမီး' ဆိုတော့လည်း မန္တလေးက စိတ်ဝင်စားတာပေါ့။ ထိပ်တန်း မင်းသမီးမို့ ပညာသည်ချင်းကလည်း အကဲခတ် စောင့်ကြည့်တာပေါ့။ အဲဒီမင်းသမီးက မန္တလေး မင်းသမီး တွေထက်သာတာ

avbmwEdrif

ပညာတင်မက အဝတ်အစား ဖက်ရှင်ထွင်တာလည်း နာမည်တစ်လုံးနဲ့ဆိုကိုး။ ဒီတော့ ပညာကလည်း ပြောစရာမရှိ။ အပြင်အဆင်ကလည်း ပြောစရာမရှိ။ စကားအပြောကလည်း အဆတ်ကလေးတွေနဲ့ ပီယပါလှတယ်လို့ နာမည်ကြီးနေတော့ ပရိသတ်မျှော်လင့်မယ်ဆိုလည်း မျှော်လင့်စရာပေ့ါ။

ကထိန်ညွန့်ပေါင်းပွဲရောက်တော့ မင်းသမီးတွေ ရှေ့ထွက်၊ နောက်ထွက် မဲနှိုက်ကြတယ်။ အဲဒီဧည့်သည် မင်းသမီးက နောက်ဆုံးအလှည့်ကျတယ်။ မန္တလေး မင်းသမီးတွေကတော့ စိန်ဗေဒါဆိုတဲ့ အရှိန်နဲ့မက ယခင်ကတည်းက ရှာစားကြီးကို ဦးချလို့ ရိုရိုသေသေနဲ့ သပ်သပ်ရပ်ရပ်အလုပ်သွားကြသတဲ့။ ဒါပေမယ့် ဧည့်သည်မင်းသမီးအလှည့်ကျတော့ ရှာစားကြီးပညာနဲ့ ဂုဏ်အရှိန်ကို မထီမဲ့မြင်တဲ့ မာနနဲ့မို့ ဦးချရကောင်းမှန်း နှုတ်ဆက်ဂါရဝပြုရကောင်းမှန်းမသိဘဲ သူ့အလှည့် အရောက်မှာ ဆိုင်းဝိုင်းရှေ့ဝင်တဲ့ပြီး ခပ်မော့မော့ပဲ ဒူးတုပ်ထိုင်နေတာကိုး။ ဆိုင်းဝိုင်းရှေ့ရောက်နေတာတောင် ရှာစားကြီးကို မျက်လွှာလေးတစ်ချက် ပင့်ကြည့်ဖော် မရဘူး။

ပရိသတ်ကလည်း ရှာစားကြီးနဲ့ အငြိမ့်ညွန့်ပေါင်းကို ကြုံဖူးနေကျ ပရိသတ်မို့ ဒီပွဲကဖြင့် ကြည့်ကောင်းပြီ ဆိုတာရိပ်မိပြီး ပွဲကြီးပွဲကောင်းပေ့ါ။

ကျားနှစ်ကောင်သဏ္ဌာန်လုပ်

ခဏနေတော့ ဦးဗေဒါက လေပြေထိုးတယ်။ လေပြေအထိုးမှာ မထင်မှတ်ဘဲ လေးကင်းထည့် တီးလိုက်ရော။ လေးကင်းအတီး နောက်ထိုင်ညိုစိမ့်နဲ့ ဂုံညင်းက ဘာပြောကောင်းမလဲ ပြုန်းဆို ခါးတောင်းမြှောင်အောင် ကျိုက်ထည့်ပြီး ဆိုင်းနောက်ကနေ ကျွမ်းပစ်ပြီး ကျားနှစ်ကောင်သဏ္ဌာန်လုပ်ထွက်လာကြရော။ ကျားနှစ်ကောင်က လေးကင်းနဲ့ ကျွမ်းပစ်လိုက်ကြ။ စင်တစ်ဖက်တစ်ချက် ကူးလိုက်ကြ၊ ဗိန်းမောင်းနဲ့ နှစ်ကောင်လုံး လိုက်ထွေးလိုက်၊ သတ်လိုက်ပုတ်လိုက်ကြ။

ဒီတင် ဧည့်သည်မင်းသမီးက ခပ်ကြောင်ကြောင် ဖြစ်နေပြီ။ ရှာစားကြီးကလည်း

&mpm;u jpeliA'/

ညာသံပေးပြီး ဗိန်းမောင်းရိုက်တော့တာကိုး။ ကျားနှစ်ကောင်ကလည်း ဆိုင်းသံနဲ့အတူ မြူးလိုက်ကြတာ။ မင်းသမီးအနား နှစ်ကောင်သား ဝေ့လိုက်၊ ဝိုက်လိုက်၊ ပတ်ချာလှည့်လိုက်၊ အနံ့ခံလိုက်၊ စူးစမ်းလိုက်။ လက်နဲ့ မင်းသမီးပခုံးနားတို့ကြည့်သယောင် လုပ်လိုက်၊ ပွတ်ကာသီကာ လှည့်ထွက်သွားလိုက်၊ ပြန်ပြီး အနံ့ခံလိုက်၊ တို့ကြည့်လိုက် လုပ်နေကြတယ်။ မင်းသမီးလည်း ထိုင်ရာက မထရဲ၊ အောက်ပဲ ဆင်းပြေးရမလို၊ ငြိမ်ခံရမလိုနဲ့ ကျားနှစ်ကောင်က ဗိန်းမောင်းနဲ့ တော်တော်လေးလည်း ကစားပြီးမှ ဗိန်းမောင်းအချ နောက်ကျွမ်းပစ်ထည့်ပြီး ဆိုင်းဝိုင်းနောက်ကို ကျားနှစ်ကောင် ဝင်သွားတာကိုး။

အမလေး . . . ဒီတော့မှ မျက်လုံးအဝိုင်းသားနဲ့ အကြောက်ကြီးကြောက်နေတဲ့ မင်းသမီးလည်း သက်ပြင်းချနိုင်တော့တယ်။ ပရိသတ်က သဘောကျလွန်းလို့တဲ့။ လက်ခုပ်လက်ဝါးတီးပြီး အော်လိုက်၊ ဟစ်လိုက်နဲ့ တဝေါဝေါ ပွဲကျလို့။ မင်းသမီးမှာ လိပ်ပြာလွင့်မတတ် အသားတွေတုန်နေပြီး သီချင်းတောင် အသံကိုက် မဆိုနိုင်တော့ဘူး။

ဒီတော့ မင်းသမီးက ရှာစားကြီးကိုဦးချပြီး သူ့မှာ ပညာမပြည့်သေးပါကြောင်း၊ ရှာစားကြီးက သက်သက်ညှာညှာနဲ့ ပို့ပေးပါရန်အကြောင်း တောင်းပန်သတဲ့။ ရှာစားကြီးက ပြုံးပြုံးကြီးနဲ့ "သမီး ဘာမှမကြောက်နဲ့ ရဲရဲဆို - ရဲရဲက"ဆိုပြီး မင်းသမီးအကြိုက် ဒိုးဆစ်၊ ဒိုးကွက်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပို့ပေးတာ ပရိသတ်လည်း ကြိုက်လိုက်ကြ၊ သဘောကျလိုက်ကြတာကိုး။

နောက်တော့ အဲဒီမင်းသမီးလည်း မန္တလေးပွဲအချို့ဆိုရင် ရှာစားကြီးနဲ့ ကျကျနန တီးလုံးတိုက်ပြီး အနောက်ပြင်က ဘုန်းကြီးပျံတစ်ပွဲမှာ ဦးသန်း၊ ဦးခတ်ခိုး၊ ကိုပေါစိန်တို့နဲ့ မန္တလေးပရိသတ် စွဲလောက်အောင် အလုပ်လုပ်သွားနိုင်ခဲ့တယ်။

စိန်ဗေဒါနဲ့ အငြိမ့်ညွန့်ပေါင်း

အငြိမ့်ညွန့်ပေါင်းပွဲတွေမှာဆိုရင် ရှာစားကြီးက မင်းသမီးတွေကို သူတို့အကြိုက်တီးလုံး၊ ဒိုးဆစ်တွေနဲ့ ပို့ပေး။ အရောင်တင်ပေးတတ်တာ ပရိသတ်ကသိတော့ အငြိမ့်ညွန့်ပေါင်းတဲ့ပေ့ါဆို မလွတ်တမ်းဘဲ။

မမြရင်အလှည့်ရောက်ရင် နောက်ထတွေက ရှာစားကြီးနဲ့ မမြရင်ကို ချိတ်လုံး၊ ကလိလုံးတွေနဲ့ ဆွပေးကြရော။ ရှာစားကြီးကလည်း အူအမြူးကြီးမြူးပြီး တီးလိုက်တာများ မီးကုန်ယမ်းကုန်။

ဥက္ကလာအေးကြည်ကတော့ ကြိုးကြိုးစားစားကတတ်တယ်။ အပင်ပန်းခံနိုင်တယ်။ ဒီတော့ ရှာစားကြီးက တေးထပ်တစ်ပုဒ်ကို မာန်ကြီးခင်းပြီးမှ တီးပေးသတဲ့။ ဥက္ကလာအေးကြည်ဆိုတာကလည်း သူ့ပရိသတ်နဲ့သူ မကခင် စင်နောက်မှာတောင် ပွဲစည်တဲ့ မင်းသမီးမျိုး၊ အဲဒီခေတ်က မင်းသမီးထဘီက ပြန့်ထဘီတွေ၊ မင်းသမီးထဘီဝတ်တော့ ညာခြေလေး နောက်ထိုးပြီး ခြေဖျားလေးထောက်၊ ဘယ်ခြေလေးခွင်ပြီး ဘယ်ဘက်ပေါင်တစ်လျှောက်က ထဘီအဆက်တစ်လျှောက် အပ်ချိတ်နဲ့ သိရတာကိုး။ အဲလို အပ်ချိတ်ထိုးရင်း နငတ်ခမ်းထောင့်စွန်းမှာ စီးကရက်ခဲထားပုံက ဘယ်သူနဲ့မှ မတူဘူးတဲ့။ စီးကရက်မီးခိုးထဲ မျက်စိထဲဝင်မှာမို့ မျက်လုံးလေး မှေးထားတာလည်း ဟန်ပါသလှသတဲ့။ ဥက္ကလာအေးကြည်က အဲသလို မင်းသမီး။

ယုဝတီမြသောင်းခင်ကတော့ အချောဆုံး၊ အလှဆုံး မင်းသမီး၊ ဖြူဖြူဖွေးဖွေး လုံးကြီးပေါက်လှ၊ သီချင်းဆိုတော့ အသံက ကန္တဲ့ကလျနဲ့မို့ ချစ်စရာကောင်းသတဲ့။

ဩဘာသောင်းကတော့ ဆရာထာရေးတဲ့ ပေါ်ပြူလာ ဘာလူးဘာလက် သီချင်းထဲကလို (ပုတက်တက် မည်းနက်ညိုပြာမှောင်) လို့ ဆိုသကိုး။ ဒီညွန့်ပေါင်းပွဲမှာ အဲလိုရုပ်မျိုးနဲ့ နင်လား၊ ငါလား ပခုံးချင်းယှဉ်နိုင်တာက သူ့အကကြောင့်ပါ။

ဒိုးစိပ်စိပ်၊ စည်းသုတ်မှာ ကကြစို့ဆိုရင် ဘယ်သူမှ လိုက်မီအောင် ကနိုင်တဲ့ မင်းသမီး။

မန္တလေးဘုရားပွဲတွေမှာ ရှာစားကြီး စိန်ဗေဒါနဲ့ အငြိမ့်ညွန့်ပေါင်းပွဲကို ကြုံဖူးသူတိုင်း တသသ ပြောမဆုံးနိုင်အောင်ရှိခဲ့ဖူးပါတယ်။ ။

ပဲရစ်မှာ အတူတွေ့လိုက်ရတဲ့

ဆောင်းဟေကို နှင့် ဆောင်ဂျွန်ကီ

မကြာမီမှာ လက်ထပ်ကြတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော် ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ လတ်တလောမှာတော့ ပြင်သစ်မှာ အတူရှိနေတာကို တွေ့ခဲ့ရပါတယ်။ ပါရစ်မြို့မှာ အတူချိန်းဆိုတွေ့ဆုံနေကြတဲ့သူတို့နှစ်ဦးကို ပရိသတ်တစ်ဦးက ဓာတ်ပုံရိုက်ကာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေ တစ်ဆင့် ထုတ်ဖော်ပြသခဲ့ပြီးနောက် ယင်းဓာတ်ပုံဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့တာလည်း ဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပါရစ်ရဲ့ လမ်းတွေပေါ်မှာတွေ့ခဲ့ရတဲ့ သူတို့နှစ်ဦးကို ပရိသတ်တွေက ဓာတ်ပုံရိုက်ယူခဲ့ရာမှာတော့ မင်းသား ဆောင်ဂျွန်ကီက ကင်မရာကို ကြည့်ကာ ပြုံးပြခဲ့ပေမယ့် ဆောင်းဟေကိုကတော့ ရှက်တာကြောင့် မျက်နှာကို ကွယ်ထားတာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် အခြားသောပရိသတ်တစ်ဦးကလည်း သူတို့နှစ်ဦး ပါရစ်က ဟိုတယ်တစ်ခုမှာ နံနက်စာ အတူစားနေတာကို တွေ့ရကြောင်းနဲ့ ဟိုတယ်အပြင်မှာ လမ်းလျှောက်နေတဲ့ ဆောင်ဂျွန်ကီရဲ့ ပုံရိပ်တွေပါဝင်တဲ့ ဗီဒီယိုဖိုင်တစ်ခုကိုလည်း အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၄ ရက်က တောင်ကိုရီးယား အင်ချွန်းလေဆိပ်ကနေ အတူထွက်ခွာခဲ့ကြောင်း သူတို့နဲ့ လေယာဉ်တစ်စင်းတည်းမှာ လိုက်ပါလာတဲ့ ပရိသတ်တစ်ဦးက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ အခြားသောပရိသတ်တစ်ဦးကလည်း သူတို့နှစ်ဦးကို ပါရစ်မှာရှိတဲ့ အဝတ်ဆိုင်တစ်ဆိုင်မှာ အတူတွေ့ခဲ့ရကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

လတ်တလောပေါ်ထွက်လာတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး ဆောင်ဂျွန်ကီရဲ့ ဖျော်ဖြေရေးအေဂျင်စီကို ဆက်သွယ်မေးမြန်းခဲ့ရာမှာတော့ ဘလွန်းဆွန်းအန်တာတိန်းမန့်က ပြင်သစ်ခရီးစဉ်ဟာ ကြယ်ပွင့်စုံတွဲရဲ့ မင်္ဂလာဓာတ်ပုံရိုက်ကူးဖို့အတွက် သွားရောက်ခဲ့တာတော့မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့လည်း သိရပါတယ်။ ဆောင်းဟေကိုရဲ့ အေဂျင်စီကတော့ အဆိုပါသတင်းနဲ့ပတ်သက်ပြီး တုံ့ပြန်ပြောကြားခဲ့ခြင်းမရှိတာလည်း ဖြစ်ပါတယ်။

မကြာသေးမီကလည်း ကြယ်ပွင့်စုံတွဲဟာ မင်္ဂလာဓာတ်ပုံရိုက်ကူးဖို့အတွက် အမေရိကန်ကို သွားရောက်ခဲ့ကြပါတယ်။ ဓာတ်ပုံရိုက်ကူးဖို့အတွက် တောင်ကိုရီးယားရဲ့ နာမည်ကျော်ဓာတ်ပုံဆရာတစ်ဦးဖြစ်သူ ဟွန်ဂျန်းယန်နဲ့ အဖွဲ့သားတွေကို အတူခေါ်ဆောင်သွားတာဖြစ်ပြီး ဆံပင်ဖန်တီးရှင်၊ မိတ်ကပ်ပညာရှင်နဲ့ လက်ထောက်တွေကိုပါ အမေရိကန်ကို ခေါ်ဆောင်သွားတာလည်း ဖြစ်ပါတယ်။ အဆိုပါစုံတွဲဟာ လော့စ်အိန်ဂျလိစ်မှာ အလည်အပတ်ထွက်ခဲ့ကြပြီး ဆန်ဖရန်စစ္စကိုမှာ မင်္ဂလာဓာတ်ပုံရိုက်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ကေဘီအက်စ်ရဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun"မှာ စစ်ဗိုလ်ကြီးတစ်ဦးနဲ့ ဆရာဝန်မလေးတစ်ဦးအဖြစ် ပါဝင်ခဲ့ကြတဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ ယင်းဇာတ်လမ်းတွဲရိုက်ကူးနေစဉ်မှာပင် ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ကြယ်ပွင့်တွေက အမြဲဖုံးကွယ်ဖို့ ကြိုးစားခဲ့ကာ အေဂျင်စီတွေကလည်း မီဒီယာတွေရဲ့ စွပ်စွဲချက်တွေကို အမြဲငြင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ယခုနှစ်အစပိုင်းမှာ ကြယ်ပွင့်စုံတွဲက ချစ်သူတွေဖြစ်နေကြောင်းနဲ့ မင်္ဂလာပွဲကို ယခုနှစ်အောက်တိုဘာလမှာ ကျင်းပတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လာမယ့်အောက်တိုဘာ ၃၁ ရက်မှာ ဆိုးလ်မှာရှိတဲ့ ရှီလာဟိုတယ်မှာ မင်္ဂလာအခမ်းအနား ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

Johnny English 3 ကို ရိုက်ကူးနေတဲ့ ရိုဝမ်န်အထ်ကင်ဆန်

ဟောလိဝုဒ်ရဲ့နာမည်ကျော်ဟာသသရုပ်ဆောင်တစ်ဦးဖြစ်ပြီး မစ္စတာဘင်းအဖြစ် လူသိများတဲ့ ရိုဝမ်န်အထ်ကင်ဆန်ကို လတ်တလောမှာတော့ သူ့ရဲ့အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Johnny English"ရဲ့ နောက်ဆက်တွဲရုပ်ရှင်သစ်ကို ရိုက်ကူးနေတာ တွေ့ခဲ့ရပါတယ်။ လတ်တလောမှာ အသက်(၆၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားကြီး ရိုဝမ်န်ဟာ ပြီးခဲ့တဲ့ အင်္ဂါနေ့က ပြင်သစ်က ကမ်းခြေတစ်ခုမှာ "Johnny English 3"ကို ရိုက်ကူးနေတာတွေ့ရပြီး သူနဲ့အတူ တွဲဖက်သရုပ်ဆောင်ထားတဲ့ မင်းသမီးကတော့ အသက် (၃၇)နှစ်အရွယ် ပြင်သစ်မင်းသမီးတစ်ဦးဖြစ်တဲ့ အော်ဂါကူရီလန်ကို ဖြစ်တာကိုလည်း တွေ့ရပါတယ်။

ဗြိတိန် ဟာသအက်ရှင်ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Johnny English "ရဲ့ တတိယမြောက်ရုပ်ရှင်ကို စတင်ရိုက်ကူးနေပြီဖြစ်ကာ ပြီးခဲ့တဲ့ အင်္ဂါနေ့က ပြင်သစ်မှာရိုက်ကူးခဲ့တဲ့ အဆိုပါရိုက်ကွင်းပေါ်မှာတော့ ချစ်သူနှစ်ဦး ပျော်ရွှင်နေတဲ့အခန်းကို ရိုက်ကူးနေတာလည်း ဖြစ်ပါတယ်။ ဒီလိုရိုက်ကူးရာမှာတော့ ရိုဝမ်န်ဟာ ကမ်းခြေနဲ့လိုက်ဖက်အောင် ရှပ်အင်္ကျီအဖြူနဲ့ အပြာရောင်ဘောင်းဘီတိုကို တွဲဖက်ဝတ်ဆင်ထားတာ တွေ့ရပါတယ်။ ဒီရုပ်ရှင်မှာလည်း ရိုဝမ်န်ဟာ သူပါဝင်သရုပ်ဆောင်နေကျ ဇာတ်ရုပ်ဖြစ်တဲ့ စုံထောက်တစ်ဦးအဖြစ် ပါဝင်ထားတာလည်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်းကလည်း ရိုဝမ်န်ဟာ လန်ဒန်မြို့ရဲ့ လမ်းတွေပေါ်မှာ "Johnny English 3" အတွက် ရိုက်ကူးပေးနေတာကို တွေ့ခဲ့ရပြီး ဇာတ်လမ်းတွဲသစ်အတွက် ပထမဆုံးစတင်ရိုက်ကူးခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။ အဲဒီအချိန်တုန်းကတော့ ရိုဝမ်န်ကို မစ္စတာဘင်း ဇာတ်ကောင်အဖြစ် သူဝတ်ဆင်နေကျ အဖြူရောင်ရှပ်အင်္ကျီ၊ အနီရောင်လည်စီးနဲ့ အနက်ရောင်ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားတာ တွေ့ရပါတယ်။

"Johnny English 3" ကိုတော့ ဒါရိုက်တာ ဒေးဗစ်ကားကတာဝန်ယူရိုက်ကူးပေးထားတာဖြစ်ပြီး လာမယ့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်ရေးသားသည်

တေးဂီတလှုပ်ရှားမှုသစ်အတွက် စတင်ရေတွက်နေပြီဖြစ်တဲ့ Super Junior

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ စစ်မှုထမ်းဆောင်နေကြတဲ့ အဖွဲ့ဝင်သုံးဦးရဲ့ တာဝန်ချိန်ကုန်ဆုံးပြီးနောက် ပထမဆုံးအကြိမ် တေးသီချင်းသစ်ကို ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒီလိုတေးသီချင်းသစ် စတင်ထုတ်လွှင့်သွားမယ့်ရက်ဟာ သူတို့ရဲ့ အဖွဲ့တည်ထောင်ခြင်း ၁၂ နှစ်ပြည့်နဲ့လည်း နီးကပ်နေတာကြောင့် ဂီတသက်တမ်း ၁၂ နှစ်ပြည့်အထိမ်းအမှတ်လည်း ဖြစ်တယ်လို့ သိရပါတယ်။ ဒီလို တေးဂီတလှုပ်ရှားမှုသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာတော့မယ့် Super Junior က လတ်တလောမှာတော့ တေးသီချင်းသစ်ထွက်ရှိမယ့်နေ့ကို တစ်ရက်ချင်း၊ တစ်နာရီချင်း ရေတွက်နိုင်ဖို့အတွက် အချိန်စတင်မှတ်သားနေတဲ့ပုံကို အဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်တဲ့ လီတက်ခ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပြီးခဲ့တဲ့ စက်တင်ဘာ ၂၆ ရက်က စတင်ဖော်ပြခဲ့တာလည်းဖြစ်ကြောင်း အောကေပေ့ါဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၆ ရက်မှာ ဖော်ပြခဲ့ရာမှာတော့ Super Junir ရဲ့ တေးသီချင်းသစ်ထွက်ရှိမယ့်နေ့ကို စတင်ရေတွက်နေခဲ့ရာမှာ ရက် ၄၀ ခန့် လိုနေသေးတာတွေ့ရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ လာမယ့် နိုဝင်ဘာလအတွင်း တေးသီချင်းသစ်စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းတေးသီချင်းဟာ အဖွဲ့ရဲ့ဂီတသက်တမ်း ၁၂နှစ်ပြည့်အထိမ်းအမှတ် ထုတ်လွှင့်တာလည်း ဖြစ်ပါတယ်။ ဒီလိုတေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာမှာဖြစ်ကြောင်း အဖွဲ့ရဲ့အေဂျင်စီက ပြီးခဲ့တဲ့ စက်တင်ဘာ ၂၅ ရက်က အတည်ပြုပြောကြားခဲ့ပြီးဖြစ်ပါတယ်။

Super Juniorရဲ့ အဖွဲ့ဝင်သုံးဦးဖြစ်တဲ့ ချိုင်စီဝန်၊ ဒေါင်ဟေးနဲ့ အွန်ဟွတ်ခ်တို့သုံးဦးစလုံးဟာ မကြာသေးမီကမှ စစ်မှုထမ်းကာလပြီးဆုံးခဲ့ကြတာဖြစ်ပြီး စစ်မှုထမ်းကာလမှာတော့ တေးသီချင်းသစ်တွေ ထွက်ရှိနိုင်ခဲ့ခြင်းမရှိဘဲ နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်လှုပ်ရှားလာတာဖြစ်ပါတယ်။ လာမယ့်နိုဝင်ဘာလအတွင်း ထုတ်လွှင့်သွားမယ့် တေးသီချင်းမှာ အဖွဲ့ဝင်ခုနစ်ဦးနဲ့သာ လှုပ်ရှားသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ခုနစ်ဦးအနေနဲ့ ပါဝင်လှုပ်ရှားကြမယ့် အဖွဲ့ဝင်တွေကတော့ လီတက်ခ်၊ ဟီချူး၊ ယယ်ဆန်း၊ ရှင်ဒေါင်၊ ဟွန်ဟွတ်ခ်၊ ဒေါင်ဟေးနဲ့ စီဝန်တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

■

ပဲခူးတိုင်းဒေသကြီးတွင် မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၂၈

ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှဦးဆောင်၍စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီး မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (ဥက္ကဋ္ဌကိုယ်စား)ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းက ဒီမိုကရေစီလူ့ဘောင်သစ်တစ်ခုမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့၏ လုပ်ဆောင်မှုများကို ပြည်သူများ ပွင့်လင်းမြင်သာစွာသိရှိစေရန် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာသည် အမှန်တကယ်လိုအပ်ကြောင်း၊ သတင်းတစ်ပုဒ်တွင် မှန်ကန်ခြင်း၊ မြန်ဆန်ခြင်း၊ တိကျခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ပြည်သူကိုမျက်နှာမူခြင်း၊ တာဝန်ယူ၊တာဝန်ခံမှုစသည့် အချက်အလက်များ ပြည့်စုံရန်လိုအပ်ကြောင်း ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက သတင်းမီဒီယာသည် ဒီမိုကရက်တစ်နိုင်ငံအတွက် အလွန်အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဒီမိုကရက်တစ်လူ့အသိုင်းအဝိုင်းတစ်ခု အသွင်ကူးပြောင်းနေစဉ် သတင်းမီဒီယာလွတ်လပ်ခွင့်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မီဒီယာသည် ပြည်သူကိုဗဟိုပြုပြီး မှန်ကန်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန်၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့အပေါ် အပြုသဘောဖြင့် ထောက်ပြဝေဖန်နိုင်သည့် ပြည်သူ့အကျိုးပြုမီဒီယာဖြစ်စေရန်လိုအပ်ကြောင်း ပြောကြားသည်။

လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ရုပ်ဝတ္ထုများ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သလို စိတ်ဓာတ်ပိုင်းဆိုင်ရာများလည်း ပြုပြင်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ခက်မ (၃)ဖြာဖြစ်သည့် မဏ္ဍိုင်သုံးရပ် ပိုမိုအားကောင်းလာစေရန် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာမဏ္ဍိုင်မှ မီဒီယာသမားများသည် မီဒီယာကျင့်ဝတ်နှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်းကိုလည်းကောင်း၊ တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ခရိုင်/မြို့နယ်တရားရုံးများတွင် သတင်းနှင့်ပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်၍ ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်ပေးနိုင်ကြောင်းကိုလည်းကောင်း၊ ဥပဒေချုပ်ဦးအုန်းမြင့်က သတင်းမီဒီယာသည် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်၊ ပြည်သူတို့၏ လိုလားချက်များကို မှန်မှန်ကန်ကန် ဘက်လိုက်မှုမရှိ မီဒီယာကျင့်ဝတ်နှင့်အတူ ထောက်ပြဝေဖန်ရေးသားကြရန်လိုအပ်ကြောင်းကိုလည်းကောင်း အသီးသီးပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဟံသာဝတီဦးအုန်းကြိုင် (ဝါရင့်သတင်းစာဆရာကြီး)ကသတင်းမီဒီယာမဏ္ဍိုင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးမဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောက ရှင်းလင်းပြောကြားသည်။

သတင်းမီဒီယာကောင်စီဝင်များနှင့်သတင်းမီဒီယာသမားများက သတင်းရယူသည့်အခါ တွေ့ကြုံရသည့်အခက်အခဲများအား တင်ပြကြခြင်းနှင့် သိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဝန်ကြီးချုပ်ဦးဝင်းသိန်းဦးဆောင်သော ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဥပဒေပြုရေးမဏ္ဍိုင်မှလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေချုပ်ဦးအုန်းမြင့်ဦးဆောင်သော ဥပဒေရုံးဝန်ထမ်းများ၊ တရားရေးမဏ္ဍိုင်မှ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေဦးဆောင်သော တရားရေးဝန်ထမ်းများ၊ မီဒီယာမဏ္ဍိုင်မှမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်း ဦးဆောင်သော ကောင်စီဝင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ သတင်းမီဒီယာများတက်ရောက်ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ကယားပြည်နယ်လုံးဆိုင်ရာ ဓမ္မစကြာနှင့်ပရိတ်တရားတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား လွိုင်ကော်မြို့၌ပြုလုပ်

လွိုင်ကော် စက်တင်ဘာ ၂၈

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကယားပြည်နယ်လုံးဆိုင်ရာ ဓမ္မစကြာနှင့် ပရိတ်တရားတော်ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၇ နာရီ မိနစ် ၃၀ က လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝတ်အသင်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လွိုင်ကော်ခရိုင်သာသနာရေးမှူး ဦးစိုးအောင်က ဝတ်ရွတ်စဉ် ပြိုင်ပွဲအစီအစဉ်များ ဖတ်ကြားလျှောက်ထားသည်။

ကယားပြည်နယ်လုံးဆိုင်ရာ ဓမ္မစကြာနှင့်ပရိတ်တရားတော်ရွတ်ဆိုပူဇော်ပြိုင်ပွဲတွင် ဌာနဆိုင်ရာဝတ်အသင်းများ၊ မြို့နယ်ကိုယ်စားပြုဝတ်အသင်းများ၊ ရပ်ကွက်ကိုယ်စားပြုဝတ်အသင်းများ စုစုပေါင်း ပြိုင်ပွဲဝင်ဝတ်ရွတ်အသင်း ၂၁ သင်းဖြင့် လေးရက်ကြာယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်ပြန်/ဆက်

ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးပြုလုပ်

ဒဂုံမြို့သစ်(မြောက်ပိုင်း) စက်တင်ဘာ ၂၈

(၅၃) နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ရထားရဲတပ်ဖွဲ့ အမှတ် (၁၂) တပ်ခွဲ၊ သဃ်န်းကျွန်း တပ်ခွဲမှူး ဒုတိယရဲမှူးသိန်းဝင်း ဦးဆောင်သော ရထားရဲတပ်ဖွဲ့ဝင်များနှင့် တိုးကြောင်ကလေးဘူတာ မီးရထားဝန်ထမ်းများပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၁၆) ရပ်ကွက်ရှိ ပြည်ကြီးချမ်းသာ မဟာစေတီတော်ကြီးဝင်းအတွင်း ချုံနွယ်၊ မြက်ပင်များအား ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ကျော်စိုးမိုး

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲမှူးကြီး နေမျိုးဦးဆောင်၍ တပ်ဖွဲ့ဝင်အင်အား ၁၁၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း အင်အား ၁၄၀ တို့က ထားဝယ်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၂၈ ရက်က သန့်ရှင်းရေးပြုလုပ်နေမှုကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျ ကြည့်ရှုအားပေးစဉ်။ ၅၂၆

ကော့ကသောင်ဂူအလည်လာသူများစိတ်ဝင်စားစေမည့် ဝါးလက်မှုအသုံးအဆောင်များပြုလုပ်မှုသင်တန်းဖွင့်

ဘားအံ စက်တင်ဘာ ၂၈

ကရင်ပြည်နယ် ဘားအံမြို့နယ် အုန်းတစ်ပင်ကျေးရွာအုပ်စု ကော့ကသောင်ဂူတည်ရှိရာ ကော့ကသောင်ကျေးရွာတွင် သမိုင်းဝင်ကော့ကသောင်ဂူသို့လာရောက်လည်ပတ်သော ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားစေမည့် ဝါးဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများ ရောင်းချရခြင်းဖြင့်ဝင်ငွေရရှိစေရေး၊ ဝါးလက်မှုပညာလုပ်ငန်းများ ပြန့်ပွားရေးအတွက်ရည်ရွယ်ကာ ဝါးလက်မှုပညာဖြင့် ဝါးနှီးထည်ထုတ်လုပ်မှုသင်တန်းကို စက်တင်ဘာ ၂၅ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့၏ အထင်ကရ ကော့ကသောင်ဂူသည် အလည်အပတ် ခရီးသွားဧည့်သည်များ လာရောက်လျက်ရှိရာ ဝါးနှီးကို အခြေခံကာ လှပသေသပ်စွာရက်လုပ်ထားသော ဝါးပလိုင်းငယ်များ၊ အခြားဧည့်ခန်းထား အသုံးအဆောင်များအား ကရင်ရိုးရာအထည်၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များ၌ ရောင်းချသည့်ဆိုင်တွင် တွဲဖက်ရောင်းချနိုင်စေခြင်းအတွက်လည်းကောင်း၊ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အိမ်သုံးဖြစ်သည့်ကြက်အုပ်ဆောင်း၊ ကြက်ဝပ်ကျင်း(ဥကျင်း)၊ မြက်ခြင်းတောင်း၊ ဈေးပန်း၊ တောင်းအမျိုးမျိုး၊ စပါးပဲ၊ဆေးရွက်ကြီးလှောင်ပုတ်များကို ရက်လုပ်ရောင်းချခြင်းဖြင့်လည်းကောင်း ဒေသခံလူငယ်များ အကျိုးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။ နှီးဝါးကို တစ်လုံးလျှင် ငွေကျပ် ၇၀၀ ဝယ်ရပြီး ကြက်အုပ်ဆောင်း ငါးလုံးရက် လုပ်နိုင်ပြီး တစ်မိသားစုအတွက် တစ်နေ့လျှင် ၁၀ လုံး လုပ်နိုင်ပြီး ဖောက်သည်သွင်းဈေး တစ်လုံးကျပ် ၁၃၀၀ရှိခြင်းကြောင့် တစ်ရက်လျှင် ကျပ် ၁၃၀၀၀ ဝင်ငွေရရှိကြောင်း၊ အခြားဈေးကွက်အဖြစ် တစ်ဆင့် ပြန်ရောင်းမယ့်သူတွေ လာရောက်ဝယ်ယူပြီး မော်လမြိုင်၊ သထုံ၊ ကော့ကရိတ်မြို့တွေမှာ ပြန်လည်ရောင်းချကြောင်း အဆိုပါကျေးရွာမှ သိရသည်။

အဆိုပါသင်တန်းတွင် ဘားအံမြို့နယ် နောင်ဘိုကျေးရွာနှင့် ကော့ကသောင်ကျေးရွာများမှ ဝါးလက်မှုထည်လုပ်ငန်းဖြင့် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်နေကြသည့် ဝါးလက်မှုလုပ်ကိုင်နေသူများက ကော့ကသောင်ကျေးရွာနေ ကျေးလက်လူငယ် ၃၀ အား စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလအတွင်း စားစရိတ်၊ လိုအပ်သည့်ပစ္စည်းများကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရေးအတွက် သင်တန်းများဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ခနောင်တိုချောင်းတစ်လျှောက်ရေစီးရေလာကောင်းမွန်ရေး နုန်းမြေများဆယ်ယူ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ခနောင်တိုချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး၊ သောင်ထွန်းမှုကြောင့် ခရီးသည်တင်သင်္ဘောများ သွားလာမှုအခက်အခဲမရှိစေရေး၊ နုန်းမြေများကြောင့် ဒီရေကျချိန်တွင် ခနောင်တိုသင်္ဘောဆိပ် ဆိပ်ခံဘောတိမ်းစောင်းမှုမဖြစ်စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် တာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက်မှစ၍ မြေတူးစက်တင်သင်္ဘောဖြင့် ခနောင်တိုချောင်းတစ်လျှောက် နုန်းမြေများဆယ်ယူလျက်ရှိကြောင်း သိရသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်သည် ရေပတ်လည်ဝန်းရံလျက်ရှိသော မြို့ဖြစ်၍ မြို့နယ်နေပြည်သူများအနေဖြင့် နေ့စဉ်ရေလမ်းခရီးကိုသာ အဓိကထားသွားလာနေကြရပြီး ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့်ခရီးသည်တင်သင်္ဘောများ အန္တရာယ်ကင်းစွာသွားလာနိုင်ပြီး ကမ်းနားနေပြည်သူများအနေဖြင့် နှစ်စဉ်ရေကြီးရေလျှံမှုဘေးမှကင်းဝေးနိုင်မည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဝေယံ (ဆိပ်ကြီးခနောင်တို)

ဆွေးမြည့်ဓာတ်ကြိုးဟောင်းများအား အသစ်လဲလှယ်

တွံတေး စက်တင်ဘာ ၂၈

ပြည်သူလူထုလျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးငြိမ်းချမ်းဇော်၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လျှပ်စစ်လိုင်းဝန်ထမ်းများက မြို့တွင်း လျှပ်စစ်လိုင်းကြိုး ယခင်အဟောင်းများနေရာတွင် ကြိုးသစ်များဖြင့် အစားထိုးလဲလှယ်ပေးလျက်ရှိရာ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မင်းရဲကျော်စွာလမ်းပေါ်ရှိ ယခင်ကြေးကြိုး No.4၊ No.6 နေရာများတွင် အဆင့်မြင့် အန္တရာယ်ကင်းကာဗာကြိုး 4c x 7050 mm ကာဗာကြိုးများကို အသစ်လဲလှယ်ခဲ့ကြောင်း သိရသည်။

လမ်းနေ ပြည်သူတစ်ဦးကလည်း “ အခု အသစ်လဲတဲ့ကြိုးက ကောင်းတယ်။ အပြင်မှာ ကာဗာခံထားတော့ ပြတ်ကျလည်း ဓာတ်လိုက်မှုအန္တရာယ်ကင်းတယ်။ တစ်မြို့လုံးအသစ်လဲနိုင်ရင် ကောင်းမှာပါ။ ဒီကြေးကြိုးတွေက နှစ်တော်တော်ကြာနေပြီ။ အသစ်လဲပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်” ဟု ဦးဝင်းနိုင်က ပြောသည်။

မျိုးလှိုင် (တွံတေး)

ဘိုကလေးမြို့၌ အဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီး ဖွင့်လှစ်

ဘိုကလေး စက်တင်ဘာ ၂၈

ပြည်သူများ သုတ၊ ရသ၊ ဟာသ စုံလင်စွာ ကြည့်ရှုခံစားရင်း အပန်းဖြေအနားယူနိုင်ရန်နှင့် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် Paradiso Cinemas Co.,Ltd. မှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ (၁၀၀)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းတွင် ပါဝင်သော Paradiso(ဘိုကလေး) 3D အဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီး ဖွင့်လှစ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ (၃)ရပ်ကွက် (၄)ဖြတ်လမ်းရှိ ရုပ်ရှင်ရုံသစ်ရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက စည်သူဘဘဗိုလ်ကလေးတင့်အောင်နှင့် အနုပညာရှင်များတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးမန်းဂျော်နီက အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို ဘိုကလေးမြို့တွင် အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီး ပေါ်ထွန်းလာသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ ရုပ်ရှင်အစိတ်အပိုင်းသည် ပဋိပက္ခဖြစ်ပွားနေသည့် နှစ်ဖက်ကြား ပြန်လည်စေ့စပ်ရေးတွင် အလွန်အရေးပါပြီး ဆွဲဆောင်မှုရှိကာ သရုပ်ဆောင်မှုများနှင့် သင်ခန်းစာများပေးရာတွင် အလွန်တန်ဖိုးရှိကြောင်း၊ မြို့သူမြို့သားများနှင့် ရုပ်ရှင်ကြည့်ပရိသတ်နယ်ခံများအနေဖြင့်လည်း ပေါ်ထွန်းလာသည့် ရုပ်ရှင်ရုံသစ်ကြီးကို ဆက်လက်ထိန်းသိမ်းပြီး စည်းကမ်းရှိဖို့လိုကြောင်း၊ ကောင်းဖို့ ပါးစပ်ကပြောနေရုံနှင့်မရဘဲ ကိုယ်တိုင်စည်းကမ်းရှိကာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်သည့် စိတ်ဓာတ်များလိုကြောင်း၊ တိုးတက်ဖို့ဆိုပါက စည်းလုံးမှုရှိပြီး နိုင်ငံသူနိုင်ငံသားများ၏အကျိုးအတွက် ရယူဖို့မဟုတ်ဘဲ ဘယ်လိုအလုပ်အကျွေးပြုရမည်ဆိုသည်ကို အမြဲတမ်းခေါင်းထဲမှာ တွေးထားသင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စည်သူဘဘဗိုလ်ကလေးတင့်အောင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ၎င်းအား ပညာများနှင့် အနုပညာများပေးခဲ့သည့် ဇာတိမြေဘိုကလေးမြို့လေးကို ဘယ်တော့မှ မမေ့နိုင်မှာမဟုတ်ကြောင်း၊ ကျင်လည်ပတ်သက်ခဲ့ရသည့်အနုပညာလောကထဲတွင် အရင်းခံတတ်တာ နည်းနည်းနှင့် ဆရာသမားတွေထံမှရလာသည့် ပညာများဖြင့် ပြည်သူလူထုကိုတစ်ဆင့်ပြန်ပြီး ပို့သရသည့် အတတ်ပညာဖြစ်ကြောင်း၊ ရုပ်ရှင်၏ သတ္တိသည်လည်း ပညာပေး၊ အသိဉာဏ်ပေးမှုများရှိပြီး ထိုသို့ပေးသည့်အခါတွင်လည်း ယူသူအနေဖြင့် ကောင်းနိုးရာရာများကို ယူတတ်ဖို့လိုကြောင်း၊ အနုပညာယဉ်ကျေးမှုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရုပ်ရှင်ကို ကြည့်ရှုတဲ့အခါမှာလည်း ကောင်းတာယူ မကောင်းတာပယ်မှသာ အဖိုးတန်ရတနာဖြစ်နိုင်ကြောင်း ပြောကြားသည်။

Paradiso(ဘိုကလေး)3D အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီးသည် Paradiso(ဖျာပုံ) 3D ရုပ်ရှင်ရုံသစ်ပြီးလျှင် ဧရာဝတီတိုင်းဒေသကြီးတွင် ဒုတိယမြောက်ရုပ်ရှင်ရုံသစ်ဖြစ်ကာ ရုံ(၁၀၀) စီမံကိန်းတွင် အဋ္ဌမမြောက်ရုံအဖြစ် ဖွင့်လှစ်ခြင်းလည်းဖြစ်သည်။ Paradiso 3D ရုပ်ရှင်ရုံသစ်ကြီးများကို မှော်ဘီ၊ မုံရွာ၊ ဖျာပုံ၊ အောင်ပန်း၊ ကျောက်ပန်းတောင်း၊ သထုံနှင့် ရွှေဘိုမြို့တို့တွင်လည်း အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး မကြာမီတွင်လည်း မော်လမြိုင်၊ မတ္တရာရုပ်ရှင်ရုံနှင့် အခြားရုပ်ရှင်ရုံများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုကလေးရုပ်ရှင်ရုံသစ်ဖွင့်ပွဲတွင် ကြောက်ကြောက်ကြောက်ရုပ်ရှင်ဇာတ်ကားသစ်ကို ရုံတင်ပြသရာ "အရင်တုန်းက အကယ်ဒမီပေးပွဲတွေ ကြည့်ရင် ဘယ်ကားနဲ့ ဘယ်သူရသွားတယ်ဆိုတာကို တီဗွီကပဲ ကြည့်လိုက်ရတယ်။ ဘယ်ကားမှာ ဘယ်သူက ဘယ်လိုသရုပ်ဆောင်ချက်တွေ ကောင်းတယ်ဆိုတာကို မသိလိုက်ရဘူး။ အခုဆိုရင် ရုပ်ရှင်ရုံရှိပြီဆိုတော့ ဘယ်ကားမှာ ဘယ်သူရသင့်တယ်ဆိုတာကို ကိုယ်တိုင်ကြည့်ရတော့မယ်။ အဲဒီအတွက် အလွန်ဝမ်းသာပါတယ်။ အရင်က ရွှေလဝင်းရုပ်ရှင်ရုံ တစ်ရုံရှိခဲ့ပေမယ့် အခုလို အဆင့်မြင့်ရုပ်ရှင်ရုံကြီးပေါ်လာတော့ အရင်တုန်းကနဲ့ အခုအလွန်ကွာခြားမှန်းသိလာတယ်။ ရုပ်ပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာကအစ အရည်အသွေးကောင်းပါတယ်။ အားတဲ့ရက်တွေမှာ ရုပ်ရှင်ကြည့်ဖို့လည်း စိတ်ကူးထားပါတယ်"ဟု ဘိုးကလေးမြို့သူ မမျိုးမျိုးက ပြောသည်။

Paradiso(ဘိုကလေး)ရုပ်ရှင်ရုံတွင် ပွဲချိန်များအနေဖြင့် တနင်္လာမှ သောကြာနေ့အထိ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ည ၆ နာရီခွဲ ပွဲချိန်သုံးပွဲ ပြသလျက်ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၉ နာရီခွဲ တစ်ချိန်တိုးပြသသွားမည်ဖြစ်သည်။ ပရိသတ်တောင်းဆိုမှုများအရ ည ၉ နာရီခွဲ ပွဲစဉ်ကိုလည်း လိုအပ်သလို တိုးမြှင့်ပြသပေးသွားမည်ဖြစ်ရာ လက်မှတ်ဈေးနှုန်းများမှာ 2D ရုပ်ရှင်ကားများကို ၁၂၀၀၊ ၁၇၀၀၊ ၂၂၀၀၊ (နှစ်ယောက်ခုံ- ၅၄၀၀)ကျပ် သတ်မှတ်ထားပြီး 3D ကားများကို ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀၊ (နှစ်ယောက်ခုံ- ၆၀၀၀)ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

အေးမင်းသူ

နိုင်ငံခြားဘာသာစကားများအား မိမိဘာသာစကားအဖြစ် ပြောင်းလဲပေးမည့်စက်

နိုင်ငံခြားဘာသာ စကားများအား အသုံးပြုသူ၏ ဘာသာစကားအဖြစ်သို့ ပြောင်းလဲထွက်ပေါ်ပေးမည့် စပီကာသစ် တစ်မျိုးကို တရုတ်နိုင်ငံတွင် စတင်စမ်းသပ် ပြုလုပ်နေပြီဖြစ်ကြောင်း မီဒီယာများတွင် သတင်းအချက်အလက်အချို့ ပေါက်ကြားထွက်ပေါ်လာခဲ့သည်။ တရုတ်နိုင်ငံ အခြေစိုက် Baidu အွန်လိုင်းနှင့် မိုလ်ဘိုင်းအက်ပလီကေးရှင်းလုပ်ငန်းမှ အဆိုပါစက်ကို စမ်းသပ်နေကြောင်း သတင်းအချက်အလက်အချို့ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါစက်ကို Wi-Fi Hot Spot အနေဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ်ပြီး ယခုစမ်းသပ်ဆဲအချိန်တွင် ဘာသာစကားလေးမျိုးခန့်အား တရုတ်ဘာသာစကားအဖြစ် ပြန်လည်အသံထွက်ဘာသာပြန်နိုင်သည်ဟု သိရသည်။ ယခုကာလတွင် စမတ်ဖုန်းများအတွင်း ဘာသာပြန်အက်ပလီကေးရှင်းများထည့်သွင်းကာ မိမိဘာသာစကားသို့ဘာသာပြန်စေပြီး အသုံးပြုမှုများ တွင်ကျယ်လာနေပြီဖြစ်သော်လည်း ယခုစက်ကဲ့သို့ ပြည့်စုံခြင်းမရှိပေ။ အမည်သတ်မှတ်ထားခြင်းမရှိသေးသော အဆိုပါစက်မှာ ဘာသာခြားတစ်ယောက်မှ ပြောလိုက်သည့်စကားများအား မှတ်သားနားလည်နိုင်ပြီး မိမိဘာသာသို့ အသံထွက်ဘာသာပြန်ဆိုပေးနိုင်မည်ဖြစ်သည်ဟု သိရသည်။

၎င်းစက်၏အရွယ်အစားမှာ သေးငယ်နိုင်မည်ဟုခန့်မှန်းထားကြပြီး အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ကာ စမတ်ဖုန်းအက်ပလီကေးရှင်းများကဲ့သို့မဟုတ်ဘဲ အချိန်ပြည့်အလုပ်လုပ်ပေးသွားမည်ဟု သိရသည်။ Baidu မှ အဆိုပါစက်နှင့် ပတ်သက်သောအချက်အလက်များကို တရားဝင်ကြေညာခြင်းမရှိသေးသော်လည်း ယခုနှစ်အတွင်း တရုတ်နိုင်ငံတွင် စတင်ရောင်းချနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ အမှန်တကယ်ထွက်ပေါ်လာပါကလည်း နိုင်ငံခြားခရီးသွားသူများနှင့် ဘာသာပြန်လုပ်ငန်းများတွင် ယခင်ကထက်ပိုမိုအဆင်ပြေစွာ သွားလာလုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် အလွန်အသုံးတည့်မည့် ကိရိယာတစ်ခုအဖြစ် ဈေးကွက်အတွင်း အောင်မြင်နိုင်မည်ဟု ခန့်မှန်းထားကြသည်။ အဆိုပါစက်ကို နိုင်ငံခြားဧည့်သည်များအတွက် ငှားရမ်းပေးမည့်စနစ်တစ်ခုကို Baidu က စီစဉ်လျက်ရှိနေသည်ဟုလည်း ခန့်မှန်းပြောဆိုလျက်ရှိနေသည်။

အဆိုပါစက်မှာ ဘာသာပြန်ပေးသည့်စနစ်အပြင် Wi-Fi Hot Spot အဖြစ်လည်းအသုံးပြုနိုင်မည်ဖြစ်သောကြောင့် ဈေးကွက်အတွင်းရောက်ရှိနိုင်မည့် အချိန်၊ ဈေးနှုန်းနှင့် ပါဝင်မည့်နည်းပညာသတင်းအချက်အလက်များကို တရုတ်ခရီးသွားလုပ်ငန်းများမှ ပိုမိုသိချင်နေကြောင်း သိရသည်။

ALEX

တော်ရာမှာနေပြီး ပျော်နေကြသူများ

အေးသန်း(စိန်တုံးကြီး)

လူဆိုသည်မှာ မျှော်လင့်ချက်ဖြင့် အသက်ရှင်ရပ်တည်နေကြသူများဖြစ်သည်။ ကျောင်းသား ကျောင်းသူများက စာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်ရန် ဆန္ဒရှိနေကြပြီး အလုပ်အကိုင်မရသေးသူများက အလုပ်အကိုင်ရရန် မျှော်လင့်နေကြသကဲ့သို့ စီးပွားရေးအဆင်မပြေသူများကလည်း စားဝတ်နေရေးအဆင်ပြေရန် မျှော်လင့်နေတတ်ကြသည်။ ထို့အတူ ဝန်ထမ်းများကလည်း ရာထူးတိုးရန် မျှော်လင့်နေကြသည်မှာ လူ့သဘာဝပင်ဖြစ်တော့သည်။

ဝန်ထမ်းတစ်ဦးအတွက် အမျှော်လင့်ဆုံးအရာမှာ ရာထူးတိုးမြှင့်ခြင်း၊ လစာတိုးခြင်းနှင့် နိုင်ငံခြားသို့ သွားရောက်ရခြင်းတို့ပင်ဖြစ်သည်။ "ရာထူးမတိုးလိုသူ၊ နိုင်ငံခြားမသွားလိုသည့်ဝန်ထမ်း ရှိမည်မထင်၊ ရှိတော့ရှိသည်၊ ရှားသည်"ဟု ဆိုရပေမည်။ ထိုသူတို့ကား ရာထူးထက် နေရာဌာနက အခွင့်အလမ်းကောင်းသည့်နေရာမှ ရာထူးတိုးပြီး မပြောင်းလိုသူများပင်ဖြစ်သည်။

နိုင်ငံ့တာဝန်ကို ကျေပွန်

နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံတော်၏ အကျိုးအတွက် အချိန်ပြည့် အလုပ်လုပ်ရန် တာဝန်ရှိသူဖြစ်ပြီး နိုင်ငံတော်က ပေးအပ်လာလျှင် မူလတာဝန်သာမက အခြားလိုအပ်သော တာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ပေးရမည့်သူများပင် ဖြစ်သည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားများဖြင့် နိုင်ငံတော်အတွက် ပေးဆပ်ပြီး တစ်ဖက်မှလည်း ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် ဝန်ထမ်းများစောင့်ထိန်းရမည့် ကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်နေသူများလည်း ဖြစ်ပေသည်။

ဝန်ထမ်းများသည် ကမ်းနားသစ်ပင်ပမာ တစ်နေရာတည်းတွင် အတည်တကျနေထိုင်ကြရသူများမဟုတ်၊ ပျော်ရာမှာမနေရဘဲ တော်ရာမှာ နေကြရပြီး နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြရသူများပင်ဖြစ်သည်။ ဝန်ထမ်းတာဝန်ထမ်းဆောင်ပြီဆိုကတည်းက ကျရာတာဝန်ကို မညည်းမညူကြည်ဖြူစွာလုပ်ကိုင်ကြရမည်မှာ ဝန်ထမ်းတိုင်းပင်ဖြစ်သည်။

ဤသို့ဖြင့် ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီကျော်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် နယူးလိုက်အော့(ဖ်) မြန်မာသတင်းစာတိုက်မှ ပထမအသုတ် ဝန်ထမ်းများသည် ဗန္ဓုလသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ မော်တော်ယာဉ်ကြီးများဖြင့် စတင်ပြောင်းရွှေ့သွားခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ချောမောစွာ ရောက်ရှိခဲ့ပါတော့သည်။

နေပြည်တော်သို့ ရောက်ရှိလာသည့် ဝန်ထမ်းများအတွက် ပထမဦးဆုံးမိသားစုများ ခေါ်ခွင့်မရှိသေးဘဲ တစ်ဦးချင်းအလိုက်ပြောင်းရွှေ့ခဲ့ကြရပြီး နေပြည်တော်တွင် ရေအသင့်၊ မီးအသင့် အားလပ်ချိန်တွင် အပန်းဖြေစရာ ရုပ်သံလိုင်းပေါင်းစုံကိုပါ အခမဲ့ကြည့်ခွင့်ရအောင် ဆောင်ရွက်ပေးထားသည့်အပြင် ကျယ်ပြန့်သော အိပ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းတို့ကို ဖွဲ့စည်းပုံအပြည့်ထားပေးခြင်းတို့ကြောင့် ဝန်ထမ်းများ စိတ်ကြည်နူးမှု၊ ပျော်ရွှင်မှုများဖြစ်ခဲ့ရသည်။ ထို့အပြင် စနေ၊ တနင်္ဂနွေနေ့တို့တွင် ဈေးဝယ်ကားများ စီစဉ်ပေးထားသောကြောင့် ဝန်ထမ်းများအဖို့ ထမ်မံကြည်နူးဝမ်းသာပီတိဝေဖြာ ဖြစ်ရပြန်သည်။

တော်ရာမှာ ပျော်နေကြသူများ

နေပြည်တော်ကြီးသို့ စတင်ပြောင်းရွှေ့ခဲ့စဉ်က မလိုက်ချင်ကြ၍ ဝန်ထမ်းအချို့က ထွက်စာတင်၍ ထွက်ခဲ့ကြသဖြင့် ၎င်းတို့ တာဝန်ထမ်းဆောင်ခဲ့ရသည့် လုပ်သက်များ၊ ရာထူးများ နှမြောစရာဖြစ်ခဲ့ရသည်။ မတတ်သာ၍ ပြောင်းရွှေ့လိုက်ပါခဲ့ကြရသူများကလည်း မလိုက်ချင်လိုက်ချင်ဖြင့် ညည်းညည်းညူညူ လိုက်ပါခဲ့ကြရသည်။

ဩော် . . . ပျော်ရာမှာမနေရ တော်ရာမှာနေရတဲ့ သူတို့ဘဝလေးက ခုတော့ဖြင့် "တော်ရာမှာပဲ ပျော်နေကြသူများ" ဖြစ်နေကြပါပေါ့လားဟု တွေးရင်းက . . .။

UNIQUE STAR Travels & Tours Co.,Ltd

Bangkok (5D)	Sep 9, 23, Oct 3, 4	(399 $)	Saigon-Danang-Bana Hill (7D)	Oct 7	(799 $)
Phuket (4D)	Sep 23, Oct 3, 4	(599 $)	Hanoi-Halong (4D)	Sep 16, Oct 3	(350 $)
Singapore (4D)	Sep 4, 23, Oct 5, 21	(599 $)	Munei-Dalat (5D)	Sep 15, Oct 4, 21	(350 $)
S'pore-Langawi (7D)	Oct 5	(999 $)	Vietnam-Cambodia (6D)	Sep 8, Oct 3	(599 $)
Bali-S'pore (6D)	Sep 22, Oct 5	(999 $)	Cambodia (4D)	Sep 8, Oct 4	(399 $)
Bali - Borobudur (6D)	Sep 22, Oct 4	(899 $)	Bali- (5D)	Sep 22, Oct 5, 20	(699 $)

70/A, Kabaaye Pagoda Rd, Bahan Tsp, Ygn: 09 788 82 82 82, 09 788 83 83 83, 09 540 1568, 09 540 1569
Mdy: Ph: 09 760 85 85 85, 09 766 85 85 85, 09 514 8079, Facebook : Unique Star Travels and Tours

ပျောက်ဆုံးကြောင်း

ဒေါ်စန်းစန်းကြည် [၁၄/ဝခမ (နိုင်)ဝ၁၄၄၅၂]၏ စန်းသီရိကြည်(၁) ရညန/ရော ၈၄ဝ နှင့် စန်းသီရိကြည် (၂) ရညန/ရော ၈၄၁ လုပ်ငန်းလိုင်စင်စာအုပ်တို့မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၅၉၀၁၇၇

ရွှေစစ် Oct 3,4
09-420420761, 09-420420762, 09-420420763

ညီးဇီမင်း 09-444450446, 09-444450558, 09-250144709

တိုက်ခန်းကျယ်ငှားမည်
01-240614
09-250641806
09-443026366

ဝန်ထမ်းအလိုရှိသည်

QS(BE Civl or AGTI) (1) Posts (F)

- အတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။
- 2D,3D,Auto Cad ကျွမ်းကျင်ရမည်။ English 4 Skill ကျွမ်းကျင်ရမည်။
- နေ/စားစရိတ်ငြိမ်း၊ လစာညှိနှိုင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေရှိ Construction Site တွင် တာဝန်ထမ်းဆောင်ရမည်။

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၃၁၅/I)၊ ပေါက်စေတီလမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၅၂၈၄၆၊ ၀၁-၉၆၆၉၇၂၆
E-mail-bxtinternationalmm@gmail.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၇၊ မြေကွက်အမှတ်-V Class၁၂၀၊ မြေကွက်တည်နေရာအမှတ်-၆၊ ပဒေသာလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ (ဦးမြင့်သိန်း)အမည်ပေါက်နှစ်(၉၀)ဂရန်မြေအား (ဖခင်) ဦးလှတင်(ကွယ်လွန်)၊ (မိခင်)ဒေါ်စိန်စိန်(ကွယ်လွန်)တို့၌ ဦးစိုးသိန်း၊ ဦးမြင့်သိန်း၊ ဒေါ်သိန်းသိန်းဝင်း၊ ဦးငွေသိန်း၊ ဒေါ်အေးအေးဝင်း၊ ဒေါ်ညွန့်ညွန့်ဝင်း ဟူ၍ သား/သမီး(၆)ဦးရှိပြီး၊ ဦးစိုးသိန်း (လူပျိုကြီး) (၁၄-၁-၁၉၇၉)၊ ဦးမြင့်သိန်း (လူပျိုကြီး) (၁၅-၁၁-၂၀၀၇)၊ ဦးငွေသိန်း (လူပျိုကြီး) (၁၂-၉-၁၉၉၉)တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော ဒေါ်သိန်းသိန်းဝင်း[၁၂/အလန(နိုင်)၀၂၀၇၂၆]၊ ဒေါ်အေးအေးဝင်း[၁၂/အလန(နိုင်)၀၁၈၇၄၂]၊ ဒေါ်ညွန့်ညွန့်ဝင်း[၁၂/အလန(နိုင်)၀၁၉၉၅၃]တို့မှ ညီမအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် လျှပ်စစ်အန္တရာယ်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သော Safety Equipments များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက်	-	၂၉-၉-၂၀၁၇ ရက်
တင်ဒါပိတ်မည့်ရက်	-	၁၇-၁၀-၂၀၁၇ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

ကြော်ငြာ

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးကျင်းပသော (၆၉) ကြိမ်မြောက်၊ "အဘိဓမ္မာ အခါတော်နေ့ အခမ်းအနား" အား တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးကျင်းပသော (၆၉)ကြိမ်မြောက်၊ အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ်တရားပွဲ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) တိုးချဲ့ကျောင်းဆောင်တော် (အာဂါသဒ်န) 'အလှူ့သီတဂူအထူးမွေ့သဘင်'



တွဲဖက်ရွှေကျင်သာသနာပိုင်သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၊ အဓိပတိ သီတဂူ ဆရာတော် 'ဒေါက်တာအရှင်ဉာဏိဿရ' အရှင်သူမြတ်ကြီးမှ တရားအလှူတော်ပေးလှူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

တရားပွဲအကြိုပို့ဆောင်မည့်နေရာများ . . . တရားပွဲနေရာမှ ဆူးလေ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်မြောင်း၊ တာမွေ၊ ဝွတ္တလစ်(ဈေးတွေ့)၊ ရန်ကင်း၊ တောင်ဥက္ကလာပ ဘောလီ၊ မြေနီကုန်း၊ စမ်းချောင်း၊ လှည်းတန်း၊ ကမာရွတ်၊ ကုက္ကိုင်း၊ ကမ္ဘာအေး၊ မ/ဥက္ကလာအဝိုင်း။

အခမ်းအနားအစီအစဉ်

နေ့ရက် ။ ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၅. ၁၀. ၂၀၁၇ (ကြာသပတေးနေ့)

အချိန် ။ မွန်းလွဲ (၁)နာရီတိတိ။ (အဘိဓမ္မာအခါတော်နေ့အခမ်းအနား)

အချိန် ။ ည(၇)နာရီတိတိ။ (သီတဂူတရားပွဲ)

နေရာ ။ အဘိဓမ္မာ(၅)ထပ်ဗိမာန်တော်သစ်ကြီး၊ အမှတ်(၄၉/၅၁)ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း(၃)လမ်းကားမှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဂုဏ်အင်္ဂါ ဗုဒ္ဓဂယာနှင့် သိဒ္ဓိသောတ်ဘုရားဖူးအစဉ်

(၁၄)ည (၁၅)ရက်ခရီးစဉ် ခေတ်နှင့်အကာရောင် ဟိုတယ်(၂)ညတည်း၊ ထွက်ခွာမည့်ရက် 21 Oct/12,29 Nov/2,14 Feb/21Mar

(၇)ည (၈)ရက်ခရီးစဉ် 3* & 4* Hotel တည်း၊ 1,19 Nov/22 Dec/28 Jan 11,28 Feb/25 Mar/13 Apr

EASY GO TRAVEL & TOURS

စကားပွ(၄)ရက်ခရီးစဉ် 3* & 4* Hotel တည်း	02Nov 21Dec	ဟိုချီမင်း၊မွန်းနဲ့၊ဒါလတ်(၅)ရက်ခရီး 3* & 4* Hotel တည်း	02Nov 23Dec
ဘန်ကောက်၊ပတ္တရား(၅)ရက် 3* & 4* Hotel တည်း	02Nov 23Dec	ဘန်ကောက်၊ပတ္တရား(၆)ရက် 3* & 4* Hotel တည်း	02Nov 23Dec
ဟန်နွိုင်း၊ဟလောင်းပင်လယ် (၄)ရက်ခရီးစဉ် Hotel တည်း	02Nov 23Dec	ချင်းမိုင်ပန်းပွဲတော်၊ချင်းရိုင်၊ ရွှေတြိဂံ(၅)ရက် Hotel တည်း	01Feb
စီယမ်ရိတ်၊ဘန်ကောက်၊ ဘန်ကောက်(၅)ရက်ခရီး Hotel တည်း	10Feb 01Mar	ပေကျင်း၊ရှန်ဟိုင်း၊ဟန်ကျိုး (၈)ရက်ခရီး Hotel တည်း	09Feb 01Mar

ရန်ကုန်ရုံးချုပ် - Tel : 01-377351,377352,246239, 09-73029315, 5069882
ရန်ကုန်ရုံးခွဲ - Tel : 01-227925, 2300302,09-5091205, 257781722
မန္တလေးရုံး - Tel : 09-5068857, 2019207, 797190092
ပြင်ဦးလွင်ရုံး - Tel : 085-28162,09-2044951, 442045059,778293629

ကျော်ကျော်လှိုင်
၂၁ရာစုတစ်လွှား လူသားအကျိုးပြု၍ ချမ်းသာအောင်မြင်လာသူများ

တန်ဖိုး ၂၀၀၀ကျပ်

၂၁ရာစုတွင် အောင်မြင်ချမ်းသာ၍ လူသားအကျိုးပြုသူများဖြစ်ကြသော စီးပွားရေး ရုပ်ရှင်၊ တေးဂီတ၊ ရုပ်သံအစီအစဉ်ကြော်ငြာ အစရှိသဖြင့် နယ်ပယ်အသီးသီးတို့မှ ထင်ရှားသူ ၁၄ ဦးကို အတ္ထုပ္ပတ္တိ၊ သင်ခန်းစာယူစရာအမြင်များဖြင့် ရေးသားထားသော စာအုပ်ဖြစ်သည်။

ဒေါက်တာခင်မောင်လွင်
ကိုအမ်နေသော
ရေဥပဒေ

တန်ဖိုး ၃၅၀၀ကျပ်

City Mart , Ocean နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။
ဖြန့်ချိရေး - SMART စာပေ၊ ၀၉ ၇၉ ၉၆၃ ၂၂၅၄၊ ၀၉ ၇၃၀ ၅၇ ၆၅၃

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း စတုမဓုနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။

ဗုဒ္ဓဘုရားရှင်ဟောတော်မူကြားသည့် – ရောဂါပျောက်သဆေးမည်စွာ

ဦးဘညိန်–သား
စတုမဓု
ကျေးမှာဆေးတိုက်မှထုတ်လုပ်သည်။
TMR-003261

ဆိုင် – ၂၈၊ ဗိုလ်ချုပ်ဈေး(မြောက်ဘက်တန်း)၊ အလယ်ထပ်။ ဖုန်း–၂၄၃၀၉၆၆ (လိုင်းခွဲ)
ပင်ရုံး – ၁၀၄၊ ကျွန်းသိုက်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း–၀၁ ၅၅၉၃၀၆

ပထမဦးဆုံး ဦးထွန်းဦး–ဒေါ်ခင်မော

T.V (ရန်ကုန်)

ကားမောင်း–စက်ပြင်သင်တန်း

09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-440051113, 01-2332340

အငှားယာဉ် 2F/9143 နှင့်အတူ ယာဉ်မောင်း မောင်အောင်မျိုးမြင့် ပျောက်နေခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း အမှတ်(၁၆၀)နေ မောင်အောင်မျိုးမြင့် [၁၂/ဒပန(နိုင်)၀၄၅၄၆၉]သည် မိမိပိုင်အငှားယာဉ် ရန်ကုန်မှတ်ပုံတင် 2F/9143 TOYOTA (SUCCEED) -မီးခိုးရောင်)အား ငှားရမ်းမောင်းနှင်ရာမှ လွန်ခဲ့သည့် ရက်သတ္တ(၂)ပတ်ခန့်မှ ယာဉ်နှင့်အတူပျောက်နေပါသဖြင့် ယာဉ်ကိုသော်လည်းကောင်း၊ မောင်အောင်မျိုးမြင့်ကိုသော်လည်းကောင်း တွေ့ရှိပါက နီးစပ်ရာ ရဲစခန်းနှင့်မိမိ (ဖုန်း-၀၉-၈၆၂၈၄၈၄)သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် သတင်းပေးသူအား ကျေးဇူးတုံ့ပြန်ပေးပါမည်ဖြစ်ကြောင်း အသိပေး မေတ္တာရပ်ခံအပ်ပါသည်။

Pearl Beauty Tailoring Shop မှ မအားလပ်သောအမျိုးသမီးများအတွက် " (၁)ပတ်အတွင်း " အင်္ကျီအပ်ထည်ဒီဇိုင်းများကို ဈေးနှုန်းချိုသာစွာဖြင့် ချုပ်လုပ်ပေးနေပါသည်။

အခန်း(၁၀၁)၊ ရွှေချမ်းသာဂုဏ်ရောင်ကွန်ဒို ၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၀၉-၄၂၁၀၇၇၁၆၂ ၊ ၀၁-၄၃၀၀၇၈-၈၇(လိုင်းခွဲ ၁၀၁)

Dream Aluminium
ကုန်ပစ္စည်းများမှရရှိမည့်အားသာချက်

DREAM ALUMINUM

- Euro System 45° ထောင့် ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း၊
- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း၊
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း၊
- Brand Accessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း၊
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကျည်ပေးခြင်း၊
- မြန်မာပြည်၏အကောင်းဆုံး Euro System Dream Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Showroom (1)

- No(223/225)၊ တချိုကွတ်လမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်၊ တာမွေမြို့နယ် တွင် Frame, Accessories, Machines များကို လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
- ဆက်သွယ်ရန် - 01-8604394, -09-977910201, 09-263563664

ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်

15.9.2017 မှ 30.9.2017 ထိ

1. Aluminium ပြတင်း၊တံခါး၊Curtain Wall များ
2. ကျွန်းဟာဂရေကြမ်းခင်းများ
3. Laminated Floor များ
4. Vinyl ကြမ်းခင်းများအားလုံး

မိတ်ဆောင်းမိတ်သစ်များအား ကြိုဆိုသောအားဖြင့် 5% မှ 10% အထိ အထူး Discount ပေးနေပါပြီ။

Showroom (2)

- No(133)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် အငြိမ်းစားတပ်ဆင်မှုများ ဆက်သွယ်ရန် Dream Installation Group
- ဆက်သွယ်ရန် -09-260905818, 09-254048775, -09-951091111

ကြော်ငြာ

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)
သာကီနွယ်
Hot Line - 01-200952
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
Promotion
(၁၅)ရက်ခရီး - (၃၃)သိန်းကျပ်အစား (၁၁.၉)သိန်းကျပ်စရိတ်ငြိမ်း
(၈)ရက်ခရီး - (၁၈)သိန်းကျပ်အစား (၉.၉)သိန်းကျပ်စရိတ်ငြိမ်း
(၁၀)ဦး (၁)ဦးအခမဲ့
(၈)ရက်ခရီး Hotel Package - ၁၅သိန်း
အထွက်ခရီး ➡ ၁၄.၁၀.၂၀၁၇ ၊ ၂၉.၁၀.၂၀၁၇
Shine Tower (Golden View Condo)

မဟာစည်သြဝါဒခံ
သာသနာ့ဗိမာန်ရိပ်သာ (ယိုးဒယားကျောင်း)
မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
ပူဇော်ပွဲ ဖိတ်ကြားလွှာ

မဟာသတိပဋ္ဌာန် ဝိပဿနာဉာဏ်ကိုပေးလှူတော်မူနေသည့် ကျေးဇူးတော်ရှင်မဟာစည်နာယက၊ သာသနာ့ဗိမာန်ရိပ်သာ ဆရာတော်ဘဒ္ဒန္တဝါယာမာဝုဓ (သာသနဇောတိကာမ္မာစရိယ) (မဟာကမ္မဋ္ဌာနာစရိယ) အား တပည့်ဒါယကာ၊ ဒါယိကာမများမှ စုပေါင်း၍ ဝါကျွတ်ပူဇော်ကန်တော့ပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ ကြွရောက်ပူဇော် ကန်တော့နိုင်ရန် သာသနာနုဂ္ဂဟအဖွဲ့မှ စီစဉ်ထားပါသည်။

ပူဇော်ပွဲကျင်းပမည့်ရက် - (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့)
၅-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)
ပူဇော်ပွဲကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီတိတိ။

သာသနာနုဂ္ဂဟအဖွဲ့
ဖုန်း-၆၄၁၃၂၄၊ ၀၉- ၄၅၀၀၀၄၈၄၀

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးကျော်အေး(အမှုဆောင်အရာရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း-ငြိမ်း)-ဒေါ်ကြည်ကြည်ဆွေ (ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့ဂုန်လျှော်လုပ်ငန်း၊ စက်မှု ၁-ငြိမ်း) တို့၏သားငယ်၊ ကိုစံလင်း၊ ကိုနိုင်အောင်၊ မခိုင်ငြိမ်းအေးတို့၏ ညီမောင်

ဒေါက်တာ ကျော်လင်း
MBBS (Ygn), MTID (UK), MRCP (UK)
ST3 in Diabetes and Endocrinology
Northern Lincolnshire and NHS Foundation Trust

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးခင်မောင်မြင့်-ဒေါ်ကြည်ကြည်ဌေးတို့၏ တစ်ဦးတည်းသောသမီး

မထက်ထက်မြင့်
B.Sc (Hons:), M.Sc (Chemistry)
Finance Officer, NCD Health Project
University of Public Health and HelpAge International

တို့သည် ၁၇-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကျော်လင်း-မထက်ထက်မြင့်

ဂျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ နိုင်ငံခြားမုန့်ပုတ်သင်တန်း
Jelly Candy
Sauce
MASTER
01-389340
01-248014, 01-379071, 09-73181875

GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

SUMMIT ကျောက်မျက်သင်တန်း
စာတွေ့နှင့်လက်တွေ့ တစ်ပြိုင်တည်းသင်ကြားပေးသည်
ကျောက်မျက်ရတနာအတု၊ အစစ်ခွဲနည်းနှင့် တန်ဖိုးဖြတ်ခြင်း ကိုအဓိကသင်ကြားပေးသည်။
စိန်နှင့်လက်ဝတ်ရတနာများ စစ်ဆေးတန်ဖိုးဖြတ်ပေးသည်။
01-253508
09-5411596

မင်းယုဇေ စီစဉ်သည်
မြတ်မင်္ဂလာ
တာဝေါင်

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၁၅၀)ကျော်၏ ပညာရေးသတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရယူနိုင်မည်
WORLD EDUCATION FAIR 2017
ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်၊ ကောလိပ်များ ပါဝင်ပါမည်။
CROWN EDUCATION
YOUR DOOR TO THE FUTURE
30 Sep (Sat), 2017
9:00 am - 1:00 pm
NOVOTEL HOTEL (Pyay Room)
• Oxford / Cambridge Preparation
• LSE Preparation
• IGCSE
• 100%, 50%
• MBA
• HND, NCC, ABE ... Top up Degree
• University of Manchester
Call us:
01 527 838
09 26000 40 50
09 26000 60 50
"နိုင်ငံတကာပညာရေးလမ်းညွှန် ၂၀၁၇"



UNOPS

INVITATIONS TO BID (ITB)

The United Nations Office for Project Services (UNOPS) is implementing the IDA Immediate Response Mechanism (IRM) Project to Government of the Republic of the Union of Myanmar in carrying out the recovery program to restore the livelihoods of affected beneficiaries through the supply of equipment, goods, supplies and related services.

UNOPS now invites potential suppliers to submit bids for the supply and delivery of the items listed in the table below.

#	ITB Number	Description	Closing Date	Remark
1	ITB/2017/1186	Supply & Delivery of Construction Equipment to Myanmar	9-Oct-2017	
2	ITB/2017/1101	Supply & Delivery of Galvanized Corrugated Zinc Roofing Sheet to Myanmar	5-Oct-2017	Bid submission deadline is extended from 27 September to 5 October 2017.

For any clarifications, please send to **AR.MMOH.IRM.Procurement@unops.org**
IMPORTANT NOTE: Interested vendors must respond to this tender using the UNOPS eSourcing system, via the UNGM portal (www.ungm.org). In order to access the full UNOPS tender details, request clarifications on the tender, and submit a vendor response to a tender using the system, vendors need to be registered as a UNOPS vendor at the UNGM portal and be logged into UNGM. For guidance on how to register on UNGM and submit responses to UNOPS tenders in the UNOPS eSourcing system, please refer to the user guide and other resources available at:
https://esourcing.unops.org/#/Help/Guides

ရောင်ခြည်ထိ
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

ခိုင်မြဲသစ်
09-6809893
09-5120620

The Rich Gems
Since 1996

Up To
Enjoy 35% off

THADINGYUT
Sales Promotion
(30th SEP - 1st OCT) 2017
(Saturday & Sunday)

No. 303, U Wisara Road, Sanchaung Township, Yangon, Myanmar.   Ph : 95 1 500060

Ph: 09795549249,095418126
09-795546884

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

CAR RENTAL
ALPHARD,HIACE
09-5191361,09-765191361

OASIS
Ph: 095038616, 09254197844

ODYSSEY
01 373199,240545,09 73187799
01 246337, 246338, 392870, 254170

နိုင်ငံခြားသားများအတွက် တိုက်ခန်းနှင့် Condo များ ငှားလိုပါသည်။ 5 သိန်းမှ 15 သိန်းအတွင်း။ အမြန်ဆုံး ငှားထွက်သွားအောင် အကျိုးဆောင်ပေးမည်။ ဆိုင်ရှင်၊ တိုက်ရှင် သာဆက်သွယ်ပါ။ (မှတ်ချက်-နိုင်ငံခြားသားအများစု မှာ ဥရောပ နိုင်ငံသား များဖြစ်ပါသည်) 09 2529 222 07

ဂိုဒေါင်ငှားမည်
ပုဇွန်တောင်မြို့နယ်ရှိ ပေ(၂၅×၆၀) အမြင့် ပေ(၂၅)ရှိ ထပ်ခိုးပါ RC ဂိုဒေါင် နှစ်ချုပ်ဖြင့် ငှားရန်ရှိသည်။
၅၇ လမ်း၊ ကိုထွန်း (ကားရေဆေး) ဘေး
ဖုန်း-၀၉-၅၁၁၆၈၄၇၊ ၀၉-၄၂၈၁၈၉၇၁၂၊ ၀၉-၄၂၀၀၀၈၂၀၉

အမည်ပြောင်း
မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ငြိမ်းကိုယ်ပိုင် အထက်တန်းကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော ဦးပေါက်စ [၁၂/လမန(နိုင်)၀၈၁၉၁၂]၏ သမီး မနှင်းနန္ဒာဆွေအား မနှင်းချိုချိုအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်အိုဝယ်လိုသည်
- ကားအပ်ပြီးစလစ်
- Taxi တိုက်ကျေ၊
- C.N.G စလစ်၊
ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

သွေးအချိုဓာတ်ကို Glucerna နှင့်အကောင်းဆုံး
အနေအထားတွင်ထိန်းထားပါ။

ဆေးသုတေသနပေါင်း 60 ပြုလုပ်ပြီး

No.1 Doctor Recommended Brand in USA*

ဆီးချိုသွေးချိုရောဂါရှင်များအနေဖြင့် သွေးအချိုဓါတ်၊ သွေးပေါင်ချိန်နှင့် ခန္ဓာကိုယ်အလေးချိန်တွေကို ပုံမှန် အနေအထား ရောက်အောင် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ တက်ကြွလှုပ်ရှားသော ဘဝနေထိုင်မှုပုံစံ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာတို့ကို စားသုံးခြင်းတို့အပြင် Glucerna ကို သောက်သုံးခြင်းက သင့်ရဲ့ဆီးချိုသွေးချိုရောဂါကို အကောင်းဆုံးအနေအထားတွင် ထိန်းထားရန်ကူညီပေးပါသည်။ Glucerna သည် ဆီးချိုသွေးချိုရောဂါ ရှိသူများအတွက် ထူးခြားကောင်းမွန်သော အာဟာရဖြစ်ပြီး Triple Care System ဖြင့် ထုတ်လုပ်ထားသောကြောင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

*Market research by Rothstein-Tauber, Inc. 2015

Distributed By PAHTAMA
Abbott Nutrition Careline 09 260 35 62 62
abbottnutrition@pahtama.com
Abbott

ကျွန်တော် SCG ကို ယုံကြည်တယ်။
ဘာလို့လဲဆိုတော့ SCG က ကျွန်တော်တို့နဲ့အတူ
ပိုမိုကောင်းမွန်သော လူမှုအဖွဲ့ အစည်းနှင့်
ဘဝအရည်အသွေးတွေကို မြှင့်တင်ပေးနေလို့ပဲ ဖြစ်ပါတယ်။
SCG Sharing the Dream
ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနား
SCG Sharing the Dream
မျိုးဆက်သစ်လူငယ်တွေအတွက်
အနာဂတ်နေ့သစ်များကို
တည်ဆောက်ပေးရန်
ပညာသင်ဆုများကို
2012 ခုနှစ်ကတည်းက
ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုဆိုရင်
လူငယ်အယောက်ပေါင်း
1,300 ကျော်ရှိခဲ့ပါပြီ။
Sharing a Brighter Vision
မျက်စိအတွင်းတိမ်
ကုသပေးမှုအစီအစဉ်အနေဖြင့်
2015 ခုနှစ်မှ စတင်ကာ
မွန်ပြည်နယ်အတွင်းရှိ အတွင်းတိမ်
မျက်စိဝေဒနာရှင်များအား
အခကြေးငွေမယူပဲ
အမြင်အာရုံပြန်လည်ရရှိအောင်
ပံ့ပိုးကူညီပေးပြီး စိတ်ချမ်းသာမှုတွေကို
ပြန်ပေးနိုင်ခဲ့ပါတယ်။
SCG ကို ယုံကြည်ပြီး ပိုမိုကောင်းမွန်တဲ့
အနာဂတ်နေ့ရက်များကို ကျွန်တော်တို့နဲ့အတူ
တည်ဆောက်လိုက်ပါ။
SCG
SCG
SCG
SCG PORTLAND CEMENT
www.scg.com/mm
SCG

ကြော်ငြာ

FORWARD (YGN) Travel & Tour Co., Ltd 09-977890964,01-8569783

- ဟိုချီမင်း၊ မဲခေါင်မြစ်ဝှမ်း၊ ဒါလတ်၊ ပန်းမြို့တော် (5D-4N) Oct 4, Nov 3
- ဆက်ဘူ ခရီးစဉ် .... (4D-3N) Oct 5, Nov 10
- ဘန်ကောက်၊ ပတ္တရား ခရီးစဉ် .... (5D-4N) Oct 5, Nov 2, 9
- ရှုဘိုင်း ခရီးစဉ် .... (7D-6N) Nov, Dec
- ဂျပန် ခရီးစဉ် .... (7D-6N) Dec

Build (C/248), Room (A/1), Laydauntkan Road, Thingangyun Township, Yangon.

ရွှေမင်းသာ FULLY AIR-CON EXPRESS

Oct 3

Ph: 09-420046635, 09-772845268, 09-260402963

ASIA DRAGON (အာရှနဂါး)

ရွှေမင်းသာ 12000

ငွေဆောင် 15000 မြဝတီခရီးစဉ် Oct 3,4,5,6

ကျိုက်ထီးရိုး 10000 ပုဂံခရီးစဉ် Oct 4,6

09-30030030, 09-799100100, 09-797100100

"ဒီဇာပူဒေသဲပွဲ"

စင်ဗြင်ဒ်ရွာ၊ ပူဒွီး၊ မယ်ဒေဘွန်း

450024419

790629747

ရတီမှုံမှ သီတင်းကျွတ်ရုံးပိတ်ရက်အထူးခရီးစဉ်များ

- 55000
- 50000
- 60000
- 15000
- 60000

Ph:09-250 147247, 09774438366

အောင်စေယျ ဧည့်ရိပ်မွန်

City Mart, Super One, ILBC ... Car Parking ...

No.81, အောင်စေယျလမ်း၊ ရန်ကင်း၊

Ph 09-9689 133 03
09-9689 133 63

Wifi Free

ဖွင့်ပွဲ-အခန်းအထူးဈေးနှုန်း
10000 / 12000
22000 / 30000

Facebook (အောင်စေယျ ဧည့်ရိပ်မွန်)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

CEO ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ထွက်ပြီ

- SME တည်ထောင်သူတွေ သတိပြုစရာ လက္ခဏာ ၁၀ ချက်
- ခေါင်းဆောင်ကောင်းဟူသည် လေးနက်သောယုံကြည်မှုရှိရမည်
- လေကြောင်းလိုင်းက သင့်ကိုမပြောပြတဲ့ အချက် ၁၃ ချက်
- ကယ်လိုရီလောင်ကျွမ်းဖို့ နေ့စဉ်လုပ်ရမယ့် လေ့ကျင့်ခန်း ၉ ခု

တန်ဖိုး ၂၅၀၀ ကျပ်

တွေ့အေးစာအုပ်တိုက်က ထုတ်ဝေသည်။

ရွှေပြည်သာမြို့နယ်အတွင်း ရောင်းအားကောင်း ဆေးနှင့်စတိုးဆိုင် ရောင်းမည်။
၆/၁၀(ရပ်ကွက်)၊ ဘုရင့်နောင်လမ်း၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၅၀၂၈၃၅၅

အားကစားစက်ပစ္စည်းများ ရောင်းရန်ရှိသည်
မျက်မြင်ကြည့်ရှုနိုင်သည်။
(လျှော့ဈေးဖြင့် ရောင်းသည်။)
ဆက်သွယ်ရန်ဖုန်း-
၀၉-၉၆၅၁၇၅၁၀၇၊ ၀၉-၄၂၄၀၁၀၉၄၂

တိုက်ခန်းကျယ်ငှားမည်
အလုံမြို့နယ်၊ ... Lift ပါ၊ ... AC 1no ပါ၊
Ph:09 5008879, 01 211436

FORWARD (YGN) Travel & Tour Co., Ltd
ချောင်းသာ/ငွေဆောင် Package စီစဉ်ပေးသည်။
Oct 3,4
09259259180, 09259259181,09259259182

GOLDEN LIGHT
0943197550, 421099405

ASIA KING
ချောင်းသာ 12000
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000
09-778585912, 09-43114301

4-10-2017
09-421029816, 09-261422965, 09-450000574, 01-9317105

0973068865, 095012536, 09420250778

Hotel (Visa) (70000)
Sep -29,Oct-4,6,13,20,27
09421073634, 777636630

Oct 4, 27
57000
37000
09-420087371, 09-259302029

Organizer by Creation Strength Co., Ltd.
Partnership : House
MEGA EXPO
HOUSING | LIVING | CAR SHOW
DATE : 5-10-2017 to 8-10-2017
TIME : (9:00) am to (6:00) pm
PLACE: Tattmataw Hall, Uwisara Road, Yangon.
19(B), PARAMI ROAD, SOUTH OKKALAPA TSP, YANGON. 09-450045003, 09-450050005, 09-450055888, 09-250513383

မိတ်ဖွဲ့ ယားယံခြင်းနှင့် ချွေးနံ့ပျောက်ကင်းရန်
ALL SWEET
ကိုယ်လိမ်းပေါင်ဒါ

တစ်နေ့တာလုံး မွှေးပျံ့လန်းဆန်းစေရန်
ALL SWEET
သဘာဝရေမွှေး

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်အမှတ် 1309 PC0020

Develop By တကောင်ဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.
No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888
Email:tagaungbwarcompany@gmail.com , Facebook:Ta Gaung Bwar Construction

Thadingyut Festival Special Promotion
Limited Rooms for Sale
- ၁၀ နှစ် အရစ်ကျ အကောင်းဆုံး ငွေပေးချေမှု ပုံစံ
- စုပေါင်းပိုင်မြေဥပဒေအရ 100% လွှဲပေးမည့် Condominium
- ရာသက်ပန် ပိုင်ဆိုင်မှုနှင့် အဆောက်အဦ Quality 100% အပြည့်အဝ အာမခံနိုင်မှု
- ဝယ်ယူမည့် ဈေးနှုန်းနှင့် လုံးဝတန်သည့် အခန်းတွင်း ပြင်ဆင်မှု
- တစ်ခန်း Car Parking 2 စီးနှုန်းဖြင့် Infinity Swimming Pool, Gym Hall, Dry Sauna,Wet Sauna, Jacuzzi, Minimart နှင့် Coffee Shop စသည့် Facility လုံးဝပြည့်စုံသည့် Condominium
- ဗီဇီ (Budget) အလိုက် အခန်းဧရိယာ အမျိုးမျိုးတို့၏ အခန်းတွင်း ပြင်ဆင်ထားမှုများကို လာရောက်လေ့လာရွေးချယ် ဝယ်ယူနိုင်ပါကြောင်း Customer များကို နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

အမှတ်(W23)၊ မြကန်သာလမ်း၊ မြကန်သာအိမ်ယာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

TOSHIBA
Leading Innovation
TOSHIBA CE Myanmar
Entertainment Made Simple
Listen
Search
Play
Android TV is a trademark of Google Inc.
androidtv™
အထူး ပရိုမိုးရှင်း
၂၉-၉-၂၀၁၇ မှ ၁၂-၁၁-၂၀၁၇ ထိ
Promotion ပွဲလုပ်မည့်နေရာများနှင့် Toshiba Showroom (ရန်ကုန်) နှင့် (မန္တလေး)တို့တွင် သွားရောက် ဝယ်ယူပါက အထက်ပါ Buy1-Get-1 အစီအစဉ်အား ရရှိပါမည်။ Promotion ပွဲပြုလုပ်ရောင်းချမည့် နေရာများတွင် လာရောက်ဝယ်ယူပါက Toshiba Android TV Polo Shirt တစ်ထည် ထပ်မံ၍ လက်ဆောင်ရရှိပါမည်။
BUY U9750
TOSHIBA UHD 4K Android TV
40" LCD TV FREE
BUY U7750
TOSHIBA UHD 4K Android TV
32" LED TV FREE
BUY U6750
TOSHIBA UHD 4K Cast TV
23" LED TV FREE
Promotionပွဲ လုပ်မည့်နေရာများ
Ocean Center (မြောက်ဒဂုံ)
29.9.2017 to 1.10.2017
10 AM to 9:00 PM
Myanmar Plaza
6.10.2017 to 8.10.2017
10 AM to 9:00 PM
Junction City
13.10.2017 to 15.10.2017
10 AM to 9:00 PM
Ocean Center (North Point)
20.10.2017 to 22.10.2017
10 AM to 9:00 PM
Capital Hyper Mart (သာကေတ)
27.10.2017 to 29.10.2017
10 AM to 9:00 PM
Gandamar Wholesale Center
10.11.2017 to 12.11.2017
10 AM to 9:00 PM
အသေးစိတ်အချက်အလက်များကို TOSHIBA CE Myanmar Facebook Page
တွင်လည်း ဝင်ရောက်လေ့လာနိုင်ပါသည်။

၂၅-၉-၂၀၁၇ရက်စွဲပါ ဦးစိုးပိုင်[၇/ထတပ(နိုင်)၀၄၈၆၆၅]နှင့် အထက်တန်းရှေ့နေ ဦးသန်းထွန်းတို့၏ ကြေညာချက်ကို အများသိစေရန် ပြန်လည် ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၃၀၉)နေ ဦးဝင်းထွန်းညာဏ် [၁၂/တမန(နိုင်)၀၅၇၁၇၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်။

လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ စေတီတော်မြတ်အတွင်းရှိ ရှော့ခ်ဟောက်စ်အဆောက်အအုံ အမှတ်(၁)၊ အခန်းအမှတ်(၁)ကို ရှေ့နေဦးစိုးပိုင်ထံမှ ဦးဝင်းထွန်းညာဏ်[၁၂/တမန(နိုင်)၀၅၇၁၇၇]က တရားဝင်အမည်ပေါက် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားသည့် အခန်းဖြစ်ပြီး တရားဝင်အမည်ပေါက် အောင် ဦးစိုးပိုင်ကိုယ်တိုင်တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပါသည်။

ဦးစိုးပိုင်သည် တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်ပြီး လိုက်နာရမည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများကို မျက်ကွယ်ပြုကာ မမှန်မကန် ထည့်သွင်းဖော်ပြရန်ညွှန်ကြား၊ ကြေညာခြင်း၊ ကြော်ငြာထည့်သွင်းပေးသူ အထက်တန်း ရှေ့နေဦးသန်းထွန်းကလည်း မိမိအား လွှဲအပ်ညွှန်ကြားသူ၏ ညွှန်ကြားချက်သည် မှန်/မမှန် စိစစ်ခြင်းမပြုဘဲ ထည့်သွင်းကြော်ငြာခြင်းကြောင့် ကျွန်ုပ်၏အမှုသည်အနေဖြင့် ဂုဏ်သိက္ခာကျဆင်းမှုများအပါအဝင် နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကြေညာထားချက်အား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပြီး ကျွန်ုပ်၏အမှုသည်ထံ ကျေနပ်သည်အထိ ဝန်ချတောင်းပန်ရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအေးမော် (B.Sc,H.G.P,D.B.L,D.A.Psy)
အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)
အမှတ်(၂၆၀)၊ (ပထပ်) (ဝဲ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ပေ(၄၀×၆၀)၊ (၂၁)ရပ်ကွက်၊ စက်မှုဇုန်(၂) ဈေးအနီး၊ တ/ဒဂုံမြို့နယ်။
Ph: 09-792850744, 09-5107531

ပျောက်ဆုံးကြောင်း

ကျွန်တော်၏ Diamond Palace Treasure Trading Co.,Ltd. အမှတ်စဉ် 828 2016-2017 (နပတ) ထသက အမှတ်-41279(10-08-16) အမည်ဖြင့် ခွင့်ပြုထားသော သွင်းကုန်လိုင်စင်အမှတ်-ILV-16-17 4712-09/09/2016သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၉-၉၇၈၇၉၇၅၄၄**

လွမ်းဆွတ်သတိရခြင်း

ဦးဝင်းကြည် (M.A,B.L)
တရားရုံးချုပ်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်

ကျေးဇူးရှင်ဆရာကြီး ဦးဝင်းကြည်ကွယ်လွန်ခဲ့သည်မှာ ၂၉-၉-၂၀၁၇ ရက်တွင် (၂၁)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သော်လည်း ဆရာ့မိသားစုနှင့်အတူ ထပ်တူထပ်မျှ လွမ်းဆွတ်သတိရပါကြောင်း။

တပည့်ရှေ့နေများ
အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘောဂသိဒ္ဓိလမ်း၊ အမှတ်(၂၀)ရှိ (၇ ½)ထပ်တိုက်၏ (၄လွှာ/B)အကျယ်အဝန်း (820sqft)ရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို တရားဝင်အကျိုးခံစားပိုင်ခွင့်ရှိပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ MTPဆောက်လုပ်ရေး၏ ကန်ထရိုက်တာ ဦးစိုးဝင်း[၁၂/သဃက(နိုင်)၁၄၅၆၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် "၂၀-၉-၂၀၁၇ရက်စွဲပါ နှစ်ဦးသဘောတူကြိုပွဲ့စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ စရန်ငွေပေးကတိစာချုပ်"ကို ချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီမျိုးလှ (LL.B,D.B.L)
(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၃၅၂)
အမှတ်(၂၀၂)၊ မြေညီထပ်၊ သိမ်ဖြူလမ်းသွယ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၇၇၆၅၇၁၊ ၀၉-၇၉၅၃၅၅၅၀၇

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အထက(ကံဘဲ့) နဝမတန်းမှ မောင်ရဲဇော်ဇော်၏ ဖခင်အမည်မှန်မှာ ဦးညွှန့်ရွှေ[၁၂/တတန(နိုင်)၁၄၉၀၅၂] ဖြစ်ပါကြောင်း။

အများသိစေရန်ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ယမုံနာ-၂)၊ မြေကွက်အမှတ်(ခ/၇၉)၊ မြေကွက်တည်နေရာအမှတ်(ခ/၇၉)၊ စွယ်တော်လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဦးဝင်းတင်(P/RGN ၀၀၂၄၁၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးဝင်းတင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၆၃၉၆/၂၀၁၆ (၂-၁၂-၁၆)ဖြင့် ပိုင်ဆိုင်သူဇနီးဖြစ်သူ ဒေါ်တင်ဝင်း[၁၂/ဒပန(နိုင်)၀၁၇၆၁၆]မှ နှစ်(၆၀)ဂရန်ပျောက်ဆုံးသွားသဖြင့် ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမပေါ်ပေါက်ပါသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ပါ၍ မူလထုတ်ပေးထားသည့် ဦးဝင်းတင်အမည်ပေါက် မြေငှားစာချုပ်အမှတ်(ဒပ/၁၁/ ၀၀၉၆/၉၃) ၂၄-၉-၁၉၉၃ ဂရန်မူရင်းမြေငှားစာချုပ်စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၆၄၊ မြေကွက်တည်နေရာအမှတ်(၁၂၅)၊ (၈)လမ်း၊ သုခရိပ်သာ၊ (၆)ရပ်ကွက်၊ မမြမြအမည်ပေါက် ဘီလ/န-၃၉ရပြီး (အိမ်ရာမြေသတ်မှတ်)မြေအား လှိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၁/၂၀၁၃(၂၅-၄-၂၀၁၄)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၁၁/၁၆-၁၂-၂၀၁၅)၏ အမိန့်အရောင်းအဝယ်စာချုပ်(၂၃၇၅/၁၀-၈-၁၇)တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးကျော်လေး[၁၂/လမန(နိုင်)၀၆၀၂၈၅]ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၃၃၅/၃-၅-၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်စန်း[၁၂/လမန(နိုင်)၁၂၃၃၄]မှ တရားရုံးအမိန့်များပါဝါလွှဲအပ်သူမှာ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းထားခြင်း မရှိကြောင်း ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်မူရင်းမှတ်ပုံတင်မူရင်းတို့ကိုတင်ပြ၍ မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အကျယ်(အလျား၃၄/၃၅ပေ×၃၃/၂၅ပေ)အား တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီး သတိပြု

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ E^ᵃ၊ မြေကွက်အမှတ် IV $\frac{9D}{5}$အကျယ်အဝန်း ၀.၃၂၄ ဧကရှိ မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ထားပြီးသည့် မြေကွက်အမှတ် $\frac{9D}{5-1}$၊ ဧရိယာ ၀.၀၇၂ ဧကရှိ ဒေါ်နီလာမင်းအမည်ပေါက် မြေပိုင်မြေကွက်ပေါ် အဆောက်အအုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် ကျွန်မ ဒေါ်နီလာမင်း [၁၂/ကမတ(နိုင်)၀၄၄၈၅၉]က ဦးစန်းမြင့်[၁၂/ပဘတ(နိုင်)၀၂၉၃၇၆]အား ၁၉-၂-၂၀၁၄ရက်စွဲဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၀၀၇/၂၀၁၄ဖြင့် လွှဲအပ်ခဲ့ပါသည်။ ယင်းအထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ဒေါ်နီလာမင်း
[၁၂/ကမတ(နိုင်)၀၄၄၈၅၉]
အမှတ်-၅၁၅/၂ခ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်- ၈၃၁၊ ဦးဝိစာရလမ်း၊ ဧရိယာ(၀.၀၅၆)ဧက၊ (၂၄၃၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် [illegible]

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း [illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မြမြသန့် — LL.B., D.B.L., WIPO - 101 (Switzerland) — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် — LL.B — အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

[illegible]

လင်မယားကွာရှင်းပြီးကြောင်းနှင့် ပစ္စည်းခန်း ခွဲဝေပြီးဖြစ်ကြောင်းအများသိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

[illegible]

H.G.P, LL.B, D.B.L, D.M.L — LL.B, D.B.L, D.I.L, WIPO (Switzerland)

Post Graduate Dip. in Global English

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-ဘီ)၊ မြေကွက်အမှတ်(၃၅၉)၊ ဧရိယာ(၃၀×၃၈. ၆)ပေရှိ နှစ်(၉၀)ဂရန်မြေကွက်တည်ရှိရာ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂-လမ်း၊ အမှတ်(၇၃)ဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်စောရွှေနု(MTNT-၀၀၄၉၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ(၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဘော်(စဉ်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO(Switzerland)
ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L,
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel:294866 HP:09-5017044

မရတနာစုနိုင်[၁၂/ဗဟန(နိုင်)၀၉၉၀၅၁]မှ(၆-၉-၂၀၁၇)ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)တွင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်းအပေါ်တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့(ခေတ္တစင်ကာပူ)နေသူ ကိုပြည့်ဖြိုးအောင်[၉/မထလ(နိုင်)၂၂၆၈၇]၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အထက်ခေါင်းစဉ်ဖော်ပြပါ ကြေညာချက်အပေါ် တုံ့ပြန်ရှင်းလင်းတင်ပြခြင်း၊ မရတနာစုနိုင်၏သတင်းစာမှကြေညာချက်အား ပြန်လည်ဝန်ချတောင်းပန်၍ ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ကွာရှင်းပြတ်စဲခြင်းအား မှန်ကန်စွာပြန်လည်ထည့်သွင်း ကြေညာပေးရန် အသိပေးအကြောင်းကြား တောင်းဆိုအပ်သည်မှာ-

၁။ ရန်ကုန်မြို့(ခေတ္တစင်ကာပူ)နေသူ ကိုပြည့်ဖြိုးအောင်[၉/မထလ(နိုင်)၂၂၆၈၇]ဖခင်ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(လေ/ငြိမ်း)၊ မိခင်ဒေါ်ခင်နှင်းရီနှင့် ရန်ကုန်မြို့နေ မရတနာစုနိုင်[၁၂/ဗဟန(နိုင်)၀၉၉၀၅၁]ဖခင် ဦးစိုးဝင်း(ခ)ဦးစိုးနိုင်၊ မိခင်ဒေါ်လှလှဝင်းတို့သည် ၆-၇-၂၀၁၇ရက်တွင် စာအမှတ်(၂၂၆/၁၇)ဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ချုပ်ဆိုခဲ့ကြသည်ကို အထောက်အထားစာရွက်စာတမ်းနှင့်ညွှန်ကြားပြောဆိုချက်အရ သိရှိခဲ့ရပါသည်။

၂။ ၆-၉-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် မရတနာစုနိုင်မှ

(က) ကိုပြည့်ဖြိုးအောင်အား ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်ဟူ၍လည်းကောင်း၊

(ခ) ၆-၆-၂၀၁၇ရက်တွင် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ပါသည်ဟူ၍လည်းကောင်း၊

(ဂ) ကိုပြည့်ဖြိုးအောင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ဟူ၍လည်းကောင်း ဖော်ပြချက်များသည် မမှန်မကန်ထည့်သွင်းဖော်ပြချက်များဖြစ်ကြောင်း ညွှန်ကြားပြောဆိုချက်အရ သိရှိရပါသည်။

၃။ မရတနာစုနိုင်အနေဖြင့်အပိုဒ်(၂)၏ (က၊ ခ၊ ဂ)ပါအချက်အလက်များသည် ကိုပြည့်ဖြိုးအောင်၏ ဂုဏ်သိက္ခာကို များစွာကျဆင်းစေရန်၊ ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဖော်ပြထားခြင်းဖြစ်ကြောင်း ညွှန်ကြားပြောဆိုချက်အရ သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ မရတနာစုနိုင်အနေဖြင့် အပိုဒ်(၂)၏ (က၊ ခ၊ ဂ)ပါအချက်အလက်များအား ဤကြေညာချက်ပါရှိသည့် ရက်မှစတင်၍(၇)ရက်အတွင်း သတင်းစာတွင် ပြန်လည်ဝန်ချတောင်းပန်၍ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ကွာရှင်းပြတ်စဲခြင်းအားမှန်ကန်စွာ ပြန်လည်ထည့်သွင်းကြေညာပေးရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

၅။ အကယ်၍လိုက်နာဆောင်ရွက်ပေးရန်ပျက်ကွက်ခဲ့ပါကဥပဒေနှင့်အညီ အထောက်အထားခိုင်လုံစွာဖြင့်ဆက်လက် အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၆။ ၎င်းအပြင် မရတနာစုနိုင်မှ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်မူရင်းခဲ့(၁)စောင်၊ ကိုပြည့်ဖြိုးအောင်၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ယာဉ်မောင်းလိုင်စင်(မူရင်း)တို့အား ၇-၁၀-၂၀၁၇ရက်နောက်ဆုံးထား၍ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ပါ လိပ်စာအတိုင်း ပြန်လည်ပေးအပ်ပါရန် မရတနာစုနိုင်နှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ကိုပြည့်ဖြိုးအောင်
[၉/မထလ(နိုင်)၂၂၆၈၇]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြလှဲ့ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)
အမှတ်-၈၃၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်-၂၆၈၊ မြေကွက်တည်နေရာအမှတ်-၂၆၈၊ သန္တာ(၈)လမ်း၊ (၄)ရပ်ကွက်၊ ဒေါ်ပု [၁၂/ဥကမ(နိုင်)၀၈၇၁၃၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပုကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ်(၂၄၃၄/၁၇)၊ (၈-၈-၁၇)ဖြင့်ရရှိသူ ဒေါ်ရင်မေ[၁၂/ဥကမ(နိုင်)၀၈၇၁၃၇]၊ ဦးမျိုးမြင့်[၁၂/အလန(နိုင်)၀၀၆၃၅၆]၊ ဦးစိုးမြင့်[၁၂/ဥကမ(နိုင်)၁၃၇၉၇၃]တို့မှ ဂရန်ပျောက်ဆုံးကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ လက်မှတ်ရေးထိုးသော ကျမ်းကျိန်လွှာအမှတ်စဉ် ၈-၅၇၀/၂၀၁၇ (၉-၈-၂၀၁၇)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့ဖြင့် ဂရန်မိတ္တူ လျှောက်ထားလာခြင်းအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၁)ထပ်ပျဉ်ထောင်(၁)လုံး+မြေကွက်လပ်၊ မြေကွက်လပ်ဖြစ်ခြင်းအတွက် လျှောက်ထားသူမှ ဝန်ခံကတိပြုချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးဝင်းမြိုင် [၁၂/ဆကခ(နိုင်) ၀၀၀၉၅၇]၊ ဒေါ်ခင်မျိုးမျိုးဆွေ[၆/မအရ(နိုင်)၀၉၈၁၃၉]တို့၏သားငယ် မောင်အောင်ခေတ်မြတ်[၁၂/ဆကခ(နိုင်) ၀၂၀၁၆၉]သည် မိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိမိသဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းသည်းခံပါ။

ဦးဝင်းမြိုင်-ဒေါ်ခင်မျိုးမျိုးဆွေ

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိကုမ္ပဏီ၏ တစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက်အမှတ်(၅၉)၊ အခန်းအမှတ်(၆)တွင် တည်ထောင်ထားသော AEKAR COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၄၁၆၀/၂၀၁၁-၂၀၁၂)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

AEKAR WATER

အထက်တွင်ဖော်ပြထားသည့် တံဆိပ်အမည်အမှတ်အသားကို ဒေါ်ရီရီဝင်း [၁၂/လမန(နိုင်) ၁၃၉၈၂၀]မှ ၇-၈-၂၀၁၇ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄/၉၀၆၂) ဖြင့် မိမိကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအဖြစ် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို AEKAR CO.,LTDမှ ရေသန့်ထုတ်လုပ်သည့် ပစ္စည်းကိရိယာအမျိုးမျိုးနှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ၎င်းပစ္စည်းကိရိယာများ တပ်ဆင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် စာရွက်စာတမ်း၊ ဘလောက်တုံး၊ တံဆိပ်တုံး၊ ငွေလက်ခံဖြတ်ပိုင်း အစရှိသည့် ပစ္စည်းအမျိုးမျိုးပေါ်တွင်လည်း အသားတံဆိပ်များပြုလုပ်ကာ ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိကုမ္ပဏီ၏ ခွင့်ပြုချက်မရရှိဘဲ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍အတုအပပြုလုပ်ခြင်း စသည်တို့ကို တစ်နည်းနည်းဖြင့် ပြုလုပ်သုံးစွဲခွင့်မရှိကြောင်းနှင့် ယင်းသို့ပြုလုပ်ခြင်းကို တွေ့ရှိသိရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တည်ဆဲတရားဥပဒေများနှင့်အညီ တရားမကြောင်းအရဖြစ်စေ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ နစ်နာမှုများအတွက် ထိရောက်စွာ တောင်းဆို၍ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထူးသတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဉာဏမျိုး(စဉ်-၄၃၄၇၃)	**အောင်ကျော်သူ(စဉ်-၄၅၇၆၆)**	**ကေခိုင်သူရ(စဉ်-၉၈၀၅)**
LL.B,D.I.L	**LL.B**	**LL.B,LL.M**

အထက်တန်းရှေ့နေများ — **တရားလွှတ်တော်ရှေ့နေ**
HIGHSEE12 LAWYERS ASSOCIATE
အမှတ်-(၃၃/B)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၇၇၇၇၇၁၇၀၊ ၀၉-၇၈၂၁၆၇၉၀၀

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပြုံးကြည် (၇၅)နှစ်

တာဝန်ခံသူနာပြုဆရာမကြီး (ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၂) လမ်း၊အမှတ်(၁၃၆၈/အေ)နေ ဦးကျော်တင်ရှိန်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သီဂီအေးတို့၏မိခင်ကြီး ဒေါ်ပြုံးကြည်သည် ၂၇-၉-၂၀၁၇ရက် (အင်္ဂါနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ
နိုင်ငံခြားရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီ ရပ်ကွက်၊ (၇၃)လမ်း၊ ၂၈×၂၉ လမ်းကြားနေ ဦးရဲနိုင် (OTS-68)၏ဖခင်ဖြစ်သူ ဦးခင်မောင်ကြီး(လက်ထောက် မန်နေဂျာ-ငြိမ်း၊မြန်မာ့စီးပွားရေးဘဏ်-ရွှေဘိုမြို့၊ အကြံ ပေးအရာရှိ ရတနာပုံဘဏ်လီမိတက်-မန္တလေး)အသက် (၉၂)နှစ်သည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည၁၀း၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ်(၆၈)မှ
ကျောင်းဆင်းအရာရှိမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်အောင်

အသက် (၉၂) နှစ်

ဒေါက်တာစန်းဝင်း (ဒုတိယပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်)၏ ဖခင်ဖြစ်သူ ဦးကျော်အောင် အသက် (၉၂) နှစ်သည် ၂၇-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု
သစ်တောဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကြည်

အသက် (၈၈)နှစ်

မန္တလေးမြို့နေ ဦးမြင့်မောင်-ဒေါ်မြင့်မြင့်ခင် တို့၏ မိခင်ကြီး ဒေါ်အုန်း ကြည် အသက်(၈၈)နှစ်သည် ၂၇-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(၁၉၇၁-၁၉၇၅)
စီးပွားရေးတက္ကသိုလ်ဆင်း
မန္တလေးမှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပြုံးကြည် (တာဝန်ခံသူနာပြုဆရာမကြီး -ငြိမ်း)

အသက် (၇၅) နှစ်

ဦးကျော်တင်ရှိန်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)- ဒေါ်သီဂီအေးတို့၏မိခင်ဖြစ်သူ ဒေါ်ပြုံးကြည်သည် ၂၇-၉-၂၀၁၇ ရက်နေ့ ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အနော်ရထာဂါဒီယမ်ညီအစ်ကိုများ

ဆေးလိပ်၊ ကွမ်းယာအန္တရာယ် သတိပေးနှိုးဆော်ချက်

ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါ သော ကွမ်းစားခြင်းတို့ကြောင့် -

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါ အမျိုးမျိုး၊
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက် သွေးကြောပိတ်၍ လေဖြတ်ခြင်း၊
- အဆုတ်ပွရောဂါ၊ ပြင်းထန်သည့်သွေးတိုးရောဂါ၊
- ခြေပုပ်လက်ပုပ်ရောဂါ၊
- ပန်းသေပန်းညှိုးရောဂါစသည်တို့ ဖြစ်ပွားနိုင်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များတွင်-

- ကိုယ်ဝန်ပျက်ခြင်း၊
- ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေး မွေးဖွားခြင်း၊
- မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေးမွေးဖွားခြင်း၊
- မွေးစကလေး ရုတ်တရက်သေဆုံးခြင်းများဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သဖြင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အစမပြုမိစေရန်နှင့် သုံးစွဲနေပါကလည်း ဖြတ်နိုင်ရန်ကြိုးစားပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယကာကြီး

ဦးဘသောင်း (၈၄)နှစ်

မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ် ရပ်ကွက်၊ ထပ်ကေးရပ်နေ (ဦးထွန်းခင်-ဒေါ်အုံးသင်)တို့၏ သား၊ (ဦးချစ်လှ-ဒေါ်သောင်းစိန်)၊ (ဦးချစ်မြ-ဒေါ်ခင်မြ)၊ (ဦးချစ်လှိုင်-ဒေါ်သိန်းညွန့်)တို့၏ ညီ/မောင်၊ (ဦးစိုးသိန်း-ဒေါ်အေးပို)၊ ဒေါ်တရုတ်မ၊ (ဦးတင်မြင့်-ဒေါ်မာမာ လွင်) တို့၏ အစ်ကို၊ တူ/တူမ ၂၃ ယောက် တို့၏ဘကြီး/ဦးလေး၊ မြေး ၂၃ ယောက် တို့၏ အဘိုး၊ မြစ်ငါး ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၁-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထပ်ကေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူ အားရည်စူး၍ ၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူး နေ့) နံနက် ၆ နာရီတွင် ညောင်ပင်ဆိပ် ရပ်ကွက်၊ ထပ်ကေးရပ်နေ (ဦးဘ သောင်း)၏ နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သိန်းသိန်း (၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ ဆိပ်လမ်း၊ အမှတ်(၃၂၅)နေ (ဦးချမ်း-ဒေါ်ငုတ်) တို့၏ သမီးချွေးမ၊ (ဦးလှ သောင်း-ဒေါ်သွင်)တို့၏ သမီး၊ ဦးတင့် လွင်၏ဇနီး၊ ဦးခိုင်ဘုန်း-ဒေါ်ခိုင်ခိုင် လွင်၊ ဦးမျိုးသန့်-(ဒေါ်အေးအေးငြိမ်း)၊ ဒေါ်အေးနွယ်၊ ဦးဇေယျာလင်း-ဒေါ်လဲ့လဲ့ငွေ၊ ဦးနေလင်း-ဒေါ်သဲမာ တို့၏ မိခင်၊ မြေးရှစ်ယောက် တို့၏ အဘွား၊ မြစ်သုံးယောက် တို့၏ ဘေးမ ဒေါ်သိန်းသိန်းသည် ၂၇-၉-၂၀၁၇ရက် ညနေ ၄း၄၀ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၃ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အသိပေးအကြောင်းကြားအပ် ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

ဦးမြင့်ဇော်ဦး (၅၆)နှစ်

CDC 14644 (BSN) Uniteam Marine Co., Ltd.

ရန်ကုန်မြို့၊ အာသောကလမ်း၊ အမှတ်(၅၂)၊ ခြောက်လွှာ၊ တာမွေမြို့ နယ်နေ (ဦးဝင်းမြင့်)-ဒေါ်နုနုရီတို့၏ သား၊ (ဦးသန်းအောင်)-ဒေါ်ကြည်အေး တို့၏ သားသမက်၊ ဒေါ်ထားထားအေး ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝဏ္ဏမင်း သူ-မြမဥ္ဇူအေး၊ ကိုအောင်ကိုကို-မကေ သရီဇော်၊ကိုထင်ဇော်ဗလ(ခ) စစ်ရန် နိုင်တို့၏ချစ်လှစွာသောဖခင်၊ မောင် အေးခန့်မင်းသူ၏ချစ်လှစွာသောအဘိုး ဦးမြင့်ဇော်ဦးသည် အိန္ဒိယနိုင်ငံ Mundra မြို့ ဆေးရုံ၌ ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် အိန္ဒိယနိုင်ငံ၌ပင် သင်္ဂြိုဟ်မည် ဖြစ်ကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး များနှင့် မိတ်ဆွေများအား အကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

ဦးငွေအောင် (၄၇)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ နေ ဦးဂွမ်-ဒေါ်လှထွေး တို့၏ သား၊ ဦးပို-ဒေါ်လှပို တို့၏သားသမက်၊ ဒေါ် အေးကြူ ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှဝင်း-ဒေါ်အေးအေးသွယ် (ဇင် ယော်မင်းကုမ္ပဏီ၊မြိတ်)၊ ဦးအောင်မင်း- ဒေါ်သန်းသန်းအေး၊ ဦးကျော်ထွဋ်တင်- ဒေါ်ချိုချိုသင်း၊ ဦးယုအောင်-ဒေါ်သင်း သင်းငွေ တို့၏မောင်၊ ဦးကျော်မိုးလွင်- ဒေါ်တင်တင်လှိုင်၊ ဦးပြည့်ဖြိုးအောင်- ဒေါ်ဟေမာသူ တို့၏ အစ်ကို၊ မမိုးသဲသဲ ငွေ၊ မသော်တာလင်းငွေ၊ မယမင်း ရွှေရည်အောင် တို့၏ ချစ်လှစွာသော ဖခင်၊ တူ/တူမ ၁၆ ယောက် တို့၏ ဦးလေးသည် ၂၈-၉-၂၀၁၇ ရက် နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပြုံးကြည် (တာဝန်ခံသူနာပြုဆရာမကြီး-ငြိမ်း)

အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ (၂)လမ်း၊ အမှတ်(၁၃၆၈/အေ)နှင့် သရက်မြို့နေ (ဦးသြဘာသ-ဒေါ်စောရင်) တို့၏သမီး၊ (ဦးအုန်းပွင့်-ဒေါ်စော)တို့၏သမီးချွေးမ၊ ဦးတင်ရှိန်(ခ)ဦးဏ္ဍနာစရိယ (အငြိမ်းစားတိုင်းတရားသူကြီး)၏ဇနီး၊ ဦးကျော်တင်ရှိန် (ဒုတိယညွှန်ကြားရေးမှူး ချုပ်၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန)-ဒေါ်သီဂီအေးတို့၏မိခင်၊ မသင်းဝတ်ရည်မှူး (Grade-6, Diplomatic School Yangon)၏ချစ်လှစွာသောအဘွားသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်

(ငွေစာရင်းအရာရှိ-ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၄)၊ ငါးလွှာ(A)၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်းနေ ဒေါ်စိုးစိုးလှ၏ ကျေးဇူးရှင်ခင်ပွန်း၊ ကိုကျော်လင်းဟန်၏ မွေးသဖခင်ကျေးဇူးရှင် ဦးအောင်သည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ကွယ် လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဝင်းကို (လယ်ဝေး)

အသက်(၆၅)နှစ်

နေပြည်တော်၊ လယ်ဝေးနေ (ဦးသိန်းနွယ်-ဒေါ်ခင်မှုံ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ်(၆၀/ခ)၊ (၁)လမ်းအနောက်၊ (၄)ရပ်ကွက်၊ ကေတုမာလာ ရိပ်သာ၊တ/ဥက္ကလာနေ ဒေါ်သန်းသန်းဆင့်(ထက်အုပ်-ငြိမ်း၊ ထ-၂၊ သာကေတ) ၏ခင်ပွန်း၊ ဒေါ်ခင်စန္ဒာကို(တပ်မတော်အကြီးစားစက်ရုံ)၊ ဦးညဏ်လင်းကို (ဒု-အကခမှူး၊အကောက်ခွန်ဦးစီးဌာန)-ဒေါ်ဖြိုးဖြိုးဝေတို့၏ကျေးဇူးရှင်မွေး သဖခင်၊ မောင်စည်သူကျော်ဇင်၊ မဖြိုးပြည့်ပြည့်မွန်တို့၏အဘိုး ဦးဝင်းကိုသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၇(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်ထူး(ခ) တေးရေးထေက်

(SHWE FM)

T.T.C ကျောင်းသားဟောင်း (89) Batch

အသက် (၄၇) နှစ်

(ဦးဘအုန်း - ဒေါ်အုန်းလှိုင်)၊ (ဦးသာလှိုင်-ဒေါ်သိန်းချစ်)တို့၏မြေး၊ ရွှေပြည်သာမြို့နေ ဦးကျော်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)-(ဒေါ်ထား ရီ) တို့၏သားငယ်၊ မြိတ်မြို့၊ ကျွန်းစု မြို့နယ်နေ ဦးမောင်ကျော်-ဒေါ်မာမာ အေးတို့၏သားသမက်၊ ကျောက်တန်းမြို့ပြည်သူ့ဆေးရုံဝင်းနေ ဒေါက်တာ သဇင်ပြုံး၏ချစ်လှစွာသောခင်ပွန်း၊ မဆည်လည်းသံစဉ် (G-1.B၊အလက/ မြို့မ၊ ကျောက်တန်း)၏ ချစ်လှစွာသော မွေးသဖခင်၊ (ဦးဖိုးသာထူး)-ဒေါ်မြင့် မြင့်ခိုင်၊ ဒေါ်စောယဉ်မွန်(စူး)(Shwe FM)၊ (ဦးသက်နိုင်ဦး-ဒေါ်အေးသန္တာ)၊ (ဦးမင်းနိုင်)-ဒေါ်မူမူသန်းတို့၏ညီ/မောင်၊ တကက(စရ) ထွန်းထွန်းဇော် (လ. ဆ. ရ-၅၊ဖောင်ကြီး)-ဒေါ်ခင်ဆွေလှိုင်တို့၏အစ်ကို၊ တူ/တူမ ၁၀ ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏ဘိုးလေး ဦးအောင်ထူး (ခ) တေးရေး ထေက်သည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းမီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအပ်ပါသည်။ [ကွယ် လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ကျောက် တန်းပြည်သူ့ဆေးရုံဝင်း အတွင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးဝင်းမြင့် (ပြင်ဦးလွင်မြို့)

ရဲမှူးကြီး (ငြိမ်း)

အသက် (၈၃) နှစ်

ဦးလေးအရင်းတမျှ ချစ်ခင်လေးစားရပါသော ဦးလေးဦးဝင်းမြင့် ရဲမှူးကြီး(ငြိမ်း)၊ (ချယ်ရီမြေဘိုးဘွားရိပ်သာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ-ငြိမ်း)သည် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း
ထက်လင်းဆေးတိုက်နှင့် ရွှေခေါင်းပေါင်းဆေးတိုက်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပြုံးကြည်(တာဝန်ခံသူနာပြုဆရာမကြီး -ငြိမ်း)

အသက် (၇၅) နှစ်

သူငယ်ချင်း ကျော်တင်ရှိန်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန)၏မိခင်ဖြစ်သူ ဒေါ်ပြုံးကြည်သည် ၂၇-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ
သူငယ်ချင်းများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရွှေဂုံတိုင်ကျောင်းတိုက်နာယကချုပ်ဆရာတော်

ဘဒ္ဒန္တ ဇနက (အဖျောက်)

သိက္ခာတော်(၆၈)ဝါ၊ သက်တော်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အဖျောက်ကျောင်းသစ်ကျောင်း ဆရာတော် သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ ဘဒ္ဒန္တဇနကမဟာထေရ်သူမြတ်သည် (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်)၊ ၂၇-၉-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်)၊ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိ ဈာပနပူဇော်မည်ဖြစ်ပါကြောင်း။ (ရွှေဂုံတိုင်ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဒုတိယရဲမှူးကြီးဝင်းမြင့် (ငြိမ်း) လ-၄၁၀၉၅

အသက် (၈၃) နှစ်

စာရေးဆရာရဲမင်းသူ၊ စိုးမိုးသူ၊ဥက္ကဋ္ဌ(ချယ်ရီမြေဘိုးဘွားရိပ်သာ)၊ ဥက္ကဋ္ဌ (အစိုးရအမှုထမ်းဟောင်း အငြိမ်းစားများအသင်း)၊ နာယက(မြို့နယ်စာရေး ဆရာအသင်း) ရန်ကုန်မြို့နေ (ဦးဘဦး-ဒေါ်မြမေ)တို့၏သားထွေး၊ ပြင်ဦးလွင်မြို့၊ အမှတ်(၁၃၄/က)၊ ရွှေဘုံသာလမ်း၊ (၉)ရပ်ကွက်နေ (ဦးအောင်ကိုကို)-ဒုရဲမှူး ငွေးဦးခင်(ငြိမ်း)၊ ဦးထွန်းကိုကို-ဒေါ်မေတင်ဇာအောင်၊ ဗိုလ်မှူးငွေးလှိုင်ဦး(ငြိမ်း)- ဒေါ်မြတ်စုသက်(ခ) ပပဝင်းတို့၏မွေးသဖခင်၊ ဗိုလ်ကြီးရဲမင်းဦး၊ မဝင်းဝါဝါလှိုင်၊ မဣန္ဒနီလာအောင်တို့၏အဘိုး၊ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ပြင်ဦး လွင်မြို့ ချယ်ရီမြေဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့သူ ဒုတိယရဲမှူးကြီး ဝင်းမြင့်(ငြိမ်း)သည် ၂၈-၉-၂၀၁၇ ရက် နံနက် ၅း၂၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၃၀-၉-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ (၈)မိုင်သုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa Stephen Thang Suanh (၈၃)နှစ်

P/O တပ်မတော်-ရေ (ငြိမ်း)

SUANTE BEH,Y.C.C.F

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ လယ်ယာ(၄) ရပ်ကွက်၊ အမှတ်(၁/က)နေ (Pu Son Thawng-Pi Cingh Huai)တို့၏သား၊ (Nu Anna Khai Thei Cing)၏ချစ်လှစွာသောခင်ပွန်း၊ Nu Huai Lam Cing-Pa Cin Lang,Pa Thawng Sian Mang(B.A,Hist)-Nu Khup Suan Cing, Nu Thang Za Huai-Pa Ngul Ngaih Piang, Nu Thang Khan Suan (AGTI-M.P,B.Sc-Math)-Nu Khoi Khan Luan,Pa Kam Za dal (AGTI-(M.P),B.Sc-Math,2nd Engineer KLC Shipping Co)-Daw Thida Hlaing Ngwe(M.Sc-Math,UFL,(Japan-Travel Creartor),Lia Hau Lun Cing (M.Sc-Bio,Tech),(Tg.Ngin Za Mung),Lia Ciin San Nuam (B.Sc-Zoo),Tg.Tual Khan Pau (B.Sc-Math)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ (U Kim Khaw Kam-Daw Nem Hau)တို့၏ညီ၊ U.E Vungh Tual-Daw Vung Khan Ciin တို့၏အစ်ကို၊ မြေး ၁၁ ယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၆း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၃၀-၉-၂၀၁၇ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်၌ မစ္ဆားတရားပူဇော်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဖာတီမာဘုရားရှိခိုးကျောင်း၊ နေအိမ်၊ ယုဇနဥယျာဉ်ပိတောက်ကွေ့နှင့် လှိုင် သာယာမန္တလေးလမ်းတို့မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသောင်းလှိုင် (ခရမ်း)

အသက် (၈၀)

ဒုတိယမန်နေဂျာ(ငြိမ်း)၊ လယ်စိုက်ရှင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးသိန်းထွန်း-ဒေါ်တင်)တို့၏ သား၊ (ဦးမောင်ညွန့်-ဒေါ်တောရင်)တို့၏သားသမက်၊ ဒေါ်လှကြည်၏ချစ်လှစွာ သောခင်ပွန်း၊ (ဦးချစ်)-ဒေါ်သန်းနု၊ (ဦးသန်း)-ဒေါ်ရင်ရွှေ၊ (ဦးသက်ရှည်- ဒေါ်ကျင်စိန်)၊ ဦးစိုးသန်း-ဒေါ်စန်းရီ၊ ဦးအုန်းငွေ-ဒေါ်ခင်အုန်းမြင့်၊ ဦးခင် မောင်မြင့်-ဒေါ်သန်းနွဲ့တို့၏အစ်ကို၊ Steven Lee(ဦးစိုးတင့်)-ဒေါ်ရင်ရင်မြင့် (USA)၊ ဦးအောင်လွင်-ဒေါ်နွယ်နွယ်ဝင်း(ခရမ်းသား-သစ်ရောင်းဝယ်ရေး)၊ ဦးအောင် ချိုငြိမ်း-ဒေါ်မြင့်သက်ခိုင်(ချိုငြိမ်း-စားသောက်ဆိုင်)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ခရမ်းမြို့၊ ခရမ်းသား သစ်ရောင်းဝယ်ရေးမှကားများ နံနက် ၁၀နာရီနှင့်မရမ်းကုန်းမြို့နယ်၊သာယာအေး ၃လမ်းနေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးမင်းညွန့် (ငြိမ်း)

ကြည်း-၁၁၅၉၁ (OTS-39)

အသက် (၇၆) နှစ်

မြင်းခြံမြို့နေ (ဦးမြရွှေ-ဒေါ်ဟန်မေ) တို့၏သား၊ ရန်ကုန်မြို့နေ [ဗိုလ်ကြီးတင်ကြည်(ငြိမ်း)-ဒေါ်ဒွန်းလှ]တို့၏သားသမက်၊ (ဦးကံမြင့်)-ဒေါ်ဖွား မြိုင် တို့၏မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဲခူးကလပ်ရိပ်သာနေ ဒေါ်လှမြင့် ကြည်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ခင်ပွန်း၊ ရဲမှူးကျော်ဇော်ဇော်-ဒေါ်ယုသန္တာမြင့်၊ ဒေါ်ငြိမ်ငြိမ်သဥ္ဇာ(ဌာနစုမှူး-၁၊ ဒုတိယ အတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဗိုလ်ကြီးဇင်အောင်တို့၏ဖခင်၊ မအေး ယုဇော်၏အဘိုး ဗိုလ်မှူးမင်းညွန့်(ငြိမ်း)သည် ၂၇-၉-၂၀၁၇ ရက် ည ၁၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀၌ ၁-၁၀-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် သရဏဂုံတင်ပြီး မွန်းလွဲ ၁ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မိမိခိုင်

အသက် (၆၅) နှစ်

Canada နိုင်ငံ Torontoမြို့နေ ဦးမင်းသန့် ၏ ဇနီး၊ ဒေါက်တာ သက်သက်ဇင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)၏ ချစ်လှစွာ သော ညီမသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန် သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များ စက်တင်ဘာ ၂၉၊ ၃၀ တွင် ကျင်းပမည်

ရတနာပုံနှင့် ရန်ကုန်အသင်း ၂၀၁၆ ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့စဉ်။

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို စက်တင်ဘာ ၂၉၊ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ တွေ့ဆုံလျက်ရှိရာ မြန်မာဘောလုံးပရိသတ်များ ပွဲကောင်းများ ခံစားနိုင်တော့မည်ဖြစ်သည်။

ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်း၊ စက်တင်ဘာ ၃၀ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၈၊ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ယနေ့ယှဉ်ပြိုင်ကစားမည့် ရှမ်းယူနိုက်တက်အသင်းနှင့်

စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ❋

သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ရခိုင်ပြည်နယ်ခရီးစဉ် ရွှေ့ဆိုင်း အောက်တိုဘာ ၂ ရက်တွင် သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၈

ရခိုင်ပြည်နယ် မောင်တောဒေသသို့ နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၈ ရက်တွင် လေယာဉ်ဖြင့် စစ်တွေမြို့မှတစ်ဆင့် သွားရောက်ရန် စီစဉ်ခဲ့သော်လည်း ရာသီဥတုအခြေအနေနှင့် သံတမန်အဖွဲ့အကြီးအကဲ၏ မေတ္တာရပ်ခံချက်ကြောင့် သွားရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်တွင် ပါရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းအား ဆက်သွယ်မေးမြန်းခဲ့ရာ "ကျွန်တော်တို့ အခုခရီးစဉ်ကို သံတမန်တွေရယ်၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေရယ် စုစုပေါင်း ၄၈ ဦး သွားရောက်ဖို့ စီစဉ်ခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ မနက် ၆ နာရီမှာ ရန်ကုန်လေဆိပ်မှာ ကျွန်တော်တို့ ရောက်ရှိပါတယ်။ စစ်တွေဘက်က ရာသီဥတုမကောင်းလို့ လေယာဉ်မထွက်နိုင်ခဲ့ပါဘူး။

"ဒါနဲ့ မနက် ၈ နာရီလောက်မှာ သံတမန်အဖွဲ့ နာယကနဲ့ အဖွဲ့က ကျွန်တော်တို့ကို ဒီနေ့ ရာသီဥတုမကောင်းတာမို့ မသွားတော့ဖို့၊ ဒီနေ့ ခရီးစဉ်ကို ဖျက်သိမ်းပေးဖို့ လာရောက်မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့က သံတမန်အားလုံးနဲ့တွေ့ဆုံပြီး သဘောထားမေးမြန်းကြည့်ခဲ့ပါတယ်။ အဲဒီမှာ အများစုရဲ့ဆန္ဒအရ ဒီနေ့ခရီးစဉ်ကို ရွှေ့ဆိုင်းဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်ခရီးစဉ်ကိုသွားရောက်ဖို့ သံတမန်တွေရဲ့မေတ္တာရပ်ခံချက်အရ အောက်တိုဘာ ၂ ရက်(တနင်္လာနေ့)မှာ သွားရောက်ဖို့ ပြောင်းလဲစီစဉ်ခဲ့ပါတယ်"ဟု ပြောကြားသည်။ **(သတင်းစဉ်)**

ယခုလကုန်အထိ မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ လေးဘီလီယံကျော်အထိ ရှိလာ

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် လုပ်ငန်း ၁၂၉ ခုအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်အထိ ရောက်ရှိလာခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ အမေရိကန်ဒေါ်လာ ၃၅၄၆ ဒသမ ၈၉၈ သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၁၃၁ ဒသမ ၀၈ သန်း စီးဝင်ခဲ့သည်။ ယင်းအပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် အထူးစီးပွားရေးဇုန်ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၀၈ သန်း ဝင်ရောက်မှုရှိခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၃၄၅ ဒသမ ၁၅၉ သန်းဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၂)အရ ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း ၅၄ ခု၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်း ၂၂ ခု၊ အတည်ပြုမိန့် ထုတ်ပေးခဲ့သည့်လုပ်ငန်း ၅၃ ခုဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး (၁၃/၂၀၁၇)ကို စက်တင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးတွင် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၀၃ ဒသမ ၃၉၁ သန်း၊ ပြည်တွင်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၃၂၀၃ ခုကို ဖန်တီးပေးခဲ့ကြောင်း သိရသည်။ အဆိုပါခွင့်ပြုလုပ်ငန်း ကိုးခုတွင် စက်မှုကဏ္ဍ လုပ်ငန်း ခုနစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ တစ်ခုနှင့် အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ တစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ စက်တင်ဘာလအထိ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

လှိုင်သာယာစက်မှုဇုန်၌ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ဖိနပ်စက်ရုံလုပ်ငန်းခွင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ - HKTDC)*

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ အထက(၃)နှင်းဆီခန်း ပဉ္စမတန်းမှ မောင်ဘုန်းမြတ်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ[၅/ဘတလ(နိုင်)၁၄၀၁၂၂] ဖြစ်ပါကြောင်း။

ဦးမြင့်ရွှေ

ဖခင်အမည်မှန်

ပုသိမ်မြို့နယ်၊ ချောင်းသာ အထက ဒသမတန်း(A)မှ မမေဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး [၁၄/ပသန(နိုင်)၀၈၈၉၉၂] ဖြစ်ပါကြောင်း။

ဦးခင်မောင်ဦး

Yangon Golf Club

Hole In One Club

HOLE IN ONE

Congratulation Chit Khaing!

Congratulation to our member below who shot a Hole-In-One while Playing on 24th september, 2017(at Hole No.11) at Yangon Golf Club.

ဝန်ထမ်းအလိုရှိသည်

အရောင်းဝန်ထမ်း၊ အမျိုးသမီး(၅)ဦး အမြန်အလိုရှိသည်။
ဆက်သွယ်ရန်-အမှတ်(၁၅၄)၊ အနော်ရထာလမ်းမ၊ (၄၆)လမ်းနှင့် (၄၇)လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ (လစာကောင်းမည်။)
ဖုန်း-၀၁-၂၉၄၃၅၈၊ ၀၉-၇၈၆၆၉၀၈၄၇၊ ၀၉-၉၇၅၂၅၈၇၇၉

Care Support Clover Co.,Ltd

သူနာပြုအကူ (၃)ဦး အလိုရှိသည်။
တက္ကသိုလ် ပထမနှစ်အောင်မြင်ပြီးသူ (သို့) ဘွဲ့ရပြီးသူဖြစ်လျှင် Japan နိုင်ငံသို့ သွားရောက် ပညာတော်သင် စေလွှတ်ရန် အခွင့်အလမ်းများလည်းရှိသည်။
အမှတ်(၂၈)၊ သုခမြိုင်(၁)လမ်း၊ (၈)ရပ်ကွက်၊ သုခကားမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၀၆၃၅၉၆၄၊ ၀၉-၂၅၀၂၃၄၁၀၈

CHUNIL ITC Company Ltd.Com

Position		Salary
1. Accountant	F(1P)	Negotiable
2. Storekeeper	M/F(2P)	Negotiable
3.Sale & Marketing	M/F(5P)	Negotiable
4.Air Con(ကျွမ်းကျင်)	M(1P)	Negotiable

Ph:09-254381654,09-254346910

SUPERIOR INTERNATIONAL TRADING CO.,LTD

ရန်ကုန်ရုံးချုပ်

၁။ Sales & Marketing ရောင်း/မောင်း ကျား (၅)ဦး
[၁၀တန်းအောင်ပြီးသူဖြစ်၍လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်]

၂။ Sales & Marketing ကျား(၇)ဦး
[၁၀တန်းအောင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။]

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၄၅၁)၊ ပထမထပ်၊ ဘိုကလေးဈေးလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၅၇၈၃/၀၁-၃၉၂၁၉၉/၃၈၀၉၂၂
ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း (နံနက်၉း၀၀နာရီမှ ညနေ၅း၀၀နာရီ)အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ ဒသမတန်း(A_1)မှ မဇာခြည်တင့်၏ ဖခင်အမည်မှန်မှာ ဦးရင်ရီအမ်း [၅/ခတန(ပြု)၀၀၀၁၃၅] ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အလက(ခွဲ-သာဂရ)၊ ပဉ္စမတန်းမှ မောင်ဝေဖြိုးလင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း[၁/ဝမန(နိုင်)၁၀၈၀၂၁]ဖြစ်ပါသည်။

အမည်မှန်

ဦးဆေပေါင်း၏သား၊ ဝိုင်းမော်မြို့၊ အလက(ခွဲ-သာဂရ)၊ ဒုတိယတန်းမှ မောင်နေလင်းအောင်၏ အမည်မှန်မှာ မောင်အောင်မိန်းဖြစ်ပါသည်။

တစ်ချက်တည်းကျင်းဝင်
(ရန်ကုန်ဂေါက်အသင်း၊ တည်းကုန်း)

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်၊ ညနေ ၃း၄၀နာရီတွင် ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ဦးချစ်ခိုင်သည် ၎င်း၏ ကစားဖော်များဖြစ်ကြသော ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဦးခိုင်စိုးသာ၊ ဗိုလ်မှူးကြီး စိန်သန်း၊ ဦးအောင်ဒိုင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)ကို (၁၂၃)ကိုက်အကွာမှ SRIXON No(3) ဘောလုံးအား SRIXON Iron No(5)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

Main Branch - No. 663/665 Mahabandoola Road, Between Latha St & 20th St, Yangon Ph: 01-371944, 01-371454, 01-371425

Branches - Taw Win Center, Junction Square Shopping Center, Gamone Pwint (Ga Bar Aye), Ocean Supercenter (Shwe Gone Daing), Myanmar Plaza (HAGL), Junction City, City Mall

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၁၈နှင့် ဆက်နွယ်သည့်
၂၀၁၇ခုနှစ်၊ တရားမဇာရီမှုအမှတ်–၉၃

STRAITS TRADING CO.,LTD (၎င်း၏ကိုယ်စား ကုမ္ပဏီဒါရိုက်တာ ဦးကျော်စွာ) နှင့် ဦးရဲထွဋ်အောင်

ဒီကရီအနိုင်ရသူ **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်ရွာမ၊ ဘုရင့်နောင်ရိပ်သာ (၃)လမ်း၊ အမှတ်(၉၅)နေ ဦးရဲထွဋ်အောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၁၂ရက်၊ (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ– ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၃၀နှင့် ဆက်နွယ်သည့်
၂၀၁၇ခုနှစ်၊ တရားမဇာရီမှုအမှတ်–၉၄

STRAITS TRANDING CO.,LTD (၎င်း၏ကိုယ်စား ကုမ္ပဏီဒါရိုက်တာ ဦးကျော်စွာ) နှင့် ၁။ ဦးတင်ဇော်ထက် ၂။ ဒေါ်သဇ္ဇာထွန်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်(၅၄)၊ ပထမထပ်နေ ဦးတင်ဇော်ထက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နယ်၊ အနောက်ချောင်းရိုးရပ်ကွက်/ကျေးရွာနေ ဒေါ်သဇ္ဇာထွန်း(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၁၂ရက်(၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၆/၂၀၁၇)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(က)	DMP/L-065(17-18)	Spares for SJS Serva (TPB 600) Cementing Unit(I) Item	Ks
(ခ)	DMP/L-066(17-18)	Spares for Retest Factory (54) Items	Ks
(ဂ)	DMP/L-067(17-18)	PAC-R (50) MT	Ks
(ဃ)	DMP/L-068(17-18)	Spare Tools for Drilling Equipment (17)Items	Ks
(င)	DMP/L-069(17-18)	Spares for Dispenser(SAFE) (16) Items	Ks
(စ)	DMP/L-070(17-18)	Spares for Dispenser(China) (19) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၇ရက် (၁၆း၃၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၂၀၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ Max Highway Co.,Ltd.မှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ရန်ကုန်-ပြည် လမ်းတိုးချဲ့ခြင်းစီမံကိန်းများအတွက် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခွဲကျောက်ရှယ်စုံ

(ခ) ကျောက်စရစ် (မြစ်ကျောက်)

(ဂ) သဲ

(ဃ) တောင်မြေ

၂။ တင်ဒါတင်သွင်းရာ၌ ခွဲကျောက်ရှယ်စုံ၊ ကျောက်စရစ်၊ မြစ်ကျောက်၊ သဲတို့အား တင်ဒါ(၁)စောင် တောင်မြေအတွက် တင်ဒါ(၁)စောင်စီ သီးခြားခွဲတင်ရမည်။

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၆၇၀၈၉၁၊ ၀၁-၉၆၇၀၈၉၂၊ ၀၁-၉၆၇၀၈၉၃ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် - ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့)
- ညနေ ၄း၀၀နာရီ

၅။ တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန် - ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)
- မွန်းလွဲ ၂း၀၀နာရီ

၆။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - A-2-No (6,7,8,9,10)၊ သီရိရတနာ လက်လီ/လက်ကား ဈေးဝင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

အမွေဆိုင်များနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမွေသည်ဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း(ခ)ချိတ်(CJ-၀၀၅၂၁၀)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ သူမ၏ဖခင်ဖြစ်သူ Mr.SHAWKET ALI KADERနှင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်ကြီး(Khatiza Bi Bi)တို့၏သားသမီး(၄)ဦးအနက် သမီးအကြီးဆုံးဖြစ်ပါသည်။ သမီးများမှာ ဒေါ်ကြည်ကြည်ဝင်း၊ Mush Tag(၂၀၀၇ခုနှစ်တွင် ကွယ်လွန်)၊ ဒေါ်လှဲလှဲဝင်း(ခ)မိုင်နှင့် ဦးမျိုးအောင်(ခ)Liaqat Aliတို့ဖြစ်ကြပါသည်။

ဖခင်ဖြစ်သူ Mr.SHAWKET ALI KADER သည်(၁၉၉၅)ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်ခင်ခင်ကြီး(Khatiza Bi Bi)မှာလည်း ဒုတိယအိမ်ထောင်ဖြစ်သူ ဟာဂျီဦးသိန်းနှင့်လက်ထပ်ပေါင်းသင်းခဲ့ရာမှ သားသမီး(၂)ဦးဖြစ်သော ဦးမင်းအောင်နှင့် ဒေါ်မိုးစန္ဒာသိန်းတို့ကို မွေးဖွားခဲ့ပါသည်။ ထို့သို့ ဟာဂျီဦးသိန်းနှင့်လက်ထပ်ပေါင်းသင်းစဉ်က ဟာဂျီဦးသိန်းဘက်မှ သား(၂)ဦးဖြစ်သော ဦးမင်းသိန်းနှင့် ဦးမျိုးသိန်းတို့ပါရှိလာကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်အမွေသည်၏မိခင်ဖြစ်သူ ဒေါ်ခင်ခင်ကြီး(Khatiza Bi Bi)သည် ပထမအိမ်ထောင်မှပါလာသော ပါရင်းပစ္စည်းများဖြစ်သည့် ငွေသားနှင့် စိန်၊ ရွှေ လက်ဝတ်ရတနာပစ္စည်းအမြောက်အမြားပါရှိခဲ့ရာ ဟာဂျီဦးသိန်းနှင့် လက်ထပ်ပေါင်းသင်းပြီးနောက်ပိုင်းတွင် ဒေါ်ခင်ခင်ကြီး(Khatiza Bi Bi)၏ ပါရင်းပစ္စည်းအချို့ကိုထုခွဲရောင်းချ၍ မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့်-အမှတ်(၅)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်ဟုခေါ်တွင်သည့် "ပုလဲမန်ရှင်" ဖွင့်လှစ်ထားသည့် မြေကွက်နှင့်အဆောက်အအုံ၊ အမှတ်-၁၀၇/E၊ ဗဟိုလမ်း(ယခင်-ရှမ်းလမ်း)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့်အဆောက်အအုံ၊ အမှတ်-(၆၆/၆၈)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်(မြေကွက်အမှတ်-၆၇)ဟုခေါ်တွင်သော မြေကွက်နှင့်ဗိုလ်တထောင်မြို့နယ်ရှိ မြေကွက်နှင့်(၃)ထပ်တိုက် အဆောက်အအုံတို့အပြင် ပြင်ဦးလွင်မြို့ရှိ မြေကွက်(၂)ကွက်နှင့် သံတွဲမြို့နယ် ငပလီဟိုတယ်ဇုန်ရှိ မြေကွက်တို့ကို ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ခဲ့ပါသည်။ ထို့အပြင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအဖြစ်-ဒေါ်ခင်ခင်ကြီး(Khatiza Bi Bi)အမည်ဖြင့် ဘဏ်တွင်အပ်နှံထားသော ငွေသားများနှင့် ရွှေဖြင့်ပြုလုပ်ထားသောစိန်ထည်လက်ဝတ်ရတနာများနှင့် ရွှေ+မြဖြင့်ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာအမြောက်အမြား ကျန်ရှိခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ဟာဂျီဦးသိန်းသည် ၁၆-၁-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့ပြီးနောက် မိခင်ဖြစ်သူဒေါ်ခင်ခင်ကြီး(Khatiza Bi Bi)မှာလည်း ၁၀-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ထို့သို့ကွယ်လွန်ချိန်အထိ မိဘများမှ သေတမ်းစာရေးသားပြီး ပေးအပ်ခဲ့ခြင်းမရှိကြောင်း ညွှန်ကြားချက်အရသိရှိရပါသည်။

အမွေရှင်များ ကွယ်လွန်ပြီးနောက် ကျန်ရစ်သူအမွေစားအမွေခံ သားသမီးများအနေဖြင့် ကျန်ရစ်သော အထက်ပါ အမွေပစ္စည်းများကို အစ္စလာမ်တရားတော်အရ မည်သို့မည်ပုံခွဲဝေစားရမည်ဖြစ်ကြောင်း ကျွန်ုပ်၏အမွေသည်ဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း(ခ)ချိတ်ကအတိုလေး-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်သို့ ဖတ်ဝါမေ့သတ်မေးမြန်းခဲ့ရာမှသတ် ဖြေကြားချက်ပါ အမွေဝေစုခံစားပိုင်ခွင့် အချိုးအစားအလိုက် ရှရီအသင်္ဂတရားတော်နှင့်အညီ ခွဲဝေရယူလိုကြောင်း အမွေဆိုင်များအား အသိပေးအကြောင်းကြားတော်ဆိုလိုက်ပါသည်။

သို့ပါ၍ အထက်ပါအမွေဆိုင်ပစ္စည်းများအား အမွေဆိုင်ဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း(ခ)ချိတ်၏ အတိအလင်း သဘောတူညွှန်ပြချက်မရရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း အဆောက်အအုံ သစ်ဆောက်လုပ်ခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်းစသည့် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ(လုံး၀)မပြုလုပ်ရန် သတိပေး တားမြစ်ပါသည်။ လိုက်နာရန် ပျက်ကွက်ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ပါကြောင်း အမွေဆိုင်များနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမောင်မောင်ထွန်း B.A(LAW),LL.B(Advocate) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၅၃)
အမှတ်(၂၄/အေ)၊ ဒုတိယထပ်၊ ပုသိမ်ညွှန့်(၇)လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၂၃၈၂၂

ကြေးမုံကူတစ်ဆိုက်ကြီး စောကက်လှမ်လှူဒါန်းနေမှုပြီ

[illegible]

* လုပ်ငန်းလုပ်ရန် နေရာကောင်းများအမြန်ငှားမည် *

[illegible]	23' x 60'	3RC,	5000 $
[illegible]	50' x 60'	GF,	65 သိန်း
[illegible]	40' x 60'	3RC,	50 သိန်း
[illegible]	25' x 50'	2RC,	45 သိန်း
[illegible]	30' x 50'	GF,	30 သိန်း
[illegible]	18' x 60'	GF+1F,	25 သိန်း
[illegible]	20' x 60'	GF,	20 သိန်း
[illegible]	18' x 50'	GF,	15 သိန်း
[illegible]	20' x 60'	GF,	13 သိန်း

;09 773221022, 09777720166, 09777720163

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အကွက်အမှတ်(၁၅၁)၊ ပုလဲငွေရောင်(၂၀×၂၁)လမ်းကြား၊ အမှတ်(၈၃×၈၆) နေ ဒေါ်သဇင်(ဘ)ဦးခင်ဝင်း[၉/အမဇ(နိုင်)၀၁၉၁၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေမှ "JAPAN RAMEN YAMATO"အမည်ဖြင့် အသင့်စားခေါက်ဆွဲ အမျိုးမျိုး(အစို/အခြောက်)မျိုးစုံနှင့် ဂျပန်အစားအစာ မျိုးစုံကို ယခုအောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်ပုံစံဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါအမှတ်တံဆိပ်ကို အသင့်စားခေါက်ဆွဲအမျိုးမျိုး(အစို/အခြောက်)မျိုးစုံနှင့် ဂျပန်အစားအစာအမျိုးမျိုးတို့ကို ကိုယ်တိုင်ဆိုင်ဖွင့်လှစ်ရောင်းချရာတွင်လည်းကောင်း၊ ဖြန့်ဖြူးရောင်းချရာတွင်လည်းကောင်း အမည်အမှတ်အသား အသုံးပြုခြင်း၊ ကုန်ပစ္စည်းများထုပ်ပိုးခြင်း ပုံစံအမျိုးမျိုး (ပလတ်စတစ်အိတ်၊ ဂုပ်ဘူးများ၊ စက္ကူဘူးများ)အပေါ်တွင်လည်းကောင်း၊ စာချုပ်စာတမ်း၊ ဆိုင်းဘုတ်၊ စလိုက်မ်း၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေပြေစာ၊ ဘောက်ချာဖြတ်ပိုင်းများတွင် ရိုက်နှိပ်/ကပ်နှိပ်၍လည်းကောင်း၊ online ကြော်ငြာများတွင်လည်းကောင်း၊ ရုပ်သံလိုင်းအစီအစဉ်များတွင်လည်းကောင်း ကြော်ငြာများ ထည့်သွင်းကြော်ငြာရာတွင် အထက်အမည်နာမ အမှတ်တံဆိပ်ကို အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဤကုန်အမှတ်တံဆိပ် အမှတ်တံဆိပ် အမည်နာမနှင့် ပတ်သက်၍ ကျွန်ုပ်တို့မှ ဤသတင်းစာတွင် ကန့်ကွက်ရန်ရှိ/မရှိ ထည့်သွင်းကြေညာပြီး ကန့်ကွက်ရန်မရှိပါက ကုန်အမှတ်တံဆိပ် အမည်နာမကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းမည်ဖြစ်ပါ၍ ဤကြေညာပါသည့် နေ့ရက်မှစ၍ (၁)ပတ်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဆက်သွယ်၍ဖြစ်စေ၊ အကြောင်းညီဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်မီပြီး ကန့်ကွက်ရန်မရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက် မှတ်ပုံတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကြိုင်	**ဒေါ်မြတ်စုရည်**	**ဒေါ်သန္တာစိုး**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၂၉၇၆၉)	**(စဉ်-၁၃၀၉၉/၂၀၀၇)**	**(စဉ်-၈၄၂၅/၂၀၁၂)**

သော်တာလမင်း Law Firm, အမှတ်(၃၈၅/၃၈၉)၊ ၁၁ထပ်၊ အခန်း(ဘီ)၊ ဝဂိုဘယ်လ်တာဝါ၊ ပန်းဆိုးတန်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ (၄)ရပ် ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၇၃၆၉၃၊ ၀၉-၅၁၀၆၈၈၀၃၊ ၀၉-၇၃၁၅၅၈၅၂။ Email-thawdarlaminlawfirm@gmail.com

ယောနယ်အသင်း(ရန်ကုန်)
ယောမထေရ်ကြီးပူဇော်ပွဲနှင့် စာအောင်ဆုချီးမြှင့်ပွဲ

ယောနယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ (၃၉)ကြိမ်မြောက် ယောသံဃာတော်များအား ပူဇော်ကန်တော့ပွဲနှင့် စာအောင်ဆုချီးမြှင့်ပွဲတွင် **တိပိဋကဓရ မွေ့ဘဏ္ဍာဂါရိက (ယော)ဆရာတော်** ဦးဆောင်၍ စာအောင်ဆုချီးမြှင့်ပြီး၊ အနုမောဒနာ တရားတော်ကြားနာမည်ဖြစ်ပါ၍ (ဂန့်ဂေါ၊ ကလေး၊ ထီးလင်း၊ ဆော၊ ကျောက်ထု)ယောနယ်သူ/သားများနှင့် ဓမ္မမိတ်ဆွေများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်/အချိန် - ၁၅-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီ
ကျင်းပမည့်နေရာ - အဘိဓမ္မာပြန့်ပွားရေး (ရတနာသုခရိပ်သာ်တော်) မွေ့ရုံသစ်ကြီး၊ အမှတ်(၄၉-၅၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ (၃-လမ်းမှတ်တိုင်အနီး)

စာအောင်အရှင်မြတ်များသည် ဥက္ကဋ္ဌ- ဦးအေးမောင်(ဖုန်း-၂၄၀၆၁၄၊ ၀၉-၄၄၃၀၂၆၃၆၆)၊ ဒုဥက္ကဋ္ဌ ဦးအောင်မြ (ဖုန်း-၃၈၆၄၄၇)၊ အတွင်းရေးမှူး-ဦးသာလှ (ဖုန်း-၀၉-၁၀၀၀၆၉၅၁၊ ၃၈၀၄၄၈)တို့ထံ လျှောက်လွှာပြည့်စုံစွာ ဖြည့်စွက်၍ ၅-၁၀-၂၀၁၇ရက် နောက်ဆုံးထား၍ တင်သွင်းတော်မူပါရန်နှင့် အလှူရှင်များ အလှူငွေ/ပစ္စည်းများကို အမှုဆောင်များထံ ကြိုတင် စာရင်းပေးလှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ

မသန်စွမ်းသူများအတွက်(အထူး)အခွင့်အရေးကောင်း
အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသား/သူခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာနနှင့် AAR Japan တို့ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်ဂျပန်နည်းပညာ စက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများကို တစ်နှစ်လျှင်(၃)ကြိမ်အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ(အသက်၁၈နှစ်မှ ၄၀နှစ်အတွင်း)လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင်နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းသား/သူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/ဆရာမများနှင့် အဆောင်မှူးများမှ ကြိုးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR Japan သက်မွေးပညာသင်တန်းကျောင်းတွင် အခမဲ့ရယူ နိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

ပထမအပတ်စဉ် ၂၀၁၈ခုနှစ်သင်တန်းအတွက်

လျှောက်လွှာပိတ်မည့်ရက်	- ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၃၁ရက်။
သင်တန်းကာလ	- ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၂ရက်မှ ၂၀၁၈ခုနှစ်၊ ဧပြီလ ၁၀ရက်အထိ
ဆက်သွယ်စုံစမ်းရန်လိပ်စာ	- AAR Japan မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်း အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းမွေလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၄၄၃၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

'စက်မှုသစ်ကုန်ကြမ်းရရှိရေး၊တရားဝင်သစ်တောထွက်ပစ္စည်းဖြစ်ကြောင်းထောက်ခံချက်၊ အခွန်နှင့်ဘဏ်လုပ်ငန်းစနစ်များတွင် တွေ့ကြုံနေရသောစိန်ခေါ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက်တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲအခမ်းအနား' သို့တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းသည် သစ်တောထွက်ပစ္စည်းကဏ္ဍရှိ စက်မှုသစ်ကုန်ကြမ်းရရှိရေး၊ တရားဝင်သစ်တောထွက်ပစ္စည်းဖြစ်ကြောင်းထောက်ခံချက်၊ အခွန်နှင့်ဘဏ်လုပ်ငန်းစနစ်များတွင် တွေ့ကြုံနေရသောစိန်ခေါ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲအခမ်းအနားအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားပါမည်-

ကျင်းပမည့်နေ့ရက်	-	၂ - ၁၀ - ၂၀၁၇ (တနင်္လာနေ့)
ကျင်းပမည့်အချိန်	-	နံနက် (၀၉ း ၀၀) နာရီ မှ ညနေ(၀၅ း ၀၀)
ကျင်းပမည့်နေရာ	-	IBC ၊ပြည်လမ်း၊ ၆ မိုင်ခွဲ၊ ရန်ကုန်။

၂။ အဆိုပါဆွေးနွေးပွဲအခမ်းအနားသို့မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ အသင်းဝင်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များ မည်သူမဆိုတက်ရောက်နိုင်ပါရန်ဖိတ်ကြားအပ်ပါသည်။

ဆွေးနွေးပွဲကျင်းပရေးဆပ်ကော်မတီ
မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

ထယ်သီအောင်မြင်သူတို့ရဲ့စာသင်ကျောင်း...

မဟာ

အခမဲ့သင်တက္ကသိုလ်သင်တန်း

ပထမနှစ်၊ ဒုတိယနှစ် အောင်မြင်သူ ကျောင်းသား/သူများအတွက် အနီးကပ်ပြင်ဆင်သင်တန်း

(၃.၁၀.၂၀၁၇ မှ ၁၃.၁၀.၂၀၁၇ နေ့အထိ)

အမှတ် -၁၁(A)၊ မြေညီထပ်၊ လှည်းတန်း (၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၀၄၈၆၁၊ ၀၁-၅၀၄၃၆၀၊ ၀၁-၂၃၀၄၃၅၄၊ ၀၉-၄၃၁၆၈၀၃၅။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် ဇော်ဘလိတ်စားသွားဆူကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်း၊
(နှင်းဆီကုန်းဘုံဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေခံ
ခွံနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381

အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဥဿာဒလလမ်း။
Ph: 09-5425251, 09-73225484

အရောင်းခန်းမ(၃) - အမှတ်(၂၄၀)၊ အင်းရွှေမြင်းဖြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်[၁၂/ဗဟန(နိုင်)၁၀၉၁၉၂] နှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင် (PP.538431492) (ယာယီသက်သေခံအမှတ်-C/RGN 00443)၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်နှင့် ဦးမင်းဆွေတင် (ခ) ဦးညီညီဆွေတင်တို့မှာ ဦးဆွေတင်နှင့် ဒေါ်ကြည်ကြည်ဒိုင်တို့က မွေးဖွားသော သားသမီးအရင်းအချာများ ဖြစ်ကြပါသည်။

ဖခင်ကြီး ဦးဆွေတင်သည် (၂၀၁၁) ခုနှစ်က ကွယ်လွန်ခဲ့ပြီး မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်မှာ ယခုအခါ သက်ရှိထင်ရှားရှိနေလျက် အသက် (၉၀)ကျော်အရွယ် အိုမင်းမစွမ်း ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးအခြေအနေမကောင်းသူ ဖြစ်ပါသည်။

ဖခင်ကြီး ဦးဆွေတင် ကွယ်လွန်ပြီးနောက် ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်နှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်အားလုံးတို့ကို မြန်မာဓလေ့ထုံးတမ်းနှင့်အညီ မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်က အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။

မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်သည် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကောင်းမွန်နေခဲ့သည့်အချိန်တွင် သမီးဖြစ်သူ ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင်နှင့် သားဖြစ်သူ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်တို့အား နောက်နောင်အချိန်တွင် အမွေကိစ္စများ အရှုပ်အရှင်းကင်းဝေးစေရန် ရည်ရွယ်ချက်ဖြင့် မိခင်ကြီး၏ဝတ္တရား ချစ်ခြင်းမေတ္တာတို့နှင့်အညီ ရှေ့နေရှေ့ရပ်များ သက်သေလူကြီးများရှေ့မှောက်စုံညီ ရှေ့တွင် ၁၄-၁၂-၂၀၁၃ ရက်စွဲပါ မိသားစုစီမံမှု ပုံသေပေးအပ်ခြင်းကတိစာချုပ်တစ်ရပ် ချုပ်ဆိုလက်မှတ်ရေးထိုး၍ မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်နှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့အနက်မှ သမီးကြီး ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်ကို (၁)ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၆၁) ဟု ခေါ်တွင်သော မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၂) MOB ဘဏ်တွင် အပ်နှံထားသော ဘဏ်စာရင်းအမှတ်-၀၀၁. ၁၂၂၀၀၃၈၁၆၈ ဖြင့် အပ်နှံထားသော ငွေကျပ်သိန်း (၃၀၈၁၉၀၀၅၅. ၈၄)၏ ထက်ဝက်တိတိဖြစ်သောငွေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၃) CB Bank တွင် အပ်နှံထားသော ဘဏ်စာရင်းအမှတ်-၀၁၃၂၀၅၇၇၂၉ တွင် အပ်နှံထားသော ငွေကျပ်သိန်း (၁၇၉၀၉၃၂၃၃)၏ ထက်ဝက်ဖြစ်သော ငွေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၄) ဗဟိုရိစည်ဆေးရုံ၏ အစုရှယ်ယာ (၄၀၀၀)ကျော် ရှိသည့်အနက်မှ ထက်ဝက်ဖြစ်သော အစုရှယ်ယာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၅) ပန်းချီကား(၁၀)ကားရှိသည့် အနက်မှ သုံးပုံတစ်ပုံတိတိ ရယူခံစားရန်၊ (၆) ပန်းပုရုပ်တုအားလုံးအနက်မှ သုံးပုံတစ်ပုံတိတိ ခံစားရယူရန် ပေးအပ်ခဲ့ပါသည်။

သားဖြစ်သူ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်ကို (၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၄၅)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၂) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်စျေးတန်းလမ်း၊ အမှတ်-(၁၅၂/၁၅၈) ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ၊ (၃) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သစ်တောလမ်း၊ ဦးပိုင်အမှတ်-(၆၇/ည)နှင့် မြေယာ (၁၈၇/၄၄၂ အက်ဖ်)၊ ခြံအမှတ်(၃၂၈)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး၊ (၄) MOB ဘဏ်တွင် အပ်နှံထားသော ဘဏ်စာရင်းအမှတ်-၀၀၁. ၁၂၂၀၀၃၈၁၆၈ ဖြင့် အပ်နှံထားသော ငွေကျပ် (၃၀၈၁၉၀၀၅၅. ၈၄)၏ ထက်ဝက်တိတိဖြစ်သော ငွေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၅) CB Bank တွင် အပ်နှံထားသော ဘဏ်စာရင်းအမှတ် -၀၁၃၂၀၅၇၇၂၉ တွင် အပ်နှံထားသော ငွေကျပ်(၁၇၉၀၉၃၂၃၃)၏ ထက်ဝက်ဖြစ်သော ငွေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၆) ဗဟိုရိစည်ဆေးရုံ၏ အစုရှယ်ယာ (၄၀၀၀)ကျော်ရှိသည့် အနက်မှ ထက်ဝက်ဖြစ်သော အစုရှယ်ယာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၇) ပန်းချီကား(၁၀)ကား ရှိသည့်အနက်မှ သုံးပုံတစ်ပုံတိတိရယူခံစားရန်၊ (၈) ပန်းပုရုပ်တုအားလုံးအနက်မှ သုံးပုံတစ်ပုံတိတိ ရယူခံစားရန်၊ (၉) တိုယိုတာကား ငွေရောင် (Caldina) ယာဉ်အမှတ်- (9B-9294) ဟုခေါ်တွင်သော မော်တော်ကားနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပုံသေပေးကမ်းထားခဲ့ပြီး ဖြစ်ပါသည်။

သားဖြစ်သူ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်သည် မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်က မိသားစုစီမံမှု ပုံသေပေးအပ်ခြင်း သဘောတူကတိစာချုပ်ပါ ၎င်းရထိုက်သည့် အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်နှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့ကို ရယူခံစားပြီးဖြစ်ပါသည်။

ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်သည် ထိုစဉ်က အမေရိကန်နိုင်ငံတွင် နေထိုင်သူဖြစ်သဖြင့် သူမရထိုက်ခွင့်ရှိသော အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်နှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့ကို မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်နှင့် ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်တို့ကို ယုံကြည်စိတ်ချစွာ အပ်နှံထားခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ နှစ်ဆန်းပိုင်လောက်တွင် ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်သည် အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိသော အစ်မဖြစ်သူ ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်ထံသို့ မြန်မာနိုင်ငံတွင် ၎င်းသည် နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားရယူပြီးဖြစ်ကြောင်း၊ မိခင်ကြီးမှာ အသက်အရွယ်အိုမင်းပြီး စိတ်ရောကိုယ်ပါ ကျန်းမာရေး မကောင်းတော့သဖြင့် ၎င်းအနေဖြင့် မြန်မာနိုင်ငံတွင် ပြန်လည်နေထိုင်ပြီး မိခင်ကြီးကို တာဝန်ယူစောင့်ရှောက်မည်ဖြစ်ကြောင်း၊ ယခုအခါ မိခင်ကြီးပိုင်ဆိုင်သမျှ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို သူတစ်ပါးတို့က မမှန်မကန်ပြုလုပ်ပြီး ရယူထားကြောင်း၊ သုံးစွဲနေကြကြောင်း၊ ထို့အတွက် အမွေပစ္စည်းများမဆုံးရှုံးစေရန်နှင့် ပြန်လည်ရယူရန်အတွက် တရားစွဲဆိုရမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ အမှုများစွဲဆိုပါက ၎င်းအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိခင်ကြီးထံမှလည်း ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင် အထွေထွေကိုယ်စားလှယ်လွှဲစာတစ်စောင် ပြုလုပ်ရယူထားပြီးဖြစ်ကြောင်းနှင့် အစ်မအနေဖြင့် အမေရိကန်နိုင်ငံတွင် နေထိုင်သူဖြစ်၍ မြန်မာနိုင်ငံတွင် လာရောက်နေထိုင်သူမဟုတ်သောကြောင့် အမွေပုံပစ္စည်းကိစ္စရပ်များအတွက် နိုင်ငံခြားမှ (Court Power Of Attorney) တစ်စောင်ကို တရားဝင်လုပ်ပေးရန်နှင့် ၎င်းအပေါ် အစစအရာရာ ယုံကြည်စိတ်ချပါရန် ပြောဆိုမှုကို ယုံကြည်သဖြင့် ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင်က မောင်ဖြစ်သူ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်ကို အမေရိကန်နိုင်ငံမှ ၂၇-၄-၂၀၁၆ ရက်စွဲပါ (Court Power Of Attorney) တစ်စောင်ကို တရားဝင် ပြုလုပ်ပေးခဲ့ပါသည်။

ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင်သည် မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်ထံသို့ နှစ်စဉ်လာရောက် စောင့်ရှောက်ကြည့်ရှုနေထိုင်လေ့ရှိသည့်အတိုင်း မြန်မာနိုင်ငံသို့ ၁၈-၈-၂၀၁၇ ရက် လာရောက်ခဲ့ရာ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်၏ ပြောဆိုမှုဆက်ဆံမှုများမှာ ပြောင်းလဲနေသဖြင့် စုံစမ်းရာမှ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင်သည် မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၁၀၄၂/၂၀၁၅)နှင့် ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်က ၎င်းကို လွှဲအပ်ထားသည့် (Court Power Of Attorney) တို့ကို ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင်ကို အသိပေးသဘောတူညီတောင်းခံမှုမရှိဘဲ ၎င်းအပါအဝင် မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်နှင့် အစ်မဖြစ်သူ ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင်တို့က တရားလိုပြုလုပ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တွင် တရားမကြီးမှုအမှတ်- (၅၀/၂၀၁၆) ဖြင့် ၁၄-၁၂-၂၀၁၃ ရက်စွဲပါ မိသားစုစီမံမှု ပုံသေပေးအပ်ခြင်း သဘောတူကတိစာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုထားကြောင်း သိရှိရသည့်အပြင် ဖော်ပြပါ ၁၄-၁၂-၂၀၁၃ ရက်စွဲပါ ပုံသေပေးအပ်ခြင်း သဘောတူကတိစာချုပ်အရ ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင် ပိုင်ဆိုင်ရယူခွင့်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၆၁)ဟုခေါ်တွင်သော အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ မြေကွက်တို့ကို ဦးမင်းဆွေတင်(ခ) ဦးညီညီဆွေတင် အမည်ဖြင့် မှတ်ပုံတင်ပေးကမ်းခြင်းစာချုပ်တစ်စောင် ချုပ်ဆိုထားကြောင်း သိရှိခဲ့ရပါသည်။

ထို့အတွက် ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်က ဦးမင်းဆွေတင်(ခ) ဦးညီညီဆွေတင် အပေါ် ယုံကြည်မှုလုံးဝ မရှိပါတော့သဖြင့် မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်က ၁၄-၁၂-၂၀၁၃ ပါ မိသားစု စီမံမှု ပုံသေပေးအပ်ခြင်း သဘောတူ ကတိစာချုပ်အရ ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင် ရယူခံစားခွင့်ရှိသော-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၆၁)ဟု ခေါ်တွင်သော မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) MOB ဘဏ်တွင် ဘဏ်စာရင်းအမှတ်-၀၀၁၁၂၂၀၀၃၈၁၆ ဖြင့် အပ်နှံထားသည့် ငွေကျပ် (၃၀၈၁၉၀၀၅၅. ၈၄) ၏ ထက်ဝက်တိတိဖြစ်သော ငွေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၃) CB Bank တွင် ဘဏ်စာရင်းအမှတ်-၀၁၃၂၀၅၇၇၂၉ ဖြင့် အပ်နှံထားသည့် ငွေကျပ်(၁၇၉၀၉၃၂၃၃)၏ ထက်ဝက် ရထိုက်သည်ဖြစ်သော ငွေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၄) ဗဟိုရိစည်ဆေးရုံ၏ အစုရှယ်ယာ (၄၀၀၀) ကျော်ရှိသည့်အနက်မှ ထက်ဝက်တိတိဖြစ်သော အစုရှယ်ယာနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို-

ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်စာရင်းရှင်း လက်ရောက်ပေးအပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဤကြေညာပါသည့်နေ့ရက်မှ စတင်ပြီး ဦးမင်းဆွေတင် (ခ) ဦးညီညီဆွေတင်က ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်ထံမှ မမှန်မကန်ပြောဆိုပြီး ရယူသွားခဲ့သည့် ၂၇-၄-၂၀၁၆ ရက်စွဲပါ (Court Power Of Attorney) အား ပြန်လည်ရုပ်သိမ်းကြောင်း တရားဝင် အသိပေးကြေညာအပ်ပါသည်။

ထို့ပြင် အထက်ဖော်ပြပါ ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင် အနေဖြင့် ဆက်ခံပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့နှင့် စပ်လျဉ်းပြီး အသက်အရွယ် အိုမင်းမစွမ်း ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကောင်းမွန်ခြင်းမရှိသည့် မိခင်ကြီး ဒေါ်ကြည်ကြည်ဒိုင်အမည်ကိုအသုံးပြုပြီး ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ဦးမင်းဆွေတင်(ခ)ဦးညီညီဆွေတင် အနေဖြင့် ဆောင်ရွက်ထားရှိမှုများအပေါ် ဒေါ်စန္ဒြာတင့်(ခ)ဒေါ်စန္ဒြာဆွေတင်က အသိအမှတ်ပြု လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ထိုကဲ့သို့ ဆောင်ရွက်ထားရှိမှုများအပေါ် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးအေးအောင်	**ဒေါ်ညွန့်ညွန့်သန်း**	**ဒေါ်သီတာစိုး**
(စဉ်-၅၀၃၆)	**(စဉ်-၇၈၁၉)**	**(စဉ်-၈၁၉၆)**
ဖုန်း-၀၉-၅၀၇၈၄၉၃	**ဖုန်း-၀၉-၉၇၂၁၇၅၀၈၁**	**ဖုန်း-၀၉-၇၃၀၆၆၅၄၈**
ဒေါ်အိအိငြိမ်း	**ဒေါ်ခင်သီတာလွင်**	
(စဉ်-၁၁၈၀၁)	**(စဉ်-၁၀၈၀၆)**	
ဖုန်း-၀၉-၅၀၁၃၈၂၈	**ဖုန်း-၀၉-၄၂၅၀၁၈၆၈၄**	

တရားလွှတ်တော်ရှေ့နေများ

အောင်မင်္ဂလာ

အိပ်ခန်း၊ ရုံးခန်းများကို ကားနှင့်အတူ ကျွမ်းကျင် ဝန်ထမ်းများဖြင့် မြို့တွင်း နယ်ဝေး ပြောင်းရွှေ့ ဝန်ဆောင်မှုပေးပါသည်။

Ph:09 428 77 33 00
09 428 77 33 55
09 428 77 33 88

မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၈-၉-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁၀-၂၀၁၇ရက်
- ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၂

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
(ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး) ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၂၄
နှင့်ဆက်နွယ်သည့်
၂၀၁၇ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၉

ဒေါ်ပွင့်မာ	၁။ ဖြိုးမြင့်မိုးမော်တော်ကားရောင်းဝယ်ရေး Co.,Ltd
နှင့်	၂။ ဦးထွန်းသူရိန်လှ
(တရားနိုင်)	**(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြင်သော်တာအိမ်ရာ၊ (၂/မြောက်)ရပ်ကွက်၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၀၀၂)နေ (ယခုနေရပ်လိပ်စာမသိသူ) တရားရှုံး ဖြိုးမြင့်မိုးမော်တော်ကားရောင်းဝယ်ရေး Co,Ltd သိစေရမည်။

(ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး) တရားမကြီးမှုအမှတ်-၇၂၄/၂၀၁၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင်တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင် ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၂၀ရက် (၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးအောင်)
ဒုတိယခရိုင်တရားသူကြီး(၁၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

နိုင်ငံ့သေသပ်လှပ ဈေးနှုန်းချိုသာသော......

